မြဝတီ နေ့စဉ်

တိုင်းပြည်၏စတုတ္ထမဏ္ဍိုင်ကိုဖော်ဆောင်ပေးသည် မြဝတီ

မြတ်ဗုဒ္ဓ၏ အဆုံးအမ တရား

စိတ်သည် အရာရာကိုဦးဆောင်၏။ စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။ စိတ်သည် အရာရာကိုပြီးစီးစေ၏။ ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆို ပါလျှင် ချမ်းသာစေနိုင်၏။ အေးမြသော အရိပ်သည် အစဉ်လိုက်ပါသည်နှင့် တူ၏။ ဓမ္မပဒ

ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

■ www.myawady.net.mm
■ E-mail:mwddailynewspapergroup@gmail.com

■ အတွဲ(၁၆)၊ အမှတ်(၁၈၆)

■ ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက်၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က လာရောက်ဂါရဝပြုတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကိုဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် နိပ္ပန်ဖောင်ဒေးရှင်းဂုဏ်ထူးဆောင်ဥက္ကဋ္ဌ အနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီကြိုးပမ်းဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံ၌ လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရေးအတွက် နိပ္ပန်ဖောင်ဒေးရှင်းမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် နိပ္ပန်ဖောင်ဒေးရှင်း ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ Mr. Yohei SASAKAWA အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

မုံရွာစက်မှုဇုန်ရှိ ရွှေကုံကော် ဝါကြိတ်စက်ရုံမှ တစ်ရက်လျှင် ကုန်ချော ၄၅၀ ပိဿာ ထုတ်လုပ်ပေးလျက်ရှိ

မုံရွာ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာစက်မှုဇုန်အတွင်းရှိ လုပ်ကိုင်ဆောင်ရွက်နေသည့် ဝါကြိတ်စက်ရုံလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်မီသည့် အဆင့်မြှင့်ကုန်ချောပစ္စည်းများဖြင့် အဝတ်အထည်များ ထုတ်လုပ်ကာ ကုန်ထုတ်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဝါစိုက်တောင်သူများ စီးပွားရေးအဆင်ပြေကာ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် မုံရွာစက်မှုဇုန်ရှိရွှေကုံကော် ဝါကြိတ်စက်ရုံမှ တစ်ရက်လျှင် ကုန်ချော ၄၅၀ ပိဿာထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၀ ကော်လံ ၁➤

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ယာဉ်များအတွက် ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးပေးလျက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၀

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေစေရန်အတွက် "က" ကုန်စည်ယာဉ် ၁၂၇၅ စီး၊ "ခ" ခရီးသည်တင်ယာဉ် YBS ၅၅၁၆ စီး နှင့် အခြား ၆၄၂ စီး၊ "ဂ" စင်းလုံးငှား၊ Taxi ၁၇၉၉၁ စီး၊ "ဃ"ကြိုပို့ယာဉ်

စာမျက်နှာ ၈ ကော်လံ ၁ ●

လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၂၀

ယနေ့ည ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော တမီးလ်နာဒူးကမ်းခြေတို့တွင် နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/၈လ)

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံးဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများ ဗီယက်နမ်နိုင်ငံ ဟန္ဒိုင်းမြို့ရှိ တက္ကသိုလ်များသို့ သွားရောက်လေ့လာ



နေပြည်တော် အောက်တိုဘာ ၂၀

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲတို့တွင် တစ်နိုင်ငံလုံး ဘာသာတွဲအလိုက် အမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများကို နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်စေလွှတ်ခဲ့ရာ

စာမျက်နှာ ၅ ကော်လံ ၁❖

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ ကျင်းပ

စာ - ၇ သို့

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

ဆောင်းပါး စာ - ၁၃ သို့

နေပြည်တော်နှင့်မန္တလေးမြို့ အနီးတစ်ဝိုက်

နေရာကွက်ကျားမိုးအနည်းငယ်ထစ်ချန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်

နေရာကွက်ကျားမိုးထစ်ချန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ (မိုး/၈လ)

အယ်ဒီတာ့အာဘော်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၂၁ ရက်

နိုင်ငံ့ဂုဏ်ဆောင်ယဉ်ကျေးမှုလှူဘောင်

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့်တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော် တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး"** စသည့် ဦးတည်ချက်(၄)ရပ်ဖြင့် နေပြည်တော်တွင် အောက်တိုဘာလ ၂၁ ရက်မှ ၂၉ ရက်အထိစည်ကားသိုက်မြိုက်စွာကျင်းပပြီဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ဂုဏ်ဒြပ်နှင့်အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမ ယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့်ရှေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျသည့်အချက်ဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ရှေးနှစ်ပေါင်းများစွာကတည်းက တည်တံ့ဖြစ်ထွန်းခဲ့သည့် ယဉ်ကျေးမှုအနုသုခုမပညာရပ်များကို ယနေ့ထက်တိုင် အရှည်တည်တံ့ခိုင်မြဲပြီး ရှေးမူရှေးဟန်မပျက် ဖော်ထုတ်ပြသနေနိုင်သည်မှာ မိမိတို့နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာ့အလယ်တွင် မြင်သာစွာပြသနေခြင်းပင်ဖြစ်သည်။

ခေတ်အဆက်ဆက်မြန်မာဘိုးဘွားတို့၏ တီထွင်ကြိုးပမ်းအားထုတ်မှုနှင့် အစဉ်အလာကောင်းများကြောင့် မြန်မာ့သမိုင်းတစ်လျှောက်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများသည် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများဖြင့် ကမ္ဘာ့အလယ်တွင်ထူးထူးခြားခြား ထည်ထည်ဝါဝါရပ်တည်နိုင်ခဲ့ကြသည်။ မျက်မှောက်ခေတ်တိုင်အောင် မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက်ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့်ကျေးဇူးများကြောင့်ပင်ဖြစ်သည်။

ရှေးအစဉ်အလာကောင်းများကိုအတုယူပြီး မြန်မာတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုအရင်းအမြစ်များ၊ တန်ဖိုးထားမှုစံနှုန်းများ မှေးမှိန်ကျဆင်းမသွားအောင် ဆက်လက်ထိန်းသိမ်းမြှင့်တင်ရန်မှာ မိမိတို့ အမွေခံမျိုးဆက်သစ်များ၏ အမျိုးသားရေးတာဝန်နှင့် ဝတ္တရားပင်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုနယ်ပယ်တွင် အဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များသည် သီခြားဂုဏ်ရည်၊ သီးသန့်မူဟန်များဖြင့်ဖြစ်ထွန်းနေခြင်းရှိသကဲ့သို့ အဆိုနှင့်အက၊ အကနှင့်အတီး၊ အတီးနှင့်အဆို၊ အဆိုနှင့်အရေး ပညာရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်စပ်လျက်ရှိပြီး အပြန်အလှန်ထိန်းကွပ်မှု၊ အပြန်အလှန်ပံ့ပိုးမှုများဖြင့် တင့်တင့်တယ်တယ် ဆက်စပ်ဖြစ်ထွန်းနေခြင်းဖြစ်သည်။

မျိုးဆက်သစ်ဆိုသည်မှာ အမျိုးကိုဆက်မည့်လူသစ်များဟု တိုက်ရိုက်အဓိပ္ပာယ်ထွက်သည်။ မျိုးဆက်သစ်သည် အစဉ်အလာတို့ကို မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်မည့်လူသစ်များ၊ မိမိတို့စံချိန်စံညွှန်းတို့ကို လျော့ကျမသွားအောင်၊ တိုးတက်အောင် လေ့ကျင့်ကြိုးစားနေမည့်သူများ၊ မိမိတို့၏ မျိုးရိုးဇာတိကို တောက်ပြောင်အောင်မြှင့်တင်ပေးနေမည့်သူများဟု အဓိပ္ပာယ်ရသည်။ အဘက်ဘက်တွင် မျိုးဆက်သစ်များထွန်းကားလာစေရန် နိုင်ငံတော်အစိုးရက ပြုစုပျိုးထောင်အားပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များလည်းပါဝင်သည်။

မျိုးဆက်သစ်တို့သည် မျိုးချစ်စိတ်ကိုအခြေခံလျက် အနာဂတ်ဂီတခေတ်ကို ဦးဆောင်ကြရပေမည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် နိုင်ငံတစ်ဝန်းမှ မြန်မာ့ဂီတကို ချစ်မြတ်နိုးစွာတတ်မြောက်သူများကိုမြေတောင်မြှောက်ပေးနေသည့် နိုင်ငံတော်အဆင့်ပွဲတော်ကြီးဖြစ်၍ နိုင်ငံ့ဂုဏ်ဆောင်ယဉ်ကျေးမှုလှူဘောင်တစ်ရပ်ပေါ်ထွန်းပါစေကြောင်း။

၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ - ၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် -

၁။ ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော် ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

သဇင် (FM) အသံလွှင့်အစီအစဉ်
၂၁-၁၀ -၂၀၂၆(ဗုဒ္ဓဟူးနေ့)

၁။	၀၉:၀၀	Market News	၄။	၁၄:၅၀	The Health For Public
၂။	၁၁:၅၀	နွယ်မြက်သစ်ပင်ဆေးဖက်ဝင်	၅။	၁၅:၃၀	Music Time
၃။	၁၃:၃၀	ပြည်သူ့ကြားက ပြည်သူ့စကား	၆။	၂၁:၄၀	ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ သတင်းဌာန

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး (မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး (အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း (ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း
စာတည်းအဖွဲ့ (မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်နှင်းဝတ်ရည်ဖွေး၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့ (အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့ (နေပြည်တော်) - ဦးစံမင်းသူ၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့ (ရန်ကုန်) - ဦးရဲစိုးအောင်

Online Newspaper

နေပြည်တော်
စာတည်းအဖွဲ့၊ ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊ ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့၊ ကြော်ငြာ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊ ၂၉ x ၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ (ရုံးခွဲ)
တာဝန်ခံ ၀၉-၄၄၄၄၁၈၆၉၁၊ ၀၃၄-၇၃၆၀၁ လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup@gmail.com
Website - www.myawady.net.mm

လားရှိုးခရိုင် လူထုအခြေပြုဗဟိုဌာန၌ လူသုံးကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်

လားရှိုး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်ဦးစီးဌာနမှ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးမှားလာစေရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရေးနှင့် သွင်းကုန်အစားထိုးလူသုံးကုန်ပစ္စည်းများ တစ်နိုင်တစ်ပိုင်ထုတ်လုပ်၍ ဈေးကွက်အတွင်း ထိုးဖောက်ရောင်းချနိုင်စေရေး ရည်ရွယ်ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို အောက်တိုဘာလ ၁၉ ရက်က လားရှိုးမြို့ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက အမှာစကား ပြောကြားရာတွင် ယနေ့ခေတ်သည် နည်းပညာတိုးတက်ပြောင်းလဲနေသည့်ခေတ်ဖြစ်သည့်အတွက် အသိပညာ၊ အတတ်ပညာနှင့် လက်တွေ့ကျွမ်းကျင်မှုများကို အစဉ်မပြတ်လေ့လာဆည်းပူးရန် အရေးကြီးကြောင်း၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်မှုနည်းပညာသည် မိမိတို့၏ နေ့စဉ်လူနေမှုဘဝနှင့် တိုက်ရိုက်သက်ဆိုင်သကဲ့သို့ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများ ဖန်တီးပေးနိုင်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နည်းပညာနှင့် အတူ စည်းကမ်းရှိမှု၊ တာဝန်ယူမှု၊ ကြိုးစားအားထုတ်မှုနှင့် တီထွင်လိုစိတ်များကို မွေးမြူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများကို သင်ထောက်ကူပစ္စည်းများနှင့် ကုန်ကြမ်းပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းတွင် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာများအကြောင်း၊ လူသုံးကုန်လုပ်ငန်းသုံး ဓာတုဗေဒပစ္စည်းများအကြောင်း၊ အဝတ်လျှော်ဆပ်ပြာရည်၊ ပန်းကန်ဆေးဆပ်ပြာရည်၊



ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်၊ Body Scrub၊ မျက်နှာသစ်ဆပ်ပြာခဲအမျိုးမျိုး၊ ကိုယ်တိုက်ဆပ်ပြာ၊ ပရုတ်ဆီ၊ မှန်ကြည်ဆေး၊ လက်ဆေးဆပ်ပြာရည် စသည့် လူသုံးကုန် ထုတ်လုပ်နည်းများကို အောက်တိုဘာလ ၁၉ ရက်မှ ၂၃ ရက်အထိ စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးလျက်ရှိပြီး သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးတက်ရောက်လျက်ရှိသည်။

ထို့ပြင် သင်တန်းပြီးဆုံးပါက လုပ်ငန်းများ ထူထောင်လုပ်ကိုင်လိုသူများကိုစီစစ်ရွေးချယ်၍ ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

လူမော်(ပြန်/ဆက်)

ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

ကျေးသီး အောက်တိုဘာ ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှားခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စိုက်ပျိုးသီးနှံများ စွေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန်ရည်ရွယ်၍ မွေတော်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း၊ တံတားဖောက်လုပ်နေမှုကို အောက်တိုဘာလ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ (နည်းပညာ) ဒေါ်သိဂီဝင်းနှင့် အင်ဂျင်နီယာ ဝန်ထမ်းများသည် မွေတော်ကျေးရွာ၌ အရှည် ၂ မိုင်၊ အကျယ် ၁၂ ပေ၊ မြေသားထု ၂ ပေ၊ သဲဖြူနုံထု ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ယင်းလမ်းရှိအလျား ၅ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၅ ပေရှိ Slab Culvert ကုန်ထုတ်တံတားတည်ဆောက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း၊ တံတား ဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေကျပ် ၂၂၇ ဒသမ ၉၁၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ကာရံ(ကျေးလက်)

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေရှားပါးမှုပြဿနာများလျော့နည်းစေရန် ကြိုတင်ပြင်ဆင်



ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်း အယ်လ်နီညိုဖြစ်စဉ်ကြောင့် ရင်ဆိုင်တွေ့ကြုံနိုင်သည့် ရေရှားပါးမှုပြဿနာများ လျော့နည်းစေရန် ရေလှောင်တမံများတွင် ရေသိုလှောင်ထားရှိမှုကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြောင်း ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ယင်းသို့ ဆောင်ရွက်ထားရှိမှုကို အောက်တိုဘာလ ၁၉ ရက်က ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းထိုက်နှင့်တာဝန်ရှိသူများသည် သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်ရှိ ဘန့်ဘွေးကုန်းနှင့် ဇာမဏီအင်းရေလှောင်တမံများတွင် ကန်ရေပြည့်ပမာဏထက်ပိုမို၍ ရေသိုလှောင်ထားရှိမှုအခြေအနေများနှင့် တမံ၊ ရေထုတ်ပြွန်၊ ရေပိုလွှဲများ၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယခုကဲ့သို့ ရေလှောင်တမံများတွင် ရေပြည့်ဝစွာ သိုလှောင်ထားရှိခြင်းဖြင့် တောင်သူများအတွက် စိုက်ပျိုးရေ၊ ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စက်မှုလုပ်ငန်းသုံးရေများကို လုံလောက်စွာ ဆက်လက်ပေးဝေနိုင်မည်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ကြံ့ကြံ့ခံနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ရေလှောင်တမံများသည် ဒေသတွင်း သောက်သုံးရေနှင့်စိုက်ပျိုးရေ ဖူလုံရေးအတွက် အရေးပါသည့် ရေအရင်းအမြစ်များ ဖြစ်ကြပြီး မိုးရာသီကာလတွင် တမံများ၌ မိုးရေကို စုဆောင်းသိုလှောင်ပေးခြင်းဖြင့် တမံအောက်ပိုင်းမြေနိမ့်ရပ်ကွက်နှင့် စိုက်ခင်းများ ရေကြီးနစ်မြုပ်မှုကိုသက်သာစေကာ နွေရာသီကာလ ရေရှားပါးသည့်အချိန်များတွင် ဒေသခံပြည်သူများအတွက် သောက်သုံးရေနှင့် စက်မှုလုပ်ငန်းသုံးရေများကို ဖူလုံစွာဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရေအရင်းအမြစ်များဖြစ်သော လှော်ကားရေလှောင်ကန်၊ ဂျိုးဖြူရေလှောင်ကန်၊ ဖူးကြီးရေလှောင်ကန်၊ ငမိုးရိပ်ရေသန့်စင်စက်ရုံ(ညောင်နှစ်ပင်)၊ လဝွန်းပြင်ရေသန့်စင်စက်ရုံ၊ သဲဖြူ၊ ရန်ကုန်ပေါက်မြေအောက်ရေပေးဝေရေးစခန်းနှစ်ခုမှ ရန်ကုန်မြို့နေပြည်သူလူထုအတွက် နေ့စဉ်သောက်သုံးရေ ဂါလန် ၂၄၄ သန်း ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

လင်းခန့်

ပွင့်ဖြူမြို့နယ်၌ ဖူးစားပြောင်းကေအားလုံး ရိတ်သိမ်းပြီးစီး တစ်ဧကလျှင် အဖူးရေ ၁၄၀၀၀ ကျော်ထွက်ရှိ

ပွင့်ဖြူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ဖူးစားပြောင်းဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် အဖူးရေ ၁၄၀၀၀ ကျော် ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ပြောကြားချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းဧက ၂၇၈၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါဖူးစားပြောင်း စိုက်ခင်းများကို ယခုနှစ် စက်တင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ လက်ရှိတွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်းဧက ၂၇၈၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးခဲ့တဲ့ ဖူးစားပြောင်းစိုက်ခင်းတွေ ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ တစ်ဧကကို အဖူးရေ ၁၄၃၅၀ ထွက်ရှိပါတယ်။ ဖူးစားပြောင်းစိုက်ခင်းတွေ အောင်မြင်ဖြစ်ထွန်းဖို့၊ အထွက်နှုန်းကောင်းဖို့ တောင်သူတွေကို ကွင်းဆင်းကြီးကြပ်ပြီး ပိုးမွှားရောဂါကျရောက်မှုကင်းဝေးအောင် အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဒေါ်မိုးမိုးဝေကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းစိုက်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်နည်းစနစ်များမှန်ကန်စေရေး စသည့် စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သဖြင့် ဖူးစားပြောင်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။


ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားရေရိက္ခာ ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)



စစ်သူကြီး မဟာမင်းထင်နော်ရထာ

ကြည်မင်းဝေ



ယမန်နေ့မှအဆက်

“အမေပိုက်လည်း ထိုင်ပါခင်ဗျာ၊ ကျွန်တော့်ကို ရွှေနန်းတော်ဘုရင်ထီး ဘုရားထံမှ အမိန့်တော်အခေါ် သဝဏ် လွှာရောက်လာလို့ နံနက်အရုဏ်တက်မှာ ရွှေပြည်တော်ကို အရောက်ပြန်ရပါလိမ့်မယ်၊ ကျွန်တော် အခုလာတာကတော့ အမေပိုက်နဲ့ အဘဖိုးမင်တို့ နားနဲ့မသင့်သော်လည်း ခြေဖြင့်သင့်ကာ နားထောင်ကြပါရော့”

ရွှေနန်းထက်၌ ဘုရားထူး ဒူးတုပ်စကား ကိုလည်း အပိုလုပ်မပြော အမြဲတမ်း ဓားထမ်း၍ ခပ်ကြမ်းကြမ်းအမူတော်ထမ်း နေရသည့် သက်တော်စောင့် ဝင်းတော်မှူး စစ်သားပီပီလိုရာကိုသာ ပြတ်တောင်းစွာ ပြောနေသည်။ ဘုရင့်တပ်မှူးကြီးတစ်ဦး ရှေ့၌ ရောက်နေကြသည့် မပန်းဝါ၏ မိခင်၊ ဖခင်တော်သူတော်သား ရိုးရိုးအအကြီးများ ခမျာ စံနက်ကျော်စကားများကို ဘာမျှ နားမလည်နိုင်ကြသေးဘဲ မည်သည့်စကား မျှလည်း မမေးရဲဖြစ်နေကြရာ သူ့အတွက် နှင့် မျက်နှာငယ်နေကြရသော အဘနှင့် အစ်မအတွက် ပန်းဝါမျက်ရည်တို့ တာကျိုး သို့ ကျလာလေသည်။

“ကျွန်တော်ဒီမှာ တာဝန်နဲ့လာရင်း ဦးကြီးတို့အိမ်မှာ တည်းအိမ်စားအိမ် အဖြစ်တည်းခဲ့ရတာ ကျေးဇူးမမေ့ပါဘူး။ အခု ကျွန်တော်ပြောမယ့်စကားကလည်း ကျေးဇူးမသိ၍ပြောခြင်းမမည် ကျေးဇူး သိတတ်သည်ဟု မှတ်ယူကြပါ”

ယခုအချိန်ထိ သူ့စကားများကို အဘနှင့်အမိတို့ ဘာမျှနားမလည်ကြသေး သော်လည်း ပန်းဝါနားလည်ခဲ့လေပြီ။ အဘနှင့်အစ်မကို သနားလာ၏။ အိမ်ပေါ်မှ အပြေးဆင်းကာ အမိရင်ခွင်ခေါင်းထိုး ငိုရင်း အသံကုန်အော်ဟစ်လိုက်မိသည်။

“တော်ပါတော့ အစ်ကို ဆက်မပြော ပါနဲ့တော့၊ အစ်မ အစ်မ သမီးကို ခွင့်လွှတ် ကြပါ။ သမီးအမိုက်မကို သတ်လိုက်ကြပါ အီး ဟီး ဟီး”

“ဟဲ့သူငယ်မ ဘာဖြစ်လာတာလဲ၊ ဟိုမှာ တပ်မင်းရှိနေတယ်လေ၊ မထိတ်သာ မလန့်သာ ရှိလိုက်လေဟယ်”

“ဟင့် ဟင့် အဘ၊ အစ်မ ပန်းဝါကို ခွင့်လွှတ်ကြပါ။ သူ သမီးကို ပစ်ထားခဲ့ တော့မယ် ဟင့် ဟင့် ဟီး”

“ဟင်”

“အို ဘယ်လို သမီးရဲ့”

“ဟုတ်တယ် အစ်မတို့ပြောတဲ့ တပ်မင်း ဆိုတဲ့ မောင်ကြီးနဲ့ ပန်းဝါ ဟင့် ဟင့်”

“အလို ဘုရား ဘုရား”

“အခဲသလိုမဟုတ်ပါဘူး ပန်းဝါ၊ မောင်ကြီးပြန်လာမှာပါ၊ မောင်ကြီးသား ကို အသေအချာမွေးဖွားပါ၊ ဟောဒါက မီးဖွားစရိတ်၊ ရွာခြေလူတို့ အသံတိတ်စေ ဖို့ ပန်းဝါက ရွှေနန်းတော်တပ်မှူးကြီးရဲ့ မယားလို့ ကြွေးကြော်ပါလေ”

သူ့စကားကို နေ့ပင်မကူး မိန်းမချင်း သိပြီးကြသော သတင်းကြောင့် လာရောက် စပ်စုကြသဖြင့် ယခုပင် ကြားရသူ ပန်းဝါ သူငယ်ချင်းအပေါင်းက တပ်မင်းကြီး၏ ရင်သွေးကို တစ်ရွာလုံးက စောင့်ရောက် ပါ့မယ်ဟု ပြောကြသည်။

“ဒီလိုပါခင်ဗျာ၊ ကျွန်တော်က မင်းခ ယောကျ်ားတစ်ယောက်ပါ။ ဒါကြောင့် အမှုတော်တစ်ခု ကျေပွန်ပြီးတာနဲ့ ပန်းဝါ ကို ကျွန်တော်လာပြီး တောင်းရမ်းပါ့မယ်၊ အခုလောလောဆယ်တော့ ဦးကြီးတို့ တစ်ရွာလုံးကပဲ စောင့်ရှောက်ပေးထား ကြပါ။ ခုချိန်ကစပြီး ပန်းဝါက တပ်မင်း ကတော်ဖြစ်သွားပြီလို့ သဘောထားကြ ပါလို့”

စံနက်ကျော်က ထိုင်ရာမှထကာ ပန်းဝါ လက်လေးကို ဆွဲယူထူမလိုက်ပြီး သူ့ လက်မှ ကျောက်နီလက်စွပ်လေးကိုဝတ် ပေးလိုက်ကာ ဦးဖိုးမင်နှင့် ရွာလူကြီးများ ဘက်သို့ လှည့်လိုက်သည်။

“ဦးကြီးတို့ ကျွေးခဲ့တဲ့ထမင်းကို ကျွန် တော် ဘယ်တော့မျှမမေ့ပါ၊ ဟောဒါက ကျွန်တော့်ရဲ့ မင်္ဂလာလက်စွပ်ပါ။ ဘုရင် ထီးဘုရားကိုယ်တော်တိုင် သနားချီးမြှင့် ထားတဲ့ လက်ဝတ်တော်ပါ။ ခရီးဆက်ရ ဦးမှာဖြစ်လို့ မောင်ကြီးသွားမယ်ပန်းဝါ၊ ကျွန်တော့်ကို ခွင့်ပြုကြပါဦး”

ရဲမက်တစ်ယောက် အသင့်ဆွဲယူလာ သော မြင်းပေါ်သို့တက်လိုက်ပြီး ချစ်သူ ရှိရာသို့ မော့ကြည့်လိုက်သည်။ အိမ် အပေါ်ထပ် ပြတင်းပေါက်လေးမှ သူ့ကို ကြည့်နေသော မပန်းဝါ၏မျက်လုံးလေး များက မျက်ရည်ကြည်လေးများဖြင့် လရောင်ကြောင့် တလက်လက်တောက် နေ၏။ ရိုးသားလှသော တောသူတော သား ဦးဖိုးမင်တို့ခမျာ သမီးကို ဗိုက် တစ်လုံးနှင့်ထားခဲ့သော်လည်း အာဏာ ရှိသူ စစ်သူကြီး၏ခြေရင်းမြေတလင်း၌ ခေါင်းကလေးများ ငုံ့ထားကြသည်။

တိမ်မျှင်တန်းတို့ ဖြတ်သန်းလွှင့်နေ သော မှိန်ပျပျလရောင်အောက် တဖြည်း ဖြည်းအဝေးသို့ ရောက်သွားသော ဘုမသိ ဘမသိ ချစ်ခဲ့ရသူ လူညှပ်ကြီးကို ကြည့်ရင်း မျက်ရည်များဖြင့် မပန်းဝါ တစ်ယောက်ကျန်ရစ်ခဲ့ရှာလေသည်။

အချစ်ရေးကို ဦးစားပေးလိုသူမဟုတ်။ သို့သော် နဖူးစာရေစက်က ဤသို့ဖြစ်ရန် အတွက် ဓားကိုင်သည့်လက်ကို ယမ်းချက် ဖိုတွင် တာဝန်ကျပရမွတ္တဝါဘဝကိုပင် အပြစ်တင်ရန်ရှိသော်လည်း ယောကျ်ား ကောင်းပီသစွာဖြင့် မိမိကျူးခဲ့သည့်အမှု နှမသားချင်းစာလို့ အိမ်တော်အပါခေါ်ရ ပေတော့မည်။ လဝါဝါအပြန်လမ်း၌ သမု ဒယအမျှင်တန်းကာပါခဲ့သည်။

အရှင်နှစ်ပါး၏ လက်ကသုံးတောင်ပေး ကဲ့သို့ ချစ်ခြင်းကြောင့် စံနက်ကျော်မှာ ပေးသနားသည့် တာဝန်မလစ်ဟင်းရလေ အောင် အကုန်အစင်ထမ်းရွက်ရန်အတွက် နေပြည်တော်သို့ ခရီးဆက်ရပေတော့ မည်။ ညသည်သာယာညှင်းသွဲ့ ကြယ် ကလေးများစုံညီစွာ လင်းလက်နေကြသော် လည်း ဦးဖိုးလှိုင်ပြောသကဲ့သို့ပင် ကြယ် တံခွန်တောင်ပံပြတ်၍ လစန္ဒာမျက်တွင်း ငြိစွန်းနေချေပြီ။

မိမိငယ်စဉ်ကတည်းက ဖြတ်သွားခဲ့ရ သော မြို့ရွာကလေးများက ပြည်သူတို့၏ ဘဝများကား ဘာမျှတိုးတက်ပြောင်းလဲ ခြင်းမရှိကြ။ ဝါးအိမ်ငယ် ထန်းလက်တဲ သက်ငယ်မိုးနှင့်သာလျှင် အရိပ်မဲ့နေပူကျဲ ၌ ကျောမွဲကာ မဝရေစာ ကုန်းရုန်းရှာဖွေ နေကြရဆဲပင်။ သစ်သားအိမ် ရေနံချေး သုတ်နိုင်သူတို့က သူဌေးသူကြွယ်၊ အရာရှိ အရာခံတို့သာဖြစ်ကြပြီး ထိုအိမ်မျိုး ကလည်း တစ်လုံးစ၊ နှစ်လုံးစသာရှိကြ၏။ မြေအုတ်ခံတိုက်တာဆိုသည်မှာ ရွှေနန်း တော်ကြီးရှိရာ ရတနာပုံမန္တလေးရွှေမြို့ တော်ကဲ့သို့ နေရာမျိုး၌သာ လက်ချိုး ရေနိုင်မည်ဖြစ်သည်။ ပြည်သူတို့၏ဘဝ များမှာ ကျွန်စုပ်သည့်သရက်စေ့ပမာပင်၊ ရွှေရောင်၊ ငွေရောင်၊ ပတ္တမြားရောင်တို့ဖြင့် ထုံမွမ်းကာ မဟာဆီမဟာသွေး မိသား တစ်စုက ဆီဦးထောပတ်စားနေကြချိန် တွင် ပြည်သူအများစုမှာ ဆန်ကြမ်း၊ ပြောင်း၊ ပဲ ရောချက်ထားကြသော သုံးလွန်း တင် ထမင်းကိုပင် အနိုင်နိုင်စားနေကြရ သည်ကို စံနက်ကျော်သိခဲ့ရလေသည်။

ရွှေပြည်တော် အပြန်ခရီးတွင် သစ်တော ဝါးတောကြီးများ ပေါများရာ ငါန်းဇွန် ငါန်းမြာ ရွာစဉ်ရွာတန်းကြီးများအနီးက အရိပ်အာဝါသကောင်းနှင့် သွားရသည့် အပြင် ဘဝရှင်မင်းတရားကြီး၏ ခမည်း တော် သာယာဝတီမင်းတရားကြီး၏ အနောက်ဆောင်မိဖုရား ငါန်းမြာမိဖုရား စစ်သွေ့ကောင်းမှုဇရပ်ကြီးများ၌ နားခိုအိပ် စက်ရသည်ဖြစ်ရာ ရဲမက်များ သက်သောင့် သက်သာရှိပြီး လုံခြုံရေးအတွက်လည်း စိတ်ချရ၏။ ငါန်းမြာမိဖုရားကြီးကောင်းမှု ဇရပ်ကြီးများမှာ ဘုံနှစ်ဆင့်ပြာသဒ်များ နှင့် ကြီးမားခံ့ထည်သော ထုပ်စွပ်လျောက် စွပ်များဖြစ်ပြီး နဖူးစည်း၊ ဒူးတား၊ အကာ အရံများ၌ နိပါတ်တော်များ၊ ဗုဒ္ဓပုံတော် များ၊ ကောသလအိပ်မက်ပုံများကို နန်းမူ နန်းဟန်အပြည့်ရုပ်လုံးပန်းပုများ ထွင်း ထုထားခြင်းဖြစ်ရာ လွန်စွာခံ့ထည်လှ သည်။

စီးပွားရေး၊ လူမှုရေး၊ ပညာရေးအဘက် ဘက်က ချွတ်ခြုံကျနေသော်လည်း ရွှေနန်း တော်အတွင်း နယ်မြေတစ်ဝိုက်မှာဖြင့် ဝတ်လဲတော်အမျိုးမျိုး ပိုးရင်ဖုံးပိတ်ချော အင်္ကျီများနှင့် ပလွားနေကြသည်။ ဤ အချိန်ထိ ကျေးလက်တောင်သူအများစု၌ အမျိုးသားများက နံငယ်ခါးတောင်းကျိုက် ပုဆိုးကကွဲ ကျောကမွဲနှင့် ဇနီးမယား၊ သမီးပျိုကလေးများပင် ထမီရင်ရှားကာ အရှက်လုံရုံ ဝတ်ထားကြရှာ၏။ တစ်ရွာ ဝင် တစ်မြို့ထွက် ခရီးဆက်ကာ ပြည်သူ တို့၏ ဆင်းရဲမွဲတေမှုများကို တွေးရင်း ရတနာပုံရွှေမန္တလေးမြို့ကြီး တောင်ပြင် မြို့အရပ်များထဲမှ ဖြတ်သန်းခဲ့ကြလေ တော့သည်။

■■■■■

အခန်း(၆)

မြောက်ဥယျာဉ် အဋ္ဌာရသစခန်း

တစ်နှစ်နီးပါးမျှ ဝေးကွာခဲ့ရသော ရွှေမြို့တော်ကြီးက မည်သို့မျှပြောင်းလဲ မသွားပေ။ လေးပြင်လေးရပ် အပြင်ဘက် လမ်းများမှ ကြီးမားလှသည့် အညာမြေ အကြိုက် ကုက္ကိုပင်ကြီးများ၊ မန်ကျည်း ပင်ကြီးများ၊ ထနောင်းပင်ကြီးများက အုံ့ဆိုင်းညို့မည်းလျက် အရိပ်အာဝါသ ကောင်းလှသည်။ ရွှေကျုံးတော်လမ်းထက် ၌ ရောင်းဝယ်ဖောက်ကား သွားလာနေ ကြသော ပြည်သူများက စစ်သည်ရဲမက် များ ခြံရံလျက် မင်းဘဏ္ဍာယမ်းသေတ္တာ လှည်းများဖြင့် တန်းစီလာကြသော စံနက် ကျော်တို့ကို လမ်းဖယ်ပေးကြသည်။ ကမ္ဘဝါ တန်း၊ ရွှေချည်တန်း မျက်ပါးလမ်းများ အဖြတ်တွင် တချို့အမျိုးသမီးကြီးများ နှင့် လုံမငယ်လေးများက အောင်နိုင် စစ်သည်များ ရှေ့တန်းက ပြန်လာသည် အထင်ဖြင့် အောင်သပြေပန်းများ၊ ဖွန်၊ စံပယ်ပန်းကုံးများကမ်းကာ ကြိုဆိုနေကြ သည်။

ဆက်လက်ဖော်ပြပါမည်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မီးသတ်ဦးစီးဌာနမှ အယ်လ်နီညိုဖြစ်စဉ်ကာလအတွင်း မီးလောင်မှု၊ မီးလန့်မှုများမဖြစ်ပွားစေရေး အတွက် ဆောင်ရွက်လျက်ရှိရာ ခရိုင်မီးသတ်ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဦးစိုးမင်းခိုင်နှင့်တာဝန်ရှိသူများက အောက်တိုဘာလ ၂၀ ရက်တွင် အောင်မေတ္တာရပ်ကွက်ရှိ မြို့မဈေးကြီး၌ မီးဘေးလုံခြုံ ရေးစစ်ဆေးခြင်းနှင့် ဇာတိတိုက်လေ့ကျင့်ခြင်းဆောင်ရွက်စဉ်။ ရန်ကင်း

ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာမြှင့်တင်ရေးသင်တန်းဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံရှေ့လုပ်ငန်းရှင်များ အသင်းချုပ် (FMGEA) မှ ဦးဆောင်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာအသိပညာ မြှင့်တင်ရေးသင်တန်းကို အောက် တိုဘာလ ၁၉ ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) ၌ ဖွင့်လှစ် သည်။

ရှေးဦးစွာ သင်တန်းဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရ အဖွဲ့ဝင် သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကားပြော ကြားသည်။

ဆက်လက်၍ UMFCCI ဥက္ကဋ္ဌ ဦးအေးဝင်းက အမှာစကားပြော ကြားပြီး မြန်မာနိုင်ငံရှေ့လုပ်ငန်း ရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးကျော် ဝင်းက မိတ်ဆက်အမှာစကား ပြောကြားသည်။

ထို့နောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ရေးဝန်ကြီးဌာန အမှတ် (၂)သတ္တု တွင်းလုပ်ငန်းမှ အထွေထွေ မန်နေဂျာ ဦးဇော်မြင့်ဦးက ဓာတ် သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန် ဆောင်မှုလုပ်ငန်း လုပ်ကိုင်ခွင့်အမိန့် နှင့်ညွှန်ကြားချက်များ၊ လိုင်စင်ရရှိ သူများ လိုက်နာရမည့်စည်းကမ်း ချက်များနှင့် ဓာတ်သတ္တု (ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှု လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ အသိပညာပေးရှင်း လင်းပို့ချသည်။

ယင်းနောက် မြန်မာနိုင်ငံ ရွှေ လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးကျော်ဝင်းနှင့် တာဝန်ရှိသူများက ငွေကြေးခဝါချမှုနှင့်အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ ဘာသာရပ် များကို အသေးစိတ်သင်ကြား ပို့ချပေးခဲ့ကြောင်း သိရသည်။

လင်းခန့်

ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့

National Historical and Cultural Museum-Reserve "Nesvizh" သို့ သွားရောက်လေ့လာ



မင်္ဂစ် အောက်တိုဘာ ၂၀

ဘယ်လာရုစ်ဆမ္မတနိုင်ငံအထက်လွှတ်တော်ဥက္ကဋ္ဌ မစ္စစ် နာတာလျာ ကိုချန်နိုဗာ ဖိတ်ကြားချက်အရ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ မှတစ်ဆင့် လေကြောင်းခရီးဖြင့် ဆက်လက်ထွက်ခွာလာရာ အောက်တိုဘာလ ၂၀ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမိနစ် ၅၀ တွင် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အဖွဲ့အား လေဆိပ်၌ ဘယ်လာရုစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ Mr. Igor Brylevich၊ အမျိုးသားလွှတ်တော် နိုင်ငံတကာရေးရာနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာအမြဲတမ်းကော်မရှင်ဥက္ကဋ္ဌ Mr.Sergei ALEINK နှင့် ဘယ်လာရုစ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးမောင်မောင်စိုးတို့က ကြိုဆိုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုလွှတ်တော်နာယကနှင့် အဖွဲ့သည် ဘယ်လာရုစ်သမ္မတနိုင်ငံ ညွှက်စဘစ်ရှ် (Nesvizh)မြို့ရှိ National Historical and Cultural Museum-Reserve "Nesvizh" ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

အဆိုပါပြတိုက်သည် ၂၀၀၅ ခုနှစ်တွင် ယူနက်စကို(UNESCO) ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပြီး ပြတိုက်အတွင်း၌ ပြခန်းပေါင်း ၁၅ ခန်း၊ အမွေအနှစ်ပစ္စည်း ၂၄၀၀၀ ကျော်ရှိကြောင်း သိရသည်။

ထို့ပြင် ပြတိုက်ပရိဝုဏ်တွင် Nesvizh မြို့တော်ခန်းမ၊ သမိုင်းဝင် Slutsk ဂိတ်တံခါး၊ သမိုင်းဝင်ပန်းခြံငါးခု (Castle Park, Old Park, Japanese Park, English Park နှင့် Marysin-New Park)တည်ရှိပြီး ဧက ၁၆၀ ကျော်ကျယ်ဝန်းကြောင်း သိရသည်။

မြဝတီ

❖ ရေ့ဖုံးမှအဆက်

ယမန်နေ့ နံနက်ပိုင်းက ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ရှိတက္ကသိုလ်များသို့ သွားရောက်လေ့လာကြသည်။

ဦးစွာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် ဗီယက်နမ်နိုင်ငံ၏ထိပ်တန်းတက္ကသိုလ်တစ်ခုဖြစ်သည့် Hanoi University of Science and Technology(HUST)သို့ သွားရောက်လေ့လာရာတက္ကသိုလ်မှ တာဝန်ရှိသူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးဝေလင်းက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။

ထို့ပြင် Hanoi University of Science and Technology(HUST)မှ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်၏သမိုင်းကြောင်းနှင့် ဖွင့်လှစ်ပို့ချလျက်ရှိသည့် ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တက္ကသိုလ်အတွင်း ရှိပညာရေး၊ နည်းပညာ၊ ယဉ်ကျေးမှုနှင့် သုတေသနပူးပေါင်းဆောင်ရွက်မှုများပြုလုပ်သည့် ဌာနများနှင့် နည်းပညာဆိုင်ရာ သုတေသနဆောင်ရွက်နေမှုများအား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ VNU University of Science (VNU-HUS)သို့ရောက်ရှိပြီး ဗီယက်နမ်ကျောင်းသားများနှင့် ထူးချွန်ကျောင်းသား၊ ကျောင်းသူများအချင်းချင်း ယဉ်ကျေးမှုဖလှယ်ခြင်းများပြုလုပ်ခဲ့ကြပြီး NGUỴ NHƯ KON TUM ခန်းမနှင့် ဇီဝဗေဒပြခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကာ ညနေပိုင်းတွင် သံရုံးမှ တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့တက်ရောက်ခဲ့ကြသည်။

ယနေ့နံနက်ပိုင်းတွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများသည် ပုဂ္ဂလိကတက္ကသိုလ်တစ်ခုဖြစ်သည့် VIN University သို့ရောက်ရှိပြီး တက္ကသိုလ်မှ တာဝန်ရှိသူများနှင့် ကြီးကြပ်အုပ်ချုပ်သူများက သီးခြားတွေ့ဆုံရာတွင် တက္ကသိုလ်မှ တာဝန်ရှိသူများက နိုင်ငံတကာကျောင်းသား၊ကျောင်းသူများ ပညာလာရောက်သင်ယူမှု၊ ကျောင်း၏ဖွဲ့စည်းတည်ဆောက်ပုံနှင့် ဌာနကြီးများဖွဲ့စည်းထားရှိမှု၊ နိုင်ငံတကာကျောင်းသား၊ကျောင်းသူများ ပညာလေ့လာသင်ယူခွင့်အခြေအနေများနှင့် ပညာသင်ဆုလျှောက်ထားနိုင်သည့်အခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့ပြင် ဘာသာရပ်ဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ဘာသာရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြရာ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

အဆိုပါ ထူးချွန်ကျောင်းသား၊ ကျောင်းသူ ၃၆ ဦးနှင့် အုပ်ချုပ်သူများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီး ပို့ဆောင်ပေးခဲ့ရာ အောက်တိုဘာလ ၁၅ ရက်မှ ၂၀ ရက်အထိ ခြောက်ရက်ကြာ ခရီးစဉ်အတွင်း ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့သို့ သွားရောက်လေ့လာခဲ့ကြပြီး ယနေ့ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

မြဝတီ

ပြည်တွင်းစိုက်ပျိုးထုတ်လုပ်မှုဖြင့် စားအုန်းဆီလိုအပ်ချက်ဖြည့်ဆည်းနိုင်ရေးနှင့် ပြည်ပမှ တင်သွင်းမှုလျော့ချနိုင်ရေး ဆီအုန်းမျိုးသစ်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၀

၁၉၉၉ ခုနှစ်မှစ၍ "တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်" ဟူသော ရည်မှန်းချက်ဖြင့် ဆီအုန်းဧက ငါးသိန်းအထိ တိုးချဲ့စိုက်ပျိုးရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စိုက်ဧက ၃ ဒသမ ၉၆ သိန်း၊ ဆီသီးခိုင်တန်ချိန် ၆ ဒသမ ၁၈ သိန်း ထွက်ရှိခဲ့ကာ ဆီအုန်းသုတေသနမျိုးယှဉ်ပြိုင်စမ်းသပ်ကွက် စုစုပေါင်း ၂၉၉ ဒသမ ၄ ဧက ဆောင်ရွက်ထားရှိ၍ အပင်တစ်သျှူးမွေးမြူရေး (Tissue Culture) နည်းစနစ်ဖြင့် ဆီအုန်းမျိုးမွေးမြူရေးသုတေသန လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ဆီအုန်းမျိုးသစ်များထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း နေပြည်တော်ရုံးအမှတ်(၁၅) အစည်းအဝေးခန်းမ၌ ကျင်းပသည့်ဝန်ကြီးဌာနနှင့်ပုဂ္ဂလိက ကဏ္ဍတို့ ဟန်ချက်ညီ ပူးပေါင်းဆောင်ရွက်နိုင်ရန် ကျင်းပသည့် တနင်္သာရီတိုင်းဒေသကြီး ဆီအုန်းကုမ္ပဏီများနှင့် ဆွေးနွေးပွဲမှသိရသည်။

ထို့ပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က တနင်္သာရီတိုင်းဒေသကြီးအတွင်း လိုအပ်သော ဆီကြမ်းစက်ရုံနှင့် ဆီချောစက်ရုံများ တည်ဆောက်ရေးအတွက် ရင်းနှီးမြှုပ်နှံလိုသော လုပ်ငန်းရှင်များနှင့်ပူးပေါင်းချိတ်ဆက်ဆွေးနွေးအကောင်အထည်ဖော်ခြင်း၊ လုပ်ကွက်ငယ်တောင်သူများ အကျိုးစီးပွားအတွက် ဆီကြမ်းစက်ရုံကြီးများရှိသည့် ကုမ္ပဏီကြီးများနှင့် အကျိုးတူလယ်ယာစနစ်လုပ်ဆောင်နိုင်ရေး ချိတ်ဆက်ကူညီပေးခြင်း၊ ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုတန်ဖိုးကွင်းဆက်တစ်ခုလုံးတိုးတက်စေရေး ဟန်ချက်ညီသော အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (Harmonized Private Public Partnership)ဖြင့် အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ခြင်းတို့ကိုလည်း ဆောင်ရွက်ပေးရန် စီမံသွားရမည်ဖြစ်ကြောင်း၊ မြိတ်ဒေသမြောက်ခြမ်းတွင် ဆီသီးခိုင်အထွက်နှုန်းနည်း၍ ဆီအုန်းပင်များ ဖျက်သိမ်းကာ မျိုးကောင်းရော်ဘာများ အစားထိုးစိုက်ပျိုးရန် စီမံသွားရေး ညွှန်ကြားခဲ့ပြီးဖြစ်၍ အစီအမံများတင်ပြရန်ဖြစ်ကြောင်း။

ဆီအုန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆီအုန်းစိုက်ပျိုးသူ၊ ထုတ်လုပ်သူများ ယှဉ်ပြိုင်နိုင်စွမ်းတိုးတက်စေရန်အတွက် ထုတ်လုပ်မှုမြင့်တင်ရေး၊ စျေးနှုန်းရရှိရေး၊ အရည်အသွေးမြင့်တင်ရေးအတွက် လိုအပ်သော ထိန်းကျောင်းမှုများ ဆောင်ရွက်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရ၊ ဆီအုန်းလုပ်ငန်းရှင်၊ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲတွင် ထားဝယ်ခရိုင်၊ မြိတ်ခရိုင်၊ ဘုတ်ပြင်းခရိုင်နှင့် ကော့သောင်းခရိုင်တို့ရှိ ဆီအုန်းကုမ္ပဏီများ၊ ဝန်ကြီးဌာနတာဝန်ရှိသူများက မြေယာလုပ်ကိုင်ခွင့် လျှောက်ထားရယူခဲ့မှု၊ လုပ်ကိုင်ခွင့်ရမြေပေါ်တွင် ဆီအုန်းစိုက်ပျိုးခဲ့မှု၊ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးခဲ့သော ဆီအုန်းစိုက်ခင်းများပြန်လည်ဖြည့်စွက်စိုက်ပျိုးမည့်အခြေအနေ၊ လက်ရှိ ဆီအုန်းအသီးခူးလုပ်ငန်းဆောင်ရွက်နိုင်မှုနှင့် ဆီသီးခိုင်ရောင်းချမှုအခြေအနေ၊ ဆီကြမ်းထုတ်လုပ်နိုင်မှုအခြေအနေနှင့် ဒေသအတွင်း ဆီကြမ်းစက်ရုံတိုးချဲ့တည်ဆောက်ရန် လိုအပ်ချက်များ၊ ဆီကြမ်းမှဆီသန့်ထုတ်လုပ်နိုင်မှုအခြေအနေနှင့် ဒေသအတွင်း ဆီသန့်စက်ရုံ တည်ဆောက်ရန် လိုအပ်ချက်၊ လက်ရှိဆီသီးခူးဧရိယာများ၏ သက်တမ်းနှင့် စီးပွားရေးသက်တမ်းကုန်ဆုံးပါက ပြန်လည်အစားထိုးစိုက်ပျိုးမည့် အခြေအနေနှင့် စီးပွားရေးသက်တမ်းကုန်ဆုံးပါက ဆီအုန်းအခင်းသစ် ပြန်လည်အစားထိုးစိုက်ပျိုးရာ၌ မျိုးကောင်းမျိုးသန့်ရယူ အသုံးပြုစိုက်ပျိုးမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် ပြည်ထောင်စုဝန်ကြီးတို့က ဆွေးနွေးချက်များ အပေါ် သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။


မြဝတီ

ရေရွေ့တာရေး နည်းလမ်းများ

- ❍ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❍ သွားတိုက်ပြင် ရေဖန်ခွက်အမြဲအသုံးပြုပါ။
- ❍ ယာဉ်များဆေးကြောပြင် ရေပိုက်မသုံးပါနှင့်။
- ❍ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကိုဆေးကြောပါ။
- ❍ ပန်းပင်ရေလောင်းပြင် ရေပိုက်မသုံးပါနှင့်။
- ❍ ရေဖြည့်ထားသော ရေလောင်းပုံးအသုံးပြုပါ။
- ❍ ဘုံဘိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

ရိုးရာယဉ်ကျေးမှုအစဉ်အလာအဖြစ် နွားလှည်းတန်းဖြင့် ဘုရားဖူးထွက်သည့် မင်းလှကျင်းကျေးရွာ

သတင်းမှတ်စု



မင်းလှကျင်း ကျေးရွာသည် မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌တည်ရှိပြီး ရိုးရာယဉ်ကျေးမှု အစဉ်အလာအဖြစ် မန်းရွှေစက်တော်ဘုရားပွဲတော်သို့ နွားလှည်းတန်းဖြင့် ဘုရားဖူးထွက်သည့် တစ်ရွာတည်းသောကျေးရွာဖြစ်သည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ကို မင်းဘူး(စကု)မြို့နယ်၌ နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်အထိ ကျင်းပလေ့ရှိပြီး မြန်မာနိုင်ငံ၏အချိန်ကာလ အရှည်ကြာဆုံး ဘုရားပွဲတော်တစ်ခုဖြစ်သည်။

ဘုရားဖူးများသည် တောင်ပေါ်ရှိ အထက်စက်တော်ရာနှင့် မန်းချောင်းဘေးရှိ အောက်စက်တော်ရာတို့ကို လာရောက်ဖူးမြော်ကြသည်။ ဘုရားဖူးလာရောက်သူများ ညအိပ်တည်းခိုနိုင်ရန် တည်းခိုဆောင်များ၊ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်များနှင့် စားသောက်ဆိုင်ခန်းများ ဖွင့်လှစ်ထားသည်။

"မင်းလှကျင်းကျေးရွာက ရွှေစက်တော်ဘုရားနဲ့ ၁၂ မိုင်လောက် ဝေးပါတယ်။ ရိုးရာယဉ်ကျေးမှု အစဉ်အလာကိုထိန်းသိမ်းတဲ့အနေနဲ့ မပျောက်ပျက်သွားအောင် နှစ်စဉ် ရွှေစက်တော်ဘုရားပွဲရာသီရောက်တိုင်း နွားလှည်းတန်းတွေနဲ့ ဘုရားဖူးထွက်ကြပါတယ်" ဟု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအုန်းကြိုင်ကပြောသည်။

မင်းလှကျင်းကျေးရွာ၌ အိမ်ခြေ ၄၃၀ ကျော်ရှိကာ ရွာသူရွာသားများသည် တောင်ယာလုပ်ငန်းကို အဓိကထားလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပြီး ရက်ကန်းရက်လုပ်သည့်လုပ်ငန်း၊ ဝါးလက်မှုအတတ်ပညာလုပ်ငန်းများဖြစ်သော နှီးဖြာခြင်း၊ ထရံရက်ခြင်းနှင့် ရံဖန်ရံခါ တောင်းပလုံး ရက်လုပ်ခြင်းတို့ ပြုလုပ်ကြသည်။

မန်းရွှေစက်တော်ဘုရားပွဲတော်ရာသီရောက်ပြီဆိုလျှင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကာလသားခေါင်းဆောင်များက ဘုရားဖူးထွက်ရန် လိုက်လံဆော်သြစည်းရုံးကြသည်။

နွားလှည်းတန်းဖြင့် ဘုရားဖူးသွားမည့်သတင်းကို ကြားသည့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဓာတ်ပုံပညာရှင်များကလည်း တောတန်းတောင်တန်းများ၊ လျှို့မြောင်ကြား ဖြတ်သန်း မောင်းနှင်လာသော ပေါင်းမိုးပါ နွားလှည်းတန်းကြီးနှင့် သဘာဝအလှအပများ၏ လိုက်ဖက်တင့်မောဖွယ်ရာ လှပပုံများကို ရိုက်ကူးပုံဖော်ကာ Online Media များ၌ ဖော်ပြကြသဖြင့် မင်းလှကျင်းကျေးရွာသည်လည်း ပွင့်ဖြူမြို့နယ်ရှိ ရေပုတ်ကြီးရွာကဲ့သို့ ရိုးရာယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းသည့် ကျေးရွာတစ်ရွာအဖြစ် တိုးလာပေတော့မည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

ဇေယျာထက်(မင်းဘူး)

အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်းပြုလုပ်နည်းသင်တန်းဆင်း

ညောင်ဦး အောက်တိုဘာ ၂၀

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု လူသုံးကုန်ပစ္စည်း(ဆပ်ပြာ)ပြုလုပ်နည်း သင်တန်းဆင်းပွဲကို အောက်တိုဘာလ ၁၉ ရက်က အနောက်ဖွားစောကျေးရွာ ရွာလယ်ခမ္မာရုံ၌ ကျင်းပသည်။


ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(နည်းပညာ) ဒေါ်သီရိဝင်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးညီညီဦးက အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လူသုံးကုန်ပစ္စည်း(ဆပ်ပြာ)ပြုလုပ်နည်း သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများထံ သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။

အဆိုပါသင်တန်းတွင် အနောက်ဖွားစောကျေးရွာမှ သင်တန်းသား၊ သင်တန်းသူ ၂၀ ဦး တက်ရောက်ကြပြီး မိသားစုတစ်နိုင်တစ်ပိုင် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ပြာအမျိုးမျိုး ပြုလုပ်နည်းအဆင့်ဆင့်ကို ငါးရက်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)



မိုးလေဝသ သတင်း


မှတ်သားဖွယ်ရာမိုးရေချိန်များ
ထူးခြားသည့်နေ့အပူချိန်များ
မန္တလေး
မကွေး
ပခုက္ကူ
ပုသိမ်
ဘားအံ
ကျောက်သဲ
ထန်းတပင်
ကုလားတော
ကျောက်ဆည်
ဒီးပတ်
ပုတီးတောင်
ကသာ
ကန့်ဘလူ
ပုသိမ်
ရေးကုန်း
ကျောက်သဲ
ကုလားတော
ဒီးပတ်
ကသာ
ကန့်ဘလူ
ပုတီးတောင်

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပ



တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့ကျင်းပစဉ်။

နေပြည်တော် အောက်တိုဘာ ၂၀

တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ Jeng Phang နော်တောင်က တတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေစုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၁၉၇ ဦးတက်ရောက်ဆွေးနွေးထက်ဝက်ကျော်သည့် အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁) ဦးရန်နိုင်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ၄ က် ပျောတောကွင်း ကျေးရွာ အခြေခံပညာမူလတန်းကျောင်းရှိ ကျောင်းသား၊ ကျောင်းသူ ၁၅၇ ဦး ဘေးအန္တရာယ်ကင်းရှင်းစွာ ပညာသင်ကြားနိုင်ရေးအတွက် ယိုယွင်းပျက်စီးနေသော ကျောင်းဆောင်ဟောင်းနေရာတွင် ကျောင်းဆောင်သစ်တစ်ဆောင်ကိုမည်သည့်တဏှာရေးနှစ်တွင်ဖြည့်ဆည်းဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် တည်ဆောက်ရေးလုပ်ငန်းရှစ်ခုအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၂၂၇ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ၄ က်ပျောတောကွင်း အခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၁၅၇ ဦးရှိပြီး စာသင်ဆောင်များအနေဖြင့်စုစုပေါင်း စာသင်ကျောင်းဆောင်နှစ်ဆောင်ရှိပြီး စာသင်ခန်းခြောက်ခန်းဖြင့် သင်ကြားမှု သင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၁၁၀ x ၂၆ ပေ အုတ်ညှပ်တစ်ထပ် ကျောင်းဆောင်သည် ပျက်စီးမှုရှိနေသော်လည်း ပြုပြင်ထိန်းသိမ်းဆောင်ရွက်၍ရနေသည့်အတွက် အကြီးစား ပြန်လည်ပြင်ဆင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့်အဆိုပါ ကျောင်းဆောင်အပြင်တွင် ကျောင်းဆောင် ၁၈ x ၁၂ ပေ သွပ်မိုးထရံကာဖြင့် သင်ကြားနေရသည့်အတွက် ကြောင့် ကျောင်းသားအင်အားအရ လိုအပ်နေသည့် ပေ (၆၀ x ၃၀) RC တစ်ထပ် တိုးချဲ့ဆောက်လုပ်ရန် အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရန်ပုံငွေရရှိမှုအပေါ်မှာ တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃)ခွန်ထိုင်း၏ **ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ပင်လောင်းမြို့ အနောက်ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းအား ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနအနေဖြင့် ရှမ်းပြည်နယ် တောင်ပိုင်းတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရန်ပုံငွေရရှိမှုအပေါ်မှာ တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဒေါ်ကျင်သိန်း၏ **နိုင်ငံ့ဝန်ထမ်းဥပဒေ၊ အငြိမ်းစားယူခြင်းဥပဒေမှ ဝန်ထမ်းနှစ်ပြည့်ပင်စင်လျော်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများဖြစ်သော ပညာရေးဝန်ထမ်းများသည် အသက် ၅၅ နှစ်ပြည့်ပြီး ဝန်ထမ်းလုပ်သက် ၃၀ နှစ်ပြည့်သော်လည်း တင်ပြလျှောက်ထားခွင့်မပြုဖြစ်နေပါသောကြောင့် ဝန်ထမ်းသည် အငြိမ်းစားယူရန် လိုအပ်ပါက ပြည်ထောင်စုအစိုးရမှ လျှောက်ထားခွင့်ပြု၊ မပြုနှင့်ခံစားခွင့်ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က နိုင်ငံတော်၏လူစွမ်းအား အရင်းအမြစ်ကို ထိန်းသိမ်းရန်၊ လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းအတွေ့အကြုံနှင့် ကျွမ်းကျင်မှုတို့အရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင်ဆက်လက်အထောက်အကူပြုစေရန်၊ လုပ်ငန်းကျွမ်းကျင်သည့် လုပ်သက်ရင့် နိုင်ငံ့ဝန်ထမ်းများကို နိုင်ငံတော်ကဆက်လက်ချီးမြှောက်ရန်အလို့ငှာ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၇၆၊ ပုဒ်မခွဲ(က)တွင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံးပြီး ပြည်ထောင်စုအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ၂၀၂၂ ခုနှစ် မတ်လ ၃၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို စတုတ္ထအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါပြင်ဆင်ချက်တွင် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၀ ကို ဝန်ထမ်းတစ်ဦးအငြိမ်းစားယူရမည့်နေ့ရက် သတ်မှတ်ချက်သည် ယင်းဝန်ထမ်းအသက် ၆၂ နှစ်ပြည့်သည့် နေ့ရက်ဖြစ်သည်ဟူ၍လည်းကောင်း၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ(က) ကို တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များအရ သီးခြားသတ်မှတ်သည့် ကိစ္စမှ တစ်ပါး အသက် ၆၂ နှစ်ပြည့်သောအခါ သတ်မှတ်ချက်များနှင့် အညီသက်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟူ၍လည်းကောင်း ဖော်ပြပါရှိပါကြောင်း။

သို့သော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်ဘက်ပေါင်းစုံမှကြိုးစားနေသည့်ကာလတွင် ပညာရေးဖွံ့ဖြိုးတိုးတက်ရန်နှင့် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးရန်လိုအပ်နေသည့်အတွက် ကြောင့်လည်းကောင်း၊ အခြေအနေအရပ်ရပ်ကြောင့်ဝန်ထမ်းပြန်းတီးမှုများရှိနေသည့်အတွက် ကြောင့်လည်းကောင်း၊ သင်ကြားသင်ယူမှုလုပ်ငန်းများနှင့် ရုံးလုပ်ငန်းများ အရှိန်အဟုန်မပြတ်ဟန်ချက်ညီညီဆက်လက်ဆောင်ရွက်နိုင်ရန် အတွက်လည်းကောင်း၊ ဝန်ထမ်းအင်အားနည်းပါးနေခြင်း၊ ထပ်မံဖြည့်တင်းရန် လိုအပ်နေခြင်းတို့ကြောင့်လည်းကောင်း နိုင်ငံတော်၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာသင်ယူမှုရပ်တန့်မသွားစေရန် အတွက်လည်းကောင်း ဝန်ထမ်းလိုအင်ချက်ကို အစွမ်းကုန်ဖြည့်ဆည်းကြိုးပမ်းဆောင်ရွက်နေရသည့် ကာလဖြစ်နေသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ(ခ)ပါ အသက် ၅၅ နှစ်ပြည့်ပြီးသော ဝန်ထမ်းသည် လုပ်သက်၃၀ နှစ်ပြည့်ပါက နှစ်ပြည့်ပင်စင်ခံစားခွင့်ရှိသည်ဟုဖော်ပြချက်ပါ နှစ်ပြည့်ပင်စင် နှင့်နည်းဥပဒေခွဲ (ဆ)ပါ လျှော့ပေါ့ပင်စင်ခံစားခွင့်များကို ၂၀၂၂ ခုနှစ် စက်တင်ဘာလမှစ၍ ယာယီရပ်ဆိုင်းထားရခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၈) ဦးတင်မောင်ဝင်း၏ **တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်ပလောက်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းသာဦးရေများပြားလာသောကြောင့် စာသင်ခန်းမလုံလောက်သည့်အပြင် လက်ရှိသင်ကြားနေသည့် စာသင်ဆောင်များမှာလည်း ပျက်စီးယိုယွင်းနေပါသဖြင့် ပေ (၁၄၀ x ၃၀) RC သုံးထပ်ကျောင်းဆောင်သစ်တစ်ဆောင်ကို လာမည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် အခြေခံပညာအထက်တန်းကျောင်းတွင် မူလတန်းအဆင့် ကျောင်းသား ၅၂၄ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ၅၄၁ ဦး၊ အထက်တန်းအဆင့် ကျောင်းသား ၂၃၇ ဦး စုစုပေါင်း ၁၃၀၂ ဦးရှိပြီး စာသင်ခန်း ၂၄ ခန်းဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုကြောင့်တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ် ပလောက်အခြေခံပညာအထက်တန်းကျောင်းတွင် ပျက်စီးနေသည့် ကျောင်းဆောင်တချို့ကို ပြန်လည်ပြုပြင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ကျောင်းသားနှင့် တန်းခွဲဦးရေအရ ထပ်မံလိုအပ်နေသည့်စာသင်ခန်း ၅၆ခန်းစာ ပေ(၁၄၀ x၃၀) RC နှစ်ထပ် ကျောင်းဆောင်ဆောက်လုပ်ပေးနိုင်ရန်အတွက် နီးစပ်ရာဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးအောင်ချစ်လွင်၏ **စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ် မြို့နယ်ပညာရေးမှူးရုံး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါကမည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးမည်ကိုသိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းတည်ဆောက်ရေးခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၅၉ ဘီလီယံဖြင့် လုပ်ငန်းပေါင်း ၅၄ ခုကို ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံး၏မြေသည် သုည ဒသမ ၀၆၈ ဧက ကျယ်ဝန်းပါကြောင်း၊ တမူးမြို့နယ် ပညာရေးမှူးရုံးတွင်ရှိသည့် ပေ (၉၀ x ၃၀) သွပ်မိုးအုတ်ညှပ် တစ်ထပ် အဆောက်အအုံသည် ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်တွင် မီးရှို့ဖျက် ဆီးခြင်းခံရသည့် အတွက် တမူးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သပြေရွှေထီးအဆောင်၏ အပေါ်ထပ်တွင် ရုံးလုပ်ငန်းများဆောင်ရွက်နေရပါကြောင်း။

ထို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ် ပညာရေးမှူးရုံးတွင် ပေ(၁၀၀ x ၃၀)RC နှစ်ထပ်အသစ်ဆောက်လုပ်နိုင်ရန်အတွက် လာမည့်ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းတည်ဆောက်ရေး ဘတ်ဂျက်ရရှိမှုအပေါ် တိုင်းဒေသကြီးတန်းစီဇယားဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၂) ဦးဗိုလ်သိန်းနိုင်၏ **၂၀၂၆–၂၀၂၇ ပညာသင်နှစ်မှ စတင် ဝင်ရောက်လာသော KG တန်းကျောင်းသားများမှအစပြု၍ မူလတန်းပညာရေးမှာ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကို ဖြစ်ပေါ်စေမည့် ပညာရေးအထူးစီမံချက်(အထူးစီမံချက်)များရည်မှန်းဆောင်ရွက်ထားခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ယဉ်ကျေးသိမ်မွေ့ သောလူသားအရင်းအမြစ်များ တိုးတက်ရရှိလာရေးတို့ကို ဖြစ်ပေါ်စေမည့် စာရိတ္တပိုင်းဆိုင်ရာ ကျင့်ဝတ်နှင့် ပြည်သူ့နီတိသဘောတရားများ ထည့်သွင်းရေးဆွဲထားသည့် စာရိတ္တနှင့်ပြည်သူ့နီတိ ဘာသာရပ်ကို Grade–1 မှ Grade–11 အထိ ရေးဆွဲပြဋ္ဌာန်းသင်ကြားစေလျက်ရှိပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် Unicef Myanmar တို့ ပူးပေါင်းပြီး ကျောင်းအခြေပြုမူလတန်းကျိုကျောင်းများရှိ ကလေးများအတွက် ပုံပြင်စာအုပ်များဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ မူလတန်းကြို၊ သူငယ်တန်းနှင့် မူလတန်းပညာရေးလုပ်ငန်းများ အားကောင်းလာစေရေးအတွက်လည်း အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၁၆–၂၀၂၁ တွင် ထည့်သွင်းရေးဆွဲခဲ့ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း ၂၀၂၁–၂၀၃၀ တွင်လည်း ဆက်လက်ထည့်သွင်းပြီး မဏ္ဍိုင်–၁ အခွင့်အလမ်းနှင့် **စာမျက်နှာ ၈ သို့** ⇨

⇨ **စာမျက်နှာ ၇ မှ**

လူတိုင်းအကျုံးဝင်မှု၊ မဏ္ဍိုင်-၂ သင်ရိုးညွှန်းတမ်း၊ မဏ္ဍိုင်-၃ ပညာသင်ကြားသင်ယူမှုနှင့် မဏ္ဍိုင်-၇ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ မဟာဗျူဟာများနှင့် လုပ်ငန်းအစီအစဉ်များအရ သူငယ်တန်းနှင့် မူလတန်းဆရာ၊ဆရာမများအတွက် ဆရာလမ်းညွှန်များအပါအဝင် သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ အခြေခံအဆောက်အဦများ စွမ်းရည်မြှင့်တင်ရေးသင်တန်းပေးခြင်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပ ရောက်ရှိနေသော ကျောင်းနေအရွယ်လွန် ကလေးလူငယ်များအတွက် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်နှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကျောင်းပြင်ပမူလတန်းပညာရေးတွင် ပညာသင်ကြားနေသည့် ကျောင်းသား၊ ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာရေး၊ လောကနီတိများအား သိရှိနားလည်လာရေး၊ ယဉ်ကျေးသိမ်မွေ့သော လူသားအရင်းအမြစ်များ တိုးတက်လာစေရန်အတွက် ကျောင်းပြင်ပမူလတန်းပညာရေး ပြဋ္ဌာန်းသင်ရိုးပထမဆင့်တွင် ရုပ်ပြကတ်များဖြင့်လည်းကောင်း၊ ဒုတိယဆင့်တွင် အထွေထွေဘာသာရပ် (စာရိတ္တနှင့် ပြည်သူ့နီတိ)တွင်လည်းကောင်း သင်ကြားပေးလျက်ရှိပါကြောင်း။

သို့ပါ၍ KG တန်း ကျောင်းသားများမှအစပြု၍ ကျောင်းသား၊ ကျောင်းသူများ နိုင်ငံချစ်စိတ်ရှိလာစေရေး၊ လောကနီတိများအား သိရှိနားလည်လာစေရေး၊ ယဉ်ကျေးသိမ်မွေ့သောလူသားအရင်းအမြစ်များ တိုးတက်ရရှိလာစေရေးတို့အတွက် ပိုမိုရေရှည်တည်တံ့ခိုင်မြဲပြီး ထိရောက်အောင်မြင်စေရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဦးဆောင်ပြီး အမျိုးသားအဆင့်ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီကို ဖွဲ့စည်းထားရှိပြီး KG ကလေးများအား ပြုစုပျိုးထောင်ပေးလျက်ရှိပြီး ရေတိုရေရှည် စီမံကိန်းများချမှတ်ပြီး စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွတ်တော် တတိယပုံမှန်အစည်းအဝေး ၁၁ ရက်မြောက် နေ့ကိုရုပ်နားလိုက်ပြီးအစည်းအဝေး ၁၂ ရက်မြောက်နေ့ကို အောက်တိုဘာလ ၂၂ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြဝတီ

ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကိုရေးဆွဲထား

နေပြည်တော် အောက်တိုဘာ ၂၀

ကျေးလက်နေအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ပါဝင်သည့်ကျေးရွာများတွင် ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် စိမ်းလန်းစိုပြည်ရေး၊ ကူးစက်/မကူးစက်ရောဂါများ ကာကွယ်ရေး၊ အာဟာရနှင့် မျိုးဆက်ပွားကျန်းမာရေး၊ပညာရေး၊ သက်မွေးဝမ်းကျောင်းနှင့် ဝင်ငွေရရှိရေး၊သက်ကြီးပုဂ္ဂိုလ်စောင့်ရှောက်ရေးစသည့်ကဏ္ဍ(၆)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဗဟိုအဆင့် သင်တန်းဖွင့်ပွဲမှ သိရသည်။

အဆိုပါ သင်တန်းဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဒကွိဏ္ဍသီရိမြို့နယ်ရှိ Hotel Amara ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

သင်တန်းဖွင့်ပွဲတွင် အမျိုးသမီးရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ဇင်က အမျိုးသမီးရေးရာဝန်ကြီးဌာနအနေဖြင့် ကျေးလက်ဒေသအမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ရေးဆွဲထားရှိပြီးဖြစ်ပြီး ပထမအဆင့် စီမံချက်အနေဖြင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ မန္တလေး တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ ကျေးရွာ ၄၅ ရွာအတွင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ သင်တန်းကို အောက်တိုဘာလ ၂၀ ရက်နှင့် ၂၁ ရက် နှစ်ရက်တာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး အမျိုးသမီးရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့မှ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြကာ သင်တန်းပြီးစီးပါက သက်ဆိုင်ရာကျေးရွာများတွင် ရွေးချယ်ထားသော ဆယ်အိမ်စုစေတနာ့ဝန်ထမ်း အမျိုးသမီးများကို သင်တန်းများဆက်လက် ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

“ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“ကမ်ပိန်းပေါင်းများစွာ အမည်တပ်ခွက် ခေါက်ပြီး ကိုယ်ကျိုးရှာတော်လှန်ရှင်သန်ရင်းပြည်တွင်း စစ်မီးမွှေးနေဆဲ NUG၊ PDF အကြမ်းဖက်အဖွဲ့ ”** ခေါင်းစဉ်ဖြင့် ၂၁-၁၀-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၈-၁၀-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **“အတူလက်တွဲဖော်ဆောင်မှရမည့်ငြိမ်းချမ်းရေးတွင် အစွန်းရောက်တစ်ဖက်ပိတ် NUG၊ PDF အဖွဲ့အစည်း အားလုံး မှန်ကန်တဲ့အသိတရားရှိရှိပါဝင်ဖို့လိုအပ် ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း နှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အချိန်ခါကျရောက် နှစ်ဆယ့်ခုနစ်ကြိမ်မြောက်

❖ ထံတျာနှင့် တေရှင်
သံစဉ်မှာ ငြိမ့်ညောင်း။
အကမှာ ယိုးဒယားလို့
ထင်ရှားခဲ့ကြောင်း။

❖ ဆို၊ က၊ ရေး၊ တီး ပညာ
ကျင်းပကာ ယှဉ်ပြိုင်ပွဲ။
နှစ်ဆယ်ကျော် ခုနစ်မြောက်သို့
ကျရောက်ဆင်နွဲ့။

❖ ယှဉ်ပြိုင်မှု ရည်ရွယ်
လေးချက်ရယ် ကျင့်သုံး။
နေပြည်တော် သာစခန်းသို့
ကြွမြန်းခဲ့ဆုံး(ဦး)။

❖ မြန်မာတို့ မျိုးဂုဏ်ရောင်
မပျောက်အောင် စောင့်ရှောက်ပေး။
တိုင်းရင်းသား ယဉ်ကျေးမှုကို
ရှေးရှုတယ်လေး။

❖ အမျိုးသားရေး လက္ခဏာ
တည်တံ့ကာ ရှိနေဖို့။
ဝိုင်းဝန်းကာ ဤအလုပ်ကို
အားထုတ်ပါစို့။

❖ မျိုးဆက်သစ် လူငယ်တွေ
ရိုးရာအမွေ ချစ်မြတ်နိုး။
ရှေ့ဆက်ရာ အနာဂတ်အတွက်
ထမ်းရွက်သယ်ပိုး။

❖ ဖွံ့ဖြိုးတဲ့ နိုင်ငံတော်
ဖော်ဆောင်ရာ ငြိမ်းချမ်းရေး။
အနုပညာ ကဏ္ဍကောင်းနဲ့
ပူးပေါင်းမယ်လေး။ ။

စိန်ဌေးလှိုင်(ပခုက္ကူ)

● ရှေ့ဖုံးမှအဆက်

၁၈၄ စီး၊ “c”ကိုယ်ပိုင်စီးပွားသုံးယာဉ် ၁၅၅၉ စီး၊ ဌာနဆိုင်ရာယာဉ် ၁၉၀ စီး စုစုပေါင်း ၂၆၉၅၇ စီးကို မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ယာဉ်များအဖြစ် မှတ်ပုံတင်ခွင့်ပြုပေးထားပြီး လိုအပ်သောဓာတ်ငွေ့များကို မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်မှ ဓာတ်ငွေ့လုံလောက်စွာ ဖြန့်ဖြူးရောင်းချရန်စီမံထားရှိပြီး ထိုသို့ဖြန့်ဖြူးရာတွင် ကားအစီးရေနှင့် အကြိမ်အရေအတွက် ကန့်သတ်မှုမရှိဘဲ နေ့စဉ်နံနက် ၄ နာရီမှ ည ၁၁ နာရီအထိ ပိတ်ရက်မရှိရောင်းချပေးလျက်ရှိသည်။

ခရီးသွားပြည်သူများ ယာဉ်စီးခသက်သာစွာသွားလာနိုင်ရန်အတွက်လည်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ကို 1 Kg လျှင် ၂၇၃ ကျပ် ၂၅ ပြားနှုန်းဖြင့် စျေးနှုန်းချိုသာစွာဖြန့်ဖြူးရောင်းချပေးလျက်ရှိကာ လက်ရှိတွင် မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့အရောင်းဆိုင် ၄၁ ဆိုင်သို့ နေ့စဉ် YBS ယာဉ် ၃၃၀၀ ခန့်၊ Taxi ၃၁၀၀၀ ခန့်နှင့် အခြားယာဉ် ၁၅၀၀ ခန့်စုစုပေါင်းယာဉ် ၃၆၀၀၀ ခန့် (တစ်နေ့လျှင် ၂ ကြိမ်ဖြည့်သောယာဉ်များအပါအဝင်) လာရောက်ဖြည့်သွင်းလျက်ရှိပြီး နေ့စဉ်သဘာဝဓာတ်ငွေ့ ၂၆ ကုဗပေသန်းခန့် လုံလောက်စွာဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သတင်းရရှိသည်။ မြဝတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂။ ၀၉-၆၈၀၅၅၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး
92 Ron	၄၇၀၅	၄၈၆၀	၄၈၀၀	၄၇၂၀	၄၈၆၅	၄၈၈၀	၄၉၁၀	၄၇၉၀	၅၁၆၀	၅၁၉၀	၄၈၁၀	၄၉၆၅	၄၉၀၀	၄၈၆၀	၄၈၇၀	၅၁၀၀
95 Ron	၄၈၅၀	၅၀၀၅	၄၉၂၅	၄၈၆၅	၅၀၁၀	၅၀၂၅	၅၀၅၅	၄၉၃၅	၅၃၀၅	၅၃၂၅	၅၀၂၅	၅၀၄၅	၅၀၀၅	၅၀၀၅	၅၀၁၅	၅၂၅၅
HSD (500 ppm)	၄၄၈၅	၄၆၃၅	၄၅၉၀	၄၅၀၀	၄၆၆၀	၄၆၆၀	၄၆၈၅	၄၅၇၀	-	၄၉၂၀	၄၅၉၀	၅၁၆၀	၄၆၅၅	၄၆၃၅	၄၆၅၅	၄၈၆၅
HSD (50 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၄၅	၅၆၆၀	၅၆၁၅	၅၆၅၀	၅၅၂၅	၅၆၈၅	၅၆၉၅	၅၅၄၅	၅၅၃၀	၅၆၁၅	၅၅၉၅	၅၆၀၅	၅၈၀၅
HSD (10 ppm)	၅၄၄၀	၅၅၉၅	၅၅၄၅	၅၄၄၅	၅၆၆၀	၅၆၁၅	၅၆၅၀	၅၅၂၅		၅၆၂၅	၅၅၄၅	၅၅၃၀	၅၆၁၅	၅၅၉၅	၅၆၀၅	၅၈၀၅

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၄၄၇၆	၄၅၉၉
95 Ron	၄၆၁၆	၄၇၄၂
HSD (500 ppm)	၄၂၇၈	၄၃၉၃
HSD (50 ppm)	၅၁၈၈	၅၃၂၂
HSD (10 ppm)	၅၁၈၈	၅၃၂၂

အရိုးပွရောဂါအကြောင်း သိကောင်းစရာ

အရိုးပွရောဂါသည် မကူးစက်တတ်သောရောဂါများအနက် အဖြစ်အများဆုံးရောဂါတစ်ခုဖြစ်ပြီး သိသာထင်ရှားသောလက္ခဏာမရှိဘဲ တဖြည်းဖြည်းဖြစ်ပွားတတ်သောရောဂါဖြစ်သည်။ သာမန်အားဖြင့် ထိခိုက်မှုအနည်းငယ်ကြောင့် အရိုးကျိုးသည့်အချိန်မှသာ ရောဂါရှိကြောင်းသိရလေ့ရှိသဖြင့် တိတ်တဆိတ်ဖြစ်ပွားသောရောဂါ (Silent Disease) ဟုခေါ်ဆိုကြသည်။ နိုင်ငံတကာအရိုးပွရောဂါဖောင်ဒေးရှင်း (International Osteoporosis Foundation) ၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်း လူဦးရေ သန်း ၅၀၀ ခန့်သည် အရိုးပွရောဂါဒဏ်ကို ခံစားနေရပြီး အသက် ၅၀ နှင့်အထက် အမျိုးသမီးသုံးဦးတွင် တစ်ဦးနှင့် အမျိုးသားငါးဦးတွင် တစ်ဦးသည် အရိုးပွရောဂါကြောင့် အရိုးကျိုးခြင်းကို တွေ့ကြုံရမည်ဟု ခန့်မှန်းထားသည်။ အရိုးကျိုးမှုများသည် သက်ကြီးရွယ်အို သန်းပေါင်းများစွာအတွက် နာကျင်ကိုက်ခဲမှု၊ မသန်စွမ်းဖြစ်မှုနှင့် ကိုယ်တိုင်လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်စွမ်းဆုံးရှုံးရမှုတို့ကို ဖြစ်ပေါ်စေသည်။

အရိုးသည် ပြိုကွဲပျက်စီးခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းတို့ ဖြစ်ပေါ်နေသော အမြဲတမ်းအသက်ဝင်သည့် တစ်သျှူးတစ်ခုဖြစ်သည်။ အရိုးအသစ်ဖြစ်ပေါ်နှုန်းထက် အရိုးဆုံးရှုံးနှုန်း (အရိုးသိပ်သည်းဆလျော့ကျနှုန်း) က ပိုမိုမြန်ဆန်လာသည့်အခါ အရိုးပွရောဂါဖြစ်ပေါ်လာသည်။ အချိန်ကြာလာသည်နှင့်အမျှ အရိုးများ၏ သိပ်သည်းဆလျော့နည်းလာပြီး အရိုးဖွဲ့စည်းပုံအားနည်းလာသောကြောင့် အရိုးကျိုးမှုဖြစ်ပွားစေနိုင်သည်။

အရိုးသိပ်သည်းဆ လျော့နည်းကျဆင်းခြင်းကြောင့် အရိုးများ ပါးလွှာအားနည်းခြင်းသည် နှစ်ပေါင်းများစွာကြာအောင် တိတ်တဆိတ် ဖြစ်ပေါ်နေနိုင်ပြီး အနည်းငယ်ချော်လဲခြင်း သို့မဟုတ် ထိခိုက်မှုအနည်းငယ်ဖြစ်ပွားပြီးနောက် လက်ကောက်ဝတ်၊ တင်ပါးဆုံရိုး သို့မဟုတ် ကျောရိုးမကြီးကျိုးသွားခြင်းကဲသာ ရောဂါ၏ ပထမဆုံးလက္ခဏာ ဖြစ်လာနိုင်သည်။ ထို့ကြောင့် အရိုးပွရောဂါသည် ထင်ရှားသော လက္ခဏာများဖြင့် စတင်ပေါ်ပေါက်လာလေ့မရှိဘဲ လူအများစုမှာ အရိုးကျိုးပြီးနောက်မှ ရောဂါရှိကြောင်း သိရှိရတတ်သည်ကို သတိပြုရန်လိုအပ်သည်။

အရိုးကျိုးခြင်းအဖြစ်များသောနေရာများ

အရိုးပွရောဂါကြောင့် တင်ပါးဆုံရိုး၊ လက်ကောက်ဝတ်၊ ကျောရိုးမကြီး၊ လက်မောင်းအပေါ်ပိုင်းနှင့် တင်ပါးဆုံခွက်ရိုးတို့တွင် အရိုးကျိုးမှုဖြစ်ပွားစေနိုင်သည်။

အရိုးပွရောဂါဖြစ်နိုင်ခြေရှိသူများ

အရိုးပွရောဂါသည် အမျိုးသမီးရော အမျိုးသားများတွင်ပါ ဖြစ်ပွားနိုင်ပြီး ရောဂါဖြစ်နိုင်ခြေသည် အသက်အရွယ်၊ ကျန်းမာရေးရာဇဝင်၊ နေထိုင်မှုပုံစံ၊ အရိုးသိပ်သည်းဆနှင့် လဲကျနိုင်ခြေတို့ပေါ်မူတည်သည်။ အသက်အရွယ်ကြီးရင့်လာခြင်း၊ သွေးဆုံးခြင်း(အထူးသဖြင့် စောစီးစွာသွေးဆုံးခြင်း)၊ မိဘတစ်ဦးတွင် တင်ပါးဆုံရိုးကျိုးဖူးခြင်း၊ အရိုးအားနည်း၍ကျိုးဖူးခြင်း၊ သဘာဝအတိုင်း ခန္ဓာကိုယ်အရွယ်အစား သေးငယ်ခြင်း၊ မိသားစုအတွင်း အရိုးပွရောဂါဖြစ်ဖူးသည့်ရာဇဝင်ရှိခြင်းတို့သည် ပြောင်းလဲ၍မရနိုင်သော ရောဂါဖြစ်နိုင်ခြေရှိသည့် အဓိကအချက်များဖြစ်သည်။

အဆစ်အမျက်ရောင်ရောဂါ။ အူလမ်းကြောင်းရောင်ရမ်းသည့်ရောဂါများ၊ သိုင်းရွိုက်နှင့် ပါရာသိုင်းရွိုက်ဂလင်း မူမမှန်သည့်ရောဂါများ၊ နာတာရှည်ကျောက်ကပ်နှင့်အသည်းရောဂါ၊ ဟော်မုန်းဆိုင်ရာမူမမှန်မှုများ၊ အာဟာရစုပ်ယူမှုကို ထိခိုက်စေသော ကျန်းမာရေးအခြေအနေများနှင့် ခွဲစိတ်ကုသမှုများကြောင့်လည်း ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်သည်။ Corticosteroid ဆေးဝါးများကို ရေရှည်စွဲသုံးခြင်း၊ အတက်ရောဂါအတွက်သုံးသော ဆေးဝါးတချို့၊ ရင်သားကင်ဆာနှင့် ဆီးကျိတ်ကင်ဆာအတွက် ဟော်မုန်းကုသမှုခံယူခြင်း စသည့်အခြေအနေများသည် အရိုးကျန်းမာရေးကိုထိခိုက်မှုရှိ၊ မရှိ စောင့်ကြည့်စစ်ဆေးရန်နှင့် ကြိုတင်ကာကွယ်ကုသမှုခံယူရန်လိုအပ်သည်။

■ အရိုးအသစ်ဖြစ်ပေါ်နှုန်းထက် အရိုးဆုံးရှုံးနှုန်း (အရိုးသိပ်သည်းဆလျော့ကျနှုန်း)က ပိုမိုမြန်ဆန်လာသည့်အခါ အရိုးပွရောဂါဖြစ်ပေါ်လာသည်။ အချိန်ကြာလာသည်နှင့်အမျှ အရိုးများ၏သိပ်သည်းဆလျော့နည်းလာပြီး အရိုးဖွဲ့စည်းပုံအားနည်းလာသောကြောင့် အရိုးကျိုးမှုဖြစ်ပွားစေနိုင် . . .

■ အရိုးပွရောဂါသည် ထင်ရှားသောလက္ခဏာများဖြင့် စတင်ပေါ်ပေါက်လာလေ့မရှိဘဲ လူအများစုမှာ အရိုးကျိုးပြီးနောက်မှ ရောဂါရှိကြောင်း သိရှိရတတ်သည်ကို သတိပြုရန်လိုအပ် . . .

အရိုးပွရောဂါ၏ အစောပိုင်းလက္ခဏာများ

အရိုးပွရောဂါသည် အရိုးကျိုးခြင်းမပြုမီ သိသာထင်ရှားသော ရောဂါလက္ခဏာမပြတတ်ကြောင်း သတိပြုရန်လိုအပ်သည်။ အရိုးပါး၊ အရိုးပွခြင်းကြောင့်ဖြစ်နိုင်သော လက္ခဏာများမှာ မကြာခဏချော်လဲခြင်း၊ မတ်တတ်ရပ်နေရာမှချော်လဲပြီး သို့မဟုတ် အနည်းငယ်ထိခိုက်မိပြီးနောက် အရိုးကျိုးခြင်း၊ ရုတ်တရက် သို့မဟုတ် ဆက်တိုက်ခါးနာခြင်း၊ တဖြည်းဖြည်းအရပ်ပုလာခြင်း၊ ခါးကိုင်းခြင်း သို့မဟုတ် ကိုယ်ဟန်အနေအထားကွေးညွတ်လာခြင်း၊ အရိုးကျိုးပြီးနောက် လှုပ်ရှားနိုင်မှုလျော့နည်းခြင်းနှင့် ကိုယ်ဟန်အနေအထား ပြောင်းလဲခြင်းတို့ဖြစ်နိုင်သည်။ ခါးနာခြင်းသည် အိုမင်းလာခြင်းကြောင့်သာမဟုတ်ဘဲ ကျောရိုးကျိုးခြင်း၏လက္ခဏာတစ်ခုဖြစ်နိုင်သောကြောင့် ခါးနာခြင်းကို လျစ်လျူမရှုရန်လိုအပ်သည်။

ကာကွယ်နိုင်သောနည်းလမ်းများ

အရိုးပွရောဂါမဖြစ်စေရန် ကာကွယ်ခြင်းကို ငယ်ရွယ်စဉ်ကတည်းက စတင်လုပ်ဆောင်သင့်ပြီး တစ်သက်တာလုံး ဆက်လက်လုပ်ဆောင်သွားရမည်ဖြစ်သည်။ ကလေးဘဝနှင့် ဆယ်ကျော်သက်အရွယ်တွင် အာဟာရပြည့်ဝသောအစားအစာများ စားသုံးခြင်း၊ ပုံမှန်ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့သည် ခန္ဓာကိုယ်တွင် ပိုမိုခိုင်မာသော အရိုးများတည်ဆောက်နိုင်ရန် ကူညီပေးသည်။ လူကြီးဘဝတစ်လျှောက်လုံး တက်ကြွစွာလှုပ်ရှားနေထိုင်ခြင်း၊ အာဟာရမျှတသော အစားအစာစားသုံးခြင်း၊ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ခြင်းနှင့် အရိုးကျန်းမာရေးပုံမှန်စစ်ဆေးခြင်းတို့ဖြင့် အရိုးများကိုကာကွယ်ရန်လိုအပ်သည်။ မိမိတွင် ရောဂါဖြစ်ပွားစေနိုင်သည့် အန္တရာယ်ရှိလက္ခဏာများကို နားလည်သဘောပေါက်ထားခြင်းနှင့် လဲကျမှုမဖြစ်အောင် ကြိုတင်ကာကွယ်ခြင်းသည် အရိုးဆုံးရှုံးမှုများကို လျှော့ချရာတွင် အထောက်အကူပြုနိုင်သည်။

အရိုးကျန်းမာရေးကို အထောက်အကူပြုသော အစားအစာများ

ကယ်လ်စီယမ်၊ ပရိုတင်းနှင့် တခြားလိုအပ်သောအာဟာရဓာတ်များ ပါဝင်သည့် မျှတသောအစားအစာများကို စားသုံးပါ။ ပရိုတင်းဓာတ်သည် အရိုးနှင့်ကြွက်သားနှစ်မျိုးစလုံးကို အားဖြည့်ပေးသည်။ ပဲမျိုးစုံ၊ နို့ထွက်ပစ္စည်းများ၊ ကြက်ဥ၊ ငါး၊ အဆီနည်းသောအသား၊ အခွံမာသီးသို့မဟုတ် ပဲပိစပ်ဖြင့်ပြုလုပ်ထားသည့် အစားအစာများကဲ့သို့သော သင့်လျော်သည့် ပရိုတင်းအရင်းအမြစ်များကို စားသုံးပါ။ ယေဘုယျအားဖြင့် ကယ်လ်စီယမ်ကို အစားအစာမှတစ်ဆင့် ရယူခြင်းသည် အကောင်းဆုံးဖြစ်သည်။ ဖြည့်စွက်အားဆေးများကို လူတိုင်းမလိုအပ်ပေ။ ဗီတာမင်-D သည် ခန္ဓာကိုယ်မှ ကယ်လ်စီယမ်ကို စုပ်ယူနိုင်ရန် ကူညီပေးသည်။ နေရောင်ခြည်၊ အစားအစာနှင့် ဖြည့်စွက်အားဆေးများမှတစ်ဆင့် ဗီတာမင်-D ကို ရရှိနိုင်သော်လည်း လိုအပ်ချက်ပမာဏမှာ အသက်အရွယ်၊ ကျန်းမာရေးအခြေအနေ၊ နေရောင်ခြည်ထိတွေ့မှုနှင့် လက်ရှိ ဗီတာမင်-D ချို့တဲ့မှုအခြေအနေတို့ပေါ်မူတည်၍ ကွဲပြားနိုင်သည်။

ကမ္ဘာ့အရိုးပွရောဂါနေ့လှုပ်ရှားမှု

ကမ္ဘာ့အရိုးပွရောဂါနေ့သည် နှစ်စဉ် အောက်တိုဘာလ ၂၀ ရက်တွင် ကျင်းပလေ့ရှိသော ကမ္ဘာလုံးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှုတစ်ခုဖြစ်သည်။ အရိုးကျိုးခြင်းမဖြစ်ပွားမီကတည်းက တစ်သက်တာလုံး အရိုးကျန်းမာရေးကိုဂရုပြုရန် လူတို့အား တိုက်တွန်းနှိုးဆော်လျက်ရှိသည်။

၂၀၂၆ ခုနှစ်အတွက် လှုပ်ရှားမှုအစီအစဉ်သည် တစ်သက်တာလုံး အရိုးကျန်းမာရေးကောင်းမွန်စေရေးကို အဓိကထားပြီး တစ်သက်တာလုံးအတွက် အရိုးများကို တည်ဆောက်ပါ၊ ကာကွယ်ပါ၊ ခိုင်မာစေပါ (Build, Protect, Strengthen Your Bones for Life) ဟူသော သတင်းစကားကို ပေးထားသည်။ တစ်သက်တာလုံး လွတ်လပ်စွာလှုပ်ရှားသွားလာနိုင်စွမ်းကို ထိန်းသိမ်းကာကွယ်ပေးနိုင်မည့် အရိုးပွရောဂါဖြစ်နိုင်ခြေကို စောစီးစွာဆန်းစစ်ခြင်း၊ အချိန်မီရောဂါရှာဖွေခြင်းနှင့် အရိုးကျိုးမှုမှကာကွယ်ခြင်း၊ သင့်လျော်သောကုသမှုခံယူခြင်းတို့အပေါ် အလေးပေးဖော်ပြလျက်ရှိသည်။ အရိုးပွရောဂါဖြစ်ပွားပြီးနောက် သို့မဟုတ် အရိုးကျိုးပြီးနောက် ရောဂါကို အချိန်မီရှာဖွေကုသခြင်း၊ ဆရာဝန်ညွှန်ကြားသည့် ကုသမှုခံယူခြင်း၊ သင့်လျော်သောလေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ အာဟာရဓာတ်မျှတသော အစားအစာများကို စားသုံးခြင်းနှင့် လဲကျမှုမဖြစ်အောင်ကာကွယ်ခြင်းတို့သည် အရိုးထပ်မံကျိုးပဲ့နိုင်ခြေကို လျှော့ချပေးနိုင်သည်။

အနှစ်ချုပ်ရလျှင် တစ်သက်တာလုံး အရိုးကျန်းမာရေးကောင်းမွန်စေရန်အတွက် ကြိုတင်ကာကွယ်ကုသမှုများပြုလုပ်ရန်နှင့် လူတိုင်း အရိုးပွရောဂါဖြစ်နိုင်ခြေကို ဆန်းစစ်ခြင်းနှင့် အရိုးကျိုးနိုင်ခြေရှိ၊ မရှိကို စစ်ဆေးရန်လိုအပ်သည်။ အရိုးပွရောဂါဆိုင်ရာ အသိပညာပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ရောဂါကို စောစီးစွာရှာဖွေဖော်ထုတ်ခြင်းနှင့် ကုသခြင်းတို့ကိုမြှင့်တင်ရန် ကမ္ဘာတစ်ဝန်းရှိ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများ၊ လူမှုအသိုင်းအဝိုင်းများနှင့် တစ်ဦးချင်းစီတွင် တာဝန်ရှိကြောင်း ကမ္ဘာ့အရိုးပွရောဂါနေ့အထိမ်းအမှတ်အဖြစ် တိုက်တွန်းရေးသားလိုက်ရပါသည်။

ဒေါက်တာသိဂီကျော်

စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်အသိပညာပေးလုပ်ငန်းများဆောင်ရွက်

တောင်ကြီး အောက်တိုဘာ ၂၀

ကျောင်းသား၊ ကျောင်းသူများအသိပညာ ဗဟုသုတပိုမိုရရှိစေရန် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာဖတ်ရှုနိုင်မြှင့်တင်ရေး နယ်လှည့်အသိပညာပေးလုပ်ငန်းများကို အောက်တိုဘာလ ၂၀ ရက်တွင် နောင်ယာဆိုင်းအခြေခံပညာမူလတန်းကျောင်း၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဝင်းက ကျောင်းသား၊ ကျောင်းသူ လူငယ်များ စာအုပ်စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ အယ်လ်နီညိုအန္တရာယ်ကာကွယ်ရေးအကြောင်းအရာများ စသည်တို့ကို အသိပညာပေးဟောပြောသည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန် စာဖတ်ရှုနိုင်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းနှင့် Mobile Library စနစ်ဖြင့် စာအုပ်များငှားရမ်းပေးခြင်းတို့ ဆောင်ရွက်သည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ကျောင်းသူများအသိပညာ ဗဟုသုတပိုမိုရရှိပြီး ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများ ဖြစ်လာစေရန် ရည်ရွယ်၍ နယ်လှည့်အသိပညာပေးလုပ်ငန်းများကို လစဉ် ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ရန်ကင်း**



➤ **ရွှေဖုံးမှအဆက်**

ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အဆိုပါစက်ရုံသို့သွားရောက်၍ စက်ရုံအတွင်း ဝါလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု၊ ကုန်ကြမ်းရရှိမှုနှင့် ဝါသိုလှောင်ထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး ဝါကုန်ချောပစ္စည်းများ စနစ်တကျသန့်စင်ထုတ်လုပ်ကာ အရည်အသွေးပြည့်မီသည့် ဝါကုန်ချောများထုတ်လုပ်သွားရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ မုံရွာစက်မှုဇုန်ရှိ ဦးဆွေတင့်၏ ဝါကြိတ်စက်ရုံသို့သွားရောက်ကြည့်ရှုစစ်ဆေးရာ စက်ရုံတာဝန်ခံက စက်ရုံအတွင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းပြသပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဝါကုန်ချောများ စျေးကွက်အတွင်း စျေးကောင်းရရှိရေး၊ လျှပ်စစ်မီးပြည့်မီစွာရရှိရေးနှင့် ဝါကုန်ကြမ်းများ အရည်အသွေးကောင်းမွန်စေရေး အတွက် ဝါစိုက်တောင်သူများနှင့် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအား ကြိုတင်စီမံဆောင်ရွက်ထားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းသိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိ

မကွေး အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး မကွေးခရိုင်မကွေးမြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ဆောင်ရွက်လျက်ရှိသော ထုံးပေါက်တောကျေးရွာအုပ်စု သဖန်းဆိပ်ကျေးရွာလျှပ်စစ် မြစ်ရေတင်စီမံကိန်းမှ စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက် ပျိုးရေပေးဝေနေမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကိုသည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်၌ သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းရေသောက်ဧရိယာအတွင်းရှိ စိုက်ပျိုးထားသည့်ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ မိမိတို့ဒေသအတွင်း သီးနှံများစိုက်ပျိုးရာတွင် တစ်နှစ်သီးနှံ သုံးသီးစိုက်ပျိုးနိုင်အောင် ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ သီးနှံစိုက်ပျိုးရာတွင် ဒေသတွင်းလိုအပ်သော မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်သုံးစွဲပြီး စိုက်ပျိုးကြစေလိုကြောင်း ပြောကြားကာ ဒေသခံတောင်သူများ၏ လိုအပ်ချက်များနှင့်ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင်သဖန်းဆိပ်ရေလှောင်ကန်ရေတင်အဆင့်(၂)၊ပင်မမြောင်းပေတိုင် ၅၀၀၀ အနီးရှိ ကန်ကြီးကန်အား အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပုတီးကုန်းကျေးရွာရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေလုံလောက်စွာရရှိရေးနှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများကိုအသေးစိတ်မေးမြန်း၍ တောင်သူများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း၍ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မကွေးမြို့နယ်သည် ပူပြင်းခြောက်သွေ့ပြီး အလယ်ပိုင်းမိုးနည်းရေရှားဒေသတွင်ပါဝင်ကာ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၂၉ လက်မခန့်သာ ရရှိသဖြင့် ယခင်က သဘာဝမိုးရေကို သာ အဓိကမှီခိုအားထား၍ တစ်နှစ်လျှင် နှစ်သီးသာစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရပြီး ယခုအခါ အဆိုပါ ဒေသ၌ သဖန်းဆိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းကို ဆောင်ရွက်ပေးနိုင်ခဲ့ခြင်းကြောင့် သဖန်းဆိပ်ဒေသရှိ စိုက်ပျိုးမြေဧက ၄၅၀၀ ကို ရေသွင်းစိုက်ပျိုးပေးနိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

မောင်ခိုင်မင်း(ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင်ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး အထူးအလေးပေးဆောင်ရွက်

စစ်တွေ အောက်တိုဘာ ၂၀

ရခိုင်ပြည်နယ်အတွင်းရှိ စာသင်ကျောင်းများတွင် ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်း ရေရရှိရေး၊ ကျေးရွာချင်းဆက်လမ်းများကောင်းမွန်စေရေး၊ သောက်သုံးရေလုံလောက်စွာရရှိရေးတို့ကိုလည်း အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးအပါအဝင် ကဏ္ဍာစုံဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းလမ်းမျိုးစုံဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးက အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် မာန်အောင်မြို့နယ်ရဲကျွန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ် ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ရပ်မိရပ်ဖများနှင့် ကျေးရွာသူ၊ ကျေးရွာသားများက ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လိုအပ်ချက်များကို တင်ပြဆွေးနွေးမှုအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

တွေ့ဆုံပွဲအပြီးတွင် ရဲကျွန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကိုလည်းကောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အခြေခံပညာမူလတန်း(လွန်)ကျောင်း ရဲကျွန်းတောင်ကျေးရွာတို့တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးနှင့် ရေရရှိရေး ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မည့်မြေနေရာကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ကအီးကျေးရွာသစ်ရွာအဝင်လမ်း၌ တံတားတည်ဆောက်ထားမှုကိုလည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ပလင်)၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး၊ ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးနှင့် ရေရရှိရေးအတွက် ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ မာန်အောင်ကျွန်းပတ်လမ်းပေါ်ရှိ ပလင်ချောင်းကူးတံတားပြန်လည်ပြုပြင်နိုင်ရေးကိုလည်းကောင်း၊ မာန်အောင်မြို့နယ် MSME လုပ်ငန်းတစ်ခုဖြစ်သည့် ငွေတိုးဆီစက်တွင်မြေပဲများထယ်ယူသိုလှောင်ထားရှိမှု၊ ပဲဆီများထုတ်လုပ်နေမှုနှင့် စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

အယ်လ်နီညိုဖြစ်စဉ်ကြောင့် ဖြစ်ပေါ်နိုင်သောရာသီဥတုအကျိုးသက်ရောက်မှုများ



မိုးရွာသွန်းမှု ကာလ မမှန်ခြင်း၊ မိုးရွာသွန်းမှုပုံစံ မမှန်ကန်ခြင်း



မုန်တိုင်း ဖြစ်ပေါ်မှုများ မှုမမှန်ခြင်း



နွေရာသီကာလများတွင် နေအပူချိန်များ ပုံမှန်ထက် မြင့်မားခြင်း



မိုးခေါင်ရေရှားခြင်း



အခြားအစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ခြင်း

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

စာဖတ်ရှုနိုးမြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

ဖလမ်း အောက်တိုဘာ ၂၀

စာဖတ်ရှုနိုးမြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါ စာဖတ်ရှုနိုးမြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို နိုင်ငံတော်၏ အနာဂတ်သားကောင်းရတနာများဗလငါးတန်နှင့်ပြည့်စုံဖွံ့ဖြိုးသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်လာစေရန်၊ စာဖတ်သည့်ဝါသနာနှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများ ပိုမိုတိုးပွားလာစေရန်၊ စာပေဖတ်ရှုခြင်းမှရရှိလာသည့် အသိပညာဗဟုသုတများကို လက်တွေ့အသုံးချနိုင်စေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပခဲ့ခြင်းဖြစ်သည်။

အဆိုပါ စာဖတ်ရှုနိုးမြှင့်တင်ရေးလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲဆုချီးမြှင့်ခြင်းအခမ်းအနားသို့ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရောက်ရှိနေသည့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာသောင်းနိုင်၊ ချင်းပြည်နယ်လျှပ်စစ်စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်၊ ချင်းပြည်နယ်အတွင်းပြန်လည်ထူထောင်ရေးနှင့်ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင်များနှင့်အတူ တက်ရောက်သည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် ချင်းပြည်နယ်လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးတို့က အဖွင့်အမှာစကား ပြောကြားပြီး အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲပထမဆုရ၊ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဆွိုးငွန်မန်းတို့က ကျပန်းစကားပြော တင်ဆက်ကြသည်။

ယင်းနောက် အထက်တန်းအဆင့်နှင့်အလယ်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲ ပထမဆု၊ ဒုတိယဆု၊တတိယဆုနှင့်နှစ်သိမ့်ဆုရရှိသူများကို ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

ယနေ့နံနက်ပိုင်းတွင်ထည်းဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဦးစီးအရာရှိ(မြို့ပြ)ရုံး၊ ဦးစီးအရာရှိ(မြို့ပြ)နေအိမ်၊ နှစ်ခန်းတွဲဝန်ထမ်းအိမ်ရာနှစ်လုံးပြုပြင်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းဆောင်ရွက် နေမှုများကိုလည်းကောင်း၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန၊ ခရိုင်ဦးစီးမှူးရုံး၊ ဝန်ထမ်းကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့်ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးခဲ့သည်။



အိမ်ရာပြုပြင်ပြီးစီးမှုအခြေအနေများနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဝန်ကြီးက အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးသွားသည့် ဌာနဆိုင်ရာရုံးအဆောက်အအုံများအား နိုင်ငံတော်မှအကုန်အကျခံကာ ပြန်လည်ပြုပြင်ပေးပြီးဖြစ်သည့်အတွက်အဆောက်အအုံများအား အကျိုးရှိရှိအသုံးချထိန်းသိမ်းရန် လိုအပ်ကြောင်း၊ အခြေခံအဆောက်အဦများအား ပြန်လည်ပြုပြင်တည်ဆောက်၍ ကောင်းမွန်လာပြီဖြစ်သည့်နည်းတူ ဝန်ထမ်းများ၏ စိတ်ဓာတ်စည်းကမ်းကောင်းမွန်အောင်နေထိုင်ရမည်ဖြစ်ကြောင်းမှာကြား ခဲ့ကြောင်းသိရသည်။ **ခရိုင်(ပြန်/ဆက်)**

နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ခဲ့သော ဂုဏ်ပြုမှတ်တမ်းလွှာအား လေးမျက်နှာ မြို့နယ်ရေဘေးတွင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များထံ ပေးအပ်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ခဲ့သော ဂုဏ်ပြုမှတ်တမ်းလွှာအား ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးတွင် လှူဒါန်းခဲ့ကြသည့် အလှူရှင်များထံ ပေးအပ်ပွဲကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးအောင်နိုင်ဃူက ကျေးဇူးတင်စကားပြောကြားပြီး ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ရေဘေးတွင်လှူဒါန်းခဲ့ကြသည့် အလှူရှင်များထံ နိုင်ငံတော်သမ္မတက ဂုဏ်ပြုချီးမြှင့်ခဲ့သော ဂုဏ်ပြုမှတ်တမ်းလွှာများကို အလှူရှင်များထံ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၄/၂၀၂၆)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင်ရန်ကင်းမြို့နယ် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီရုံး၌ကျင်းပရာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည်ရင်းနှီးမြှုပ်နှံသူလုပ်ငန်းရှင်များ၏ ထုတ်ကုန်ပစ္စည်းနမူနာ (Product Show)များ ခင်းကျင်းပြသထားရှိမှုကို ကြည့်ရှုအားပေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသည် စက်မှုကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၀ ခုနှင့် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂ ခုတို့ကို အတည်ပြုပေးခဲ့ပြီး အတည်ပြုပေးခဲ့သည့် လုပ်ငန်းများမှာ အလုပ်အကိုင်အခွင့်အလမ်းများစွာကို ဖန်တီးပေးနိုင်မည့် CMP စနစ်ဖြင့် အဝတ်အထည်အမျိုးမျိုးချုပ်လုပ်ခြင်းလုပ်ငန်းများ အဓိကပါဝင်ကာ အဆိုပါရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ဆွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၄၈ သန်းနှင့် ငွေကျပ် ၃၁၃၃ ဒသမ ၅၉၇ သန်းဖြစ်ပြီး ပြည်တွင်းအလုပ်အကိုင် အခွင့်အလမ်းပေါင်း ၉၃၁၅ ဦးကို ဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် အစည်းအဝေးတွင် မတည်ရင်းနှီးငွေတိုးမြှင့်မည့် လုပ်ငန်းရှစ်ခုအပါအဝင် အထွေထွေကိစ္စရပ်များတင်ပြလာသည့် ကုမ္ပဏီ ၆၀ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ် ခဲ့ကြကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



နိုင်ငံဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အကဲဖြတ်ပညာရှင်များနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၀

(၂၇) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် အကဲဖြတ်အမှတ်ပေးကြမည့် အကဲဖြတ်ပညာရှင်များကို ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည် ပင် သာ ယာ ရေး ကော် မ တီ စည်ပင်ဧည့်ရိပ်သာ၌ သွားရောက်တွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ရာသီဥတုအခြေအနေတွင် ကျန်းမာရေးကို အထူးဂရုစိုက်ကြစေလိုပါကြောင်း၊ အကဲဖြတ်အမှတ်ပေးရာတွင်လည်း သမာဓိရှိစွာဖြင့် အကဲဖြတ်ပေးစေလိုပါကြောင်း ပြောကြားပြီး သက်ဆိုင်ရာ အဆို၊ အက၊ အရေး၊ အတီးနှင့် ဇာတ်တော်ကြီး၊ ရုပ်သေးဇာတ်တော်ကြီး အဖွဲ့ခေါင်းဆောင်များက မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကာ ပြည်ထောင်စုဝန်ကြီးက အကဲဖြတ်ပညာရှင်ကြီးများကိုယ်စား အဆို၊ အက၊ အရေး၊ အတီးအကဲဖြတ်ဥက္ကဋ္ဌများနှင့် ဇာတ်တော်ကြီး၊ ရုပ်စုံသဘင် အကဲဖြတ်အဖွဲ့ခေါင်းဆောင်များအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။ **မြဝတီ**



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း အခြေခံပညာအဆင့် အာကာသပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအတွက် အခြေခံပညာအဆင့် အာကာသပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။

အစည်းအဝေးတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်းက အမှာစကားပြောကြားပြီး မြန်မာ့အာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ်ဒေါက်တာစိုးမြင့်မောင်က ပြိုင်ပွဲများ အောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကာ တက်ရောက်လာသည့် နေပြည်တော်ကောင်စီဝင်များနှင့် ကော်မတီဝင်များက လုပ်ငန်းဆောင်ရွက်ချက်များကို မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ မြန်မာ့အာကာသအေဂျင်စီမှ အမှုဆောင်အရာရှိချုပ်က ဖြည့်စွက်ဆွေးနွေးပြောကြား၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်အား ဗဟိုပြု၍ မိတ္ထီလာခရိုင်၊ ရမည်းသင်းခရိုင်၊ တောင်ငူခရိုင်တို့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသ အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဌာနဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို အွန်လိုင်းစနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီ အတွင်းရေးမှူး၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများနှင့် ၇ ခရိုင်မှ ခရိုင်အုပ်ချုပ်ရေးမှူးများက စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံ၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးနှင့် အထူးဖွံ့ဖြိုးရေးဒေသ အဖြစ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက်ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အောင်ကို (ပုဗ္ဗသီရိ)



စားအုန်းဆီဖြန့်ဖြူးရာတွင် နိုင်ငံတော်၏ မူဝါဒနှင့်အညီ စနစ်တကျဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများသို့ စားအုန်းဆီဖြန့်ဖြူးရာတွင် နိုင်ငံတော်၏မူဝါဒနှင့်အညီ စနစ်တကျဖြန့်ဖြူးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မဂ်လာခန်းမ၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြည်သူများသို့ စားအုန်းဆီများဖြန့်ဖြူးရာတွင် မူဝါဒနှင့်အညီ လူတစ်ဦး ၁ နှစ် ၆ ပိဿာနှုန်း (လူတစ်ဦး ၁ လလျှင် ၅၀ ကျပ်သား) ဖြင့် စနစ်တကျဖြန့်ဖြူးနိုင်ရေး ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က ယခုကဲ့သို့ မူဝါဒချမှတ်ရခြင်းမှာ နိုင်ငံသားများ၏ဆီစားသုံးမှုသည် ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှသတ်မှတ်ထားသည့် မူဝါဒနှင့်အညီ ဖြန့်ဖြူးဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးဆီဖြန့်ဖြူးခွင့်ရကုမ္ပဏီများ၊ လက်ကား/လက်လီကိုယ်စားလှယ်များဝိုင်းဝန်းလိုက်ပါဆောင်ရွက်ရန်နှင့် စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်အတိုင်း ဒေသအရောက်စျေးနှုန်းအပေါ် ရာခိုင်နှုန်းအမြတ်ထက်မပိုသော စျေးနှုန်းဖြင့် စျေးကွက်အတွင်းသို့ ပြန်လည်ဖြန့်ဖြူးရောင်းချရန်၊ မသမာသောနည်းလမ်းဖြင့် စျေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်းမပြုလုပ်ကြရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သယ်ဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးစိုးဦးက မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ရန် ကုန် တိုင်းဒေသကြီးအတွင်း မြို့နယ်အလိုက် စားအုန်းဆီဖြန့်ဝေမှုအခြေအနေများနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှပြည်သူများသို့ စားအုန်းဆီများဖြန့်ဖြူးရာတွင် မူဝါဒနှင့်အညီ လူတစ်ဦး ၁ နှစ် ၆ ပိဿာနှုန်းဖြင့် စနစ်တကျဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်နေမှုအခြေအနေများအား ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီး ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ ဒုတိယတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးနှင့် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးတို့က ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီးသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးဖြင့် အောင်မြင်သည့်စစ်သည်များပါဝင်သော မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များ ဗိယက်နမ်နိုင်ငံသို့လေ့လာရေးခရီးထွက်ခွာ

နေပြည်တော် အောက်တိုဘာ ၂၀

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏လမ်းညွှန်မှုဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် စစ်မှုထမ်းဆဲ/စစ်မှုထမ်းဟောင်းနှင့်အစားခန့်ဝန်ထမ်းများ၏ သား/သမီးကျောင်းသား၊ကျောင်းသူများနှင့်ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သော စစ်သည်များပါဝင်သည့် မျိုးဆက်သစ်ထူးချွန်လူငယ်မောင်မယ်များသည် နိုင်ငံတကာယဉ်ကျေးမှု၊ ဗဟုသုတနှင့်အသိပညာများ အတုယူလေ့လာနိုင်စေရန်အတွက် ဗိယက်နမ်နိုင်ငံသို့ လေ့လာရေးခရီးသွားရောက်ကြမည်ဖြစ်ရာ အဆိုပါလေ့လာရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ထူးချွန်လူငယ်မောင်မယ်များအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်စဉ်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့သည် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာကြသည်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့်လေ့လာရေးအဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မင်းလတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၏ မိဘဆွေမျိုးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရင်းရင်းနှီးနှီး လိုက်လံအားပေးပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါထူးချွန်လူငယ်များပါဝင်သည့် စစ်မှုထမ်းဟောင်း မိသားစုဝင်သား၊ သမီးများမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အမှတ်အများဆုံးရရှိသော ကျောင်းသား၊ ကျောင်းသူ (၁၆)ဦး၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး လူရည်ချွန်ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူ (၇)ဦး၊ ဂုဏ်ထူး (၃)ဘာသာဖြင့် အောင်မြင်သော စစ်သည် (၂)ဦး၊ ကျောင်းအုပ်ကြီး (၁)ဦး၊ အုပ်ချုပ်မှုတာဝန်ခံ (၄)ဦး၊ စုစုပေါင်း (၃၀)ဦးတို့ ပါဝင်ကြပြီး ဗိယက်နမ်နိုင်ငံ၌ အောက်တိုဘာလ ၂၆ ရက်အထိ လေ့လာရေးခရီးစဉ်ကာလအတွင်း ဗိယက်နမ်နိုင်ငံရှိ FPT Software Center နှင့် viettel Academy၊ ဗိယက်နမ် Data Base စီမံခန့်ခွဲရေးကုမ္ပဏီ၏ Data Center၊ဗိယက်နမ်နိုင်ငံ၏ ပထမဆုံး တက္ကသိုလ် (Quoc Tu Giam)ရှိ စာပေဗိမာန်(Temple Of literature)၊ ဗိယက်နမ်နိုင်ငံ၏သက်တမ်းအရင့်ဆုံး ဘုရားကျောင်းများထဲမှတစ်ဆူဖြစ်သည့် West Lakeရှိဗုဒ္ဓဘာသာဝင်တို့၏ Tran Quoc ဘုရားကျောင်း၊ ရှေ့ဟောင်းမြို့တော်(Hoa Lu)မြို့၊ ကမ္ဘာ့အမွေအနှစ်နေရာများဖြစ်သည့် Trang An (ထရန်အန်)၊ Holong Bay နှင့် အခြားအထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်းများဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

တပ်မတော်အနေဖြင့်တက္ကသိုလ်ဝင်စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်ခဲ့သည့်စစ်သည်များ၊တပ်မတော်သား မိသားစုဝင်သား၊ သမီးများ၊ စစ်မှုထမ်းဟောင်းမိသားစုဝင်သား၊ သမီးနှင့် စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သား၊ သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းကို ၂၀၁၁-၂၀၁၂ ပညာသင်နှစ်မှစတင်ပေးအပ်ခဲ့ပြီး ဆုရရှိသူများအနက်မှ ထူးချွန်စစ်သည်နှင့် ဘက်စုံထူးချွန်လူငယ်များအား ၂၀၂၃ ခုနှစ်မှစ၍ ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးစဉ်များ စီစဉ်စေလွှတ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဗိယက်နမ်နိုင်ငံသို့ သွားရောက်လေ့လာကြမည့် မျိုးဆက်သစ်ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၏ လေ့လာရေးခရီးစဉ်နှင့်ပတ်သက်၍ ပြောကြားမှုများကို ယခုကဲ့သို့ ကြားသိရပါသည်-

မောင်ရဲထက်ကျော်
(၆)ဘာသာဂုဏ်ထူးရှင်

"ကျွန်တော်က ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲမှာ ဂုဏ်ထူး (၆)ဘာသာ အမှတ်ပေါင်း ၅၃၄ မှတ်နဲ့ အောင်မြင်ခဲ့ပြီးတော့ ၂၀၂၆ ခုနှစ် Grade-12 လူရည်ချွန်တစ်ယောက်လည်း ဖြစ်ပါတယ်ခင်ဗျ။ ကျွန်တော်က စာမေးပွဲအောင်ဖို့အတွက် ကျက်မှတ်ခဲ့တဲ့ ပုံစံမျိုးမဟုတ်ဘဲ စာတွေကိုလုံးဝနားလည်တဲ့အထိ လေ့လာမှတ်သားခဲ့ပါတယ်။ နားမလည်တဲ့စာတွေကိုလည်း ဆရာ၊ ဆရာမတွေရဲ့အကူအညီနဲ့ ကြိုးစားလေ့လာခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင် အချိန်ဇယားတွေ ရေးဆွဲခဲ့တယ်။ စာတွေကို ပုံမှန်လုပ်တယ်။ ကျွန်တော် အားမရတဲ့ဘာသာတွေကိုပိုပြီးတော့အချိန်ပေးလုပ်ဖြစ်ခဲ့ပါတယ်ခင်ဗျ။ ကျွန်တော့် မိဘတွေရဲ့ အားပေးမှုများ ဆရာ၊ ဆရာမတွေရဲ့ လမ်းညွှန်သင်ပြမှုနဲ့ ကျွန်တော်ကိုယ်တိုင်ရဲ့ကြိုးစားအားထုတ်မှုကြောင့် ယခုလိုအောင်မြင်မှုမျိုးရရှိခဲ့တာပဲ ဖြစ်ပါတယ်ခင်ဗျ။ အခု ဒီလေ့လာရေးခရီးစဉ်မှာဆိုရင် ဖြင့် ဗိယက်နမ်နိုင်ငံရဲ့ နည်းပညာနဲ့ ပညာရေးကဏ္ဍတွေကို အဓိကထားပြီး လေ့လာသွားမှာပဲဖြစ်ပါတယ်ခင်ဗျ။ ဒီဗိယက်နမ်နိုင်ငံရဲ့ နာမည်ကြီးကုမ္ပဏီဖြစ်တဲ့ Viettel Company ရဲ့ ဆော့ဝဲလ်တွေအကြောင်း Tele Company ရဲ့ အကြောင်းတွေကို လေ့လာသွားမှာပဲဖြစ်ပါတယ်ခင်ဗျ။ အခုလို လေ့လာရေးခရီးစဉ်သွားရတဲ့အခွင့်အရေးကို သေချာအသုံးချပြီးတော့ လေ့လာမှတ်သားခဲ့သမျှတွေကို အများပြည်သူနဲ့ ကျွန်တော်တို့ရဲ့ အနာဂတ်အတွက် အကျိုးရှိစွာ အသုံးချသွားမှာဖြစ်ပါတယ်ခင်ဗျ။ အနာဂတ်မှာလည်း ကျွန်တော်ဟာ အများပြည်သူနဲ့ တိုင်းပြည်ကို အကျိုးပြုနိုင်မယ့် ဆရာဝန်ကောင်း တစ်ယောက်အနေနဲ့ ဆက်လက် ကြိုးပမ်းသွားမှာပဲ ဖြစ်ပါတယ်ခင်ဗျ။ ညီလေး၊ ညီမလေးတွေအတွက်ကတော့ ကိုယ့်ရည်မှန်းချက်ရှိတာကို တစိုက်မတ်မတ်လုပ်ပြီးတော့ မဆုတ်မနစ်ကြိုးစားဖို့ပဲဖြစ်ပါတယ်ခင်ဗျ။ လျှောက်တဲ့လမ်းကိုလည်း အဆုံးထိဆက်သွားဖို့ အားပေးချင်ပါတယ်ခင်ဗျ။ အခုလို ကျွန်တော်တို့လို ထူးချွန်ကျောင်းသား၊ ကျောင်းသူတွေကို လေ့လာရေးခရီးစဉ် ဆောင်ရွက်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တကွ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နောက်ပြီးတော့ ဒီ MEC က စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးမင်းအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျ" ဟု ပြောသည်။







မသင်ငြိမ်းအေး
(၄)ဘာသာဂုဏ်ထူးရှင်

"ညီမက အ-ထ-က (၁)ဟုမှလင်းကနေပြီးတော့မှ ဂုဏ်ထူး (၄) ဘာသာနဲ့ အောင်မြင်ခဲ့တဲ့ ၂ ထပ်ကွမ်းလူရည်ချွန်တစ်ယောက်ဖြစ်ပါတယ်။ Grade-12 ကာလအတွင်းမှာ ဆိုရင် ဆရာတွေ ချမှတ်ပေးခဲ့တဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း၊ လမ်းညွှန်ချက်တွေအတိုင်း၊ အချိန်ဇယားတွေအတိုင်းကို သေသေချာချာလိုက်လုပ်ဖြစ်ခဲ့ပါတယ်ရှင့်။ အရာရာတိုင်းမှာလည်း တစ်နေ့စာ တစ်နေ့ကို ပုံမှန် (၆)ဘာသာလုံးကို မျှမျှတတနဲ့ လေ့လာဖြစ်ခဲ့ပါတယ်ရှင့်။ ညီမအနေနဲ့ကတော့ ပထမဆုံးရည်မှန်းချက်ကတော့ ဆရာဝန်တစ်ယောက် ဖြစ်ချင်တာပေါ့နော်။ ပြီးတော့မှ ဒီဆရာဝန်ကနေပြီးတော့မှပရဟိတလုပ်ငန်းတွေဆောင်ရွက်ပေးတဲ့ တာဝန်ရှိလူကြီးမင်းအားလုံးကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်ခင်ဗျ" ဟု ပြောသည်။

ဒုတိယတပ်ကြပ်ပြည့်ဖြိုးသူ
(၃)ဘာသာဂုဏ်ထူးရှင်

"ကျွန်တော် အမှတ်(၂)ပညာရေးကျောင်းမိတ္ထီလာမြို့မှပထဝီ၊သမိုင်း၊ ဘောဂ ဂုဏ်ထူး(၃)ဘာသာဖြင့် အောင်မြင်ခဲ့ပါတယ်။ နှစ်စကနေစပြီးတော့ စာကိုပဲတစိုက်မတ်မတ်သေချာအာရုံစိုက်ပြီးတော့ ကြိုးစားခဲ့ပါတယ်ဗျ။ လက်ရှိခရီးစဉ်မှာတော့ ကျွန်တော်တို့ အဓိကအနေနဲ့ကတော့ နည်းပညာပိုင်းတွေကို လေ့လာသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်၊ တပ်မတော်နဲ့ ပြည်သူတို့အတွက် အားကိုးအားထားရတဲ့ တပ်မတော် သားကောင်းတစ်ယောက်ဖြစ်လာဖို့ ရည်မှန်းထားပါတယ်ခင်ဗျ" ဟု ပြောသည်။

(၁၀၀)

ခိုလှိမ်မြို့ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များအား သွားရောက်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများ ပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ခိုလှမ်မြို့ရှိစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်အရန်အဖွဲ့ဝင်များအား ယနေ့ မွန်းလွဲပိုင်းတွင်အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ခိုလှမ်မြို့ရှိစစ်မှုထမ်းဟောင်းအိမ်ရာ၌ သွားရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများပေးအပ်ရာတာဝန်ရှိသူများကလက်ခံရယူကြသည်။ ထို့နောက် တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် အရန်အဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများ ပေးအပ်စဉ်။

တစ်အိမ်လုံးတွင် မည်သူမျှမရှိချိန်၌ မလိုအပ်သောလျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကိုချွေတာသုံးစွဲပါ။

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး

ဘုန်းမောင်ဝင်း(ဗျာပုံ)

မြန်မာနိုင်ငံသည် ရှေးဟောင်းယဉ်ကျေးမှုအစဉ်အလာများကို နှစ်ပေါင်းထောင်ချီထိန်းသိမ်းလျက်ရှိသည့်နိုင်ငံဖြစ်သည်။ အဆိုပါယဉ်ကျေးမှုအမွေအနှစ်များထဲတွင် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးအနုပညာရပ်များသည် မြန်မာလူမျိုးတို့၏စိတ်ဓာတ်၊ အတွေးအခေါ်၊ ယဉ်ကျေးမှုနှင့်လူနေမှုဘဝများကို ထင်ဟပ်ဖော်ပြနေသည့် အဖိုးတန်ဖြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည်။ အဆိုပါအဖိုးတန်ဖြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်၍ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မျိုးဆက်သစ်များထံသို့လက်ဆင့်ကမ်းပေးခြင်းနှင့်အမျိုးသားယဉ်ကျေးမှုကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်အစိုးရက ဦးတည်ချက်ကောင်းများချမှတ်၍ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို နိုင်ငံတော်အဆင့်ကျင်းပပေးခဲ့ရာ

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကို ကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်များ မိမိတို့၏ယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားလေးစားသည့် စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏အမျိုးသားရေးကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ရန်အတွက် ကျင်းပပေးနေခြင်းလည်းဖြစ် . . .

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသို့ပင်ရောက်ရှိလာပြီဖြစ်သည်။

၂၀၂၆ ခုနှစ် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာလ ၂၁ ရက်တွင် စတင်ကျင်းပနေပြီဖြစ်သည်။ အဆိုပါပြိုင်ပွဲကြီးအတွက် ချမှတ်ထားသောဦးတည်ချက်များမှာ **“(က) အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ (ခ)အမျိုးသားရေးစရိုက်လက္ခဏာများမပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊ (ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ (ဃ)နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး”** ဟူ၍ ဖြစ်သည်။

ဤဦးတည်ချက်များကို စေ့စေ့ငေါ့ကာလေ့လာကြည့်မည်ဆိုပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့အခွန့်ရှည်တည်တံ့ခိုင်မြဲနေစေရေး အမျိုးသားရေးယဉ်ကျေးမှုမျက်နှာစာမှ လုပ်ဆောင်ရမည့်အချက်များကို ညွှန်းဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် အမျိုးသားယဉ်ကျေးမှုကဏ္ဍမှ မိမိနိုင်ငံနှင့်လူမျိုးကို ကာကွယ်နိုင်ရေးအတွက် အသိပေးခြင်းလည်းမည်ပါသည်။

ယနေ့ခေတ်တွင် နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်ကမ္ဘာလုံးဆိုင်ရာယဉ်ကျေးမှုကူးလူးယှက်နွှယ်ဖလှယ်မှုများသည် အရှိန်အဟုန်မြင့်တက်လာသည်နှင့်အမျှ မြန်မာတိုင်းရင်းသားတို့၏မူရင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြန်လည်ဖော်ထုတ်မြှင့်တင်ခြင်းတို့အပြင် မျိုးဆက်သစ်များစိတ်ပါဝင်စားလာပြီး လက်ဆင့်ကမ်းလွှဲပြောင်းပေးအပ်နိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကိုကျင်းပပေးခြင်းသည် အနိုင်အရှုံးကိုသာ ဦးတည်ယှဉ်ပြိုင်ခြင်းမဟုတ်ဘဲ မျိုးဆက်သစ်များမိမိတို့၏ယဉ်ကျေးမှုအနုပညာကို တန်ဖိုးထားလေးစားသည့်စိတ်ဓာတ်များ တိုးပွားစေရန်နှင့် နိုင်ငံတော်၏ အမျိုးသားရေးကိုယ်ခံစွမ်းအားကိုမြှင့်တင်ပေးနိုင်ရန်အတွက် ကျင်းပပေးနေခြင်းလည်းဖြစ်သည်။

ယနေ့ကမ္ဘာကြီးတွင် တစ်နိုင်ငံကတစ်နိုင်ငံအပေါ်၊ လူမျိုးတစ်မျိုးကတစ်မျိုးအပေါ် တိုက်ခိုက်နေကြရာတွင် ရှေးယခင်ခေတ်ကကဲ့သို့ စစ်ရေးအခြေအနေစသည်တို့ကို ကြည့်ရုံဖြင့်သာ ဦးတည်ချက်ကို ရိပ်မိနိုင်တော့သည်မဟုတ်ပေ။ ယခုခေတ်တွင် စစ်ရေးအခြေအနေသည် ကမ္ဘာ့နိုင်ငံအားလုံးနီးပါးတွင် ရှိနေသော်လည်း ဦးတည်ချက်ကို ရိပ်မိနိုင်ရန် ခက်ခဲသည်မှာ အမှန်ပင်ဖြစ်သည်။ ဤသို့ခေတ်ကာလမျိုးတွင် ကမ္ဘာ့နိုင်ငံအများစုသည် ကိုယ်ပိုင်စီးပွားရေးကို အဓိကထားလုပ်ကိုင်ကြသည်ကို တွေ့ရသည်။ ထိုသို့ဖြစ်ရသည်မှာ

❑ **စာမျက်နှာ ၁၃ မှအဆက်**

မြန်မာလူမျိုးတို့၏ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးလက္ခဏာများ ခိုင်ခိုင်မာမာဆက်လက်ဖွံ့ဖြိုးစေရေးအတွက် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။ နှစ်ပေါင်းထောင်ချီခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ် အစဉ်ထာဝရနိုးကြားရှင်သန်နေရအောင် အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။ တိုင်းတစ်ပါးယဉ်ကျေးမှုများလွှမ်းမိုးမှုမရှိစေရေးနှင့် မျိုးဆက်သစ်လူငယ်များကို ယဉ်ကျေးသိမ်မွေ့ပြီး အမျိုးသားရေးစိတ်ဓာတ်ကိုယ်ခံအားများ ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရမည်ဖြစ်သည်။ ဤတာဝန်ကို နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရမည်သာဖြစ်သည်။

မြန်မာ့ဂီတဖြစ်သည့်ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်ပညာရှင်များ၊ ပညာသင်ယူသူများ အားလုံးက အစဉ်အမြဲအလေးအနက်ထားကျင့်သုံးရမည့် အရေးကိစ္စလည်းဖြစ်သည်။ အနုပညာအမွေအနှစ်ကို စဉ်ဆက်မပြတ်လက်ဆင့်ကမ်းထိန်းသိမ်းကြရမည်။ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၏ဂုဏ်ဒြပ်နှင့် အဆင့်အတန်းကို ညွှန်းဆိုဖော်ပြရာတွင် ယင်းနိုင်ငံ၊ ယင်းလူမျိုးတို့၏ အနုသုခုမယဉ်ကျေးမှုအဆင့်အတန်းကို သက်တမ်းကြာအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်ခဲ့မှုနှင့် ရေးအစဉ်အလာမပျက်ဖော်ထုတ်ပြသနိုင်မှုသည် အဓိကကျလှသည်။ မျက်မှောက်ခေတ်တိုင်အောင်မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ပိုင်ဆိုင်ခွင့်ရရှိနေသည်မှာ မြန်မာ့သမိုင်းစဉ်တစ်လျှောက် ဖြတ်သန်းလာခဲ့ကြသည့် မိမိတို့၏မြန်မာ့ဘိုးစဉ်ဘောင်ဆက်များက ဖော်ထုတ်ထိန်းသိမ်းဖြင့်တင်ပြီး လက်ဆင့်ကမ်းခဲ့ကြသည့်ကျေးဇူးများကြောင့်ပင်ဖြစ်သည်။ ကျေးဇူးသိတတ်သောအားဖြင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ကြရန်မှာ မျိုးဆက်သစ်များ၏အမျိုးသားရေးတာဝန်နှင့်ဝတ္တရားပင်ဖြစ်သည်။

မြန်မာ့အနုသုခုမပညာရပ်များမှာ လက်ဆင့်ကမ်းထိန်းသိမ်းလာခဲ့ကြသူများ၏ ကျေးဇူးကြောင့် ယနေ့တိုင် ခိုင်မာစွာရပ်တည်နေခြင်းဖြစ်သည့်အတွက် မိမိတို့အား သင်ကြားပြသပေးသော ဆရာ၊ ဆရာမများ၏ဂုဏ်ကျေးဇူးကို အထူးလေးစားစွာ သတိရနေရမည်ဖြစ်သည်။ ဆရာသမားများ၏ကျေးဇူးကိုလေးစားတန်ဖိုးထားသည့်အနေဖြင့် မိမိနှင့် သက်ဆိုင်ရာပညာရပ်များတွင် ထွန်းပေါက်အောင်ကြိုးစားကြပြီး အနာဂတ်တွင်ပညာရှင်များအဖြစ် ရပ်တည်နိုင်ကြရမည်ဖြစ်သည်။ ဆရာဆိုသည်မှာ မည်သည့်ပညာရပ်တွင်မဆို မရှိမဖြစ်လိုအပ်သည့် အရေးကြီးပုဂ္ဂိုလ်ဖြစ်သည်။ ဆရာ၏သွန်သင်ပြသမှုကို တစ်သဝေမတိမ်းလိုက်နာမှတ်သားလေ့ကျင့်မှသာ ဆရာကောင်းတပည့် ပန်းကောင်းပန်နိုင်သည့် အခြေအနေကောင်းကို ရောက်လာမည်ဖြစ်သည်။

ယနေ့လူငယ်များသည် သိလွယ်၊ တတ်လွယ်ကြသည်။ ထူးချွန်ကြသည်။ ထူးချွန်အောင်ကြိုးစားလိုစိတ်ရှိကြသည်။ အပြိုင်အဆိုင်၊ အားကျမခံကြိုးစားကြခြင်းကြောင့်လည်း ပြိုင်ပွဲများတွင် အမှတ်ပေးသူများက အထူးတလည် ဂရုတစိုက်ဖြင့် အမှတ်ပေးကြသည်။ အားလုံး၏တူညီသောဆန္ဒဖြင့် ဆုံးဖြတ်ချက်ဖြင့်ရွေးချယ်ရခြင်းဖြစ်၍ အဂတိကင်းစင်သည်ဟုဆိုနိုင်သည်။ လူဆိုသည်မှာ မိမိတို့စိတ်တွင် ကိုယ့်ကိုယ်ကိုယ်အထင်ကြီးနေတတ်ကြသည်။ မိမိ၏ချို့ယွင်းချက်ကိုမြင်အောင်ကြည့်ပြီး တိုးတက်အောင်၊ ပို၍တိုးတက်အောင် ကြိုးစားကြရမည်သာဖြစ်သည်။

မြန်မာ့သမိုင်းကိုပြန်ပြောင်းလေ့လာကြည့်လျှင် မြန်မာတို့၏ယဉ်ကျေးမှုအဆင့်အတန်းနှင့် ဉာဏ်ပညာတို့မနိမ့်ကျခဲ့ကြောင်း လေ့လာတွေ့ရှိရသည်။ ယဉ်ကျေးမှုဟူသောစကားရပ်ကို မြန်မာအဘိဓာန်တွင်ဖွင့်ဆိုထားသည်မှာ **"သိမ်မွေ့ပြေပြစ်သောတတ်သိလိမ္မာမှု၊ တိုးတက်ထွန်းကားလာသောလူမှုအဆင့်အတန်း၊ အစဉ်အလာအားဖြင့်ထိန်းသိမ်းတည်ရှိလာသောလေ့ထုံးတမ်းစဉ်သည်"** ဟူ၍ဖွင့်ဆိုထားသည်။ ကမ္ဘာတွင်ဂန္ဓဝင်အနုပညာ၊ ဂန္ဓဝင်ဂီတဟူ၍ပေါ်ပေါက်လာပြီး ယနေ့ထိတိုင်ခိုင်မြဲနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၎င်းတို့နှင့်ဆက်စပ်နေသည့် ဂန္ဓဝင်အနုပညာ၊ ဂန္ဓဝင်စာပေ၊ ဂန္ဓဝင်ဂီတဆိုသည်မှာ ပေါ်ပေါက်ခဲ့သည်။ ထိုသို့ပေါ်ပေါက်ခဲ့သည်မှာ မြန်မာတို့က နောက်ကျမှပေါ်ပေါက်ခဲ့ခြင်းမျိုးမဟုတ်ပေ။

စန္ဒရားလှထွဋ်ရေးသားခဲ့သည့် **"မြန်မာ့ဂီတရေစီးကြောင်းစာအုပ်တွင်** ကမ္ဘာနှင့်မြန်မာ၌ ဂန္ဓဝင်ဂီတပေါ်ထွန်းခဲ့သည့် ခေတ်တစ်ခေတ်ရှိကြောင်းဖော်ပြထားသည်။ အဆိုပါခေတ်မှာ ၁၈ ရာစုနှစ်အစောပိုင်းကာလ၊ ဒုတိယအင်းဝခေတ်ဟုသတ်မှတ်သည့် ညောင်ရမ်းခေတ် ၁၇၀၀ ပြည့်နှစ် ပတ်ဝန်းကျင်တွင် စာဆိုတော်ဝန်ကြီးပဒေသရာဇာက ထံတျာတေရှင် အစချီကြိုးသီချင်းများ၊ တျာချင်းများရေးသားပြုစုနေချိန်၌ ဂျာမနီက ဂီတပညာရှင်ဘ့ာ(ခ်)(၁၆၈၅-၁၇၅၀)က God is My King အမည်ရှိတေးဘွဲ့ကြီးကိုသီကုံးနေချိန်ဖြစ်သည်။

၁၇၂၅ ခုနှစ်ဝန်းကျင်တွင် ဆီသည်ရွာစားဦးအောင်ကြီးက "အင်းဝမြို့ဘွဲ့ ၁၂ ရာသီလူးတားစပ်ဆိုနေချိန်၌ အင်္ဂလန်ကဂီတပညာရှင်ဟင်ဒယ်လ်က သိမ်းမြစ်တွင် ဘုရင်ရေဆင်းပွဲသဘင်ကျင်းပသည့် "ရေလောဂီတ" Water Music ကိုသီကုံးနေသည်။ ၁၇၈၀ ပြည့်နှစ်ခန့်တွင် ဂျာမန်ဂီတပညာရှင် မိုးဇက်က "မော့ပလေ" အော်ပရာကိုရေးသားနေချိန်၌ လက်ဝဲသုန္ဒရာအမတ်ကြီး ဦးမြတ်စံက "မဲဇာတောင်ခြေ" ရတုကြီးကိုရေးသားနေပြီဖြစ်သည်။ ၁၉ ရာစုအစောပိုင်းဖြစ်သည့် ၁၈၀၀ ပြည့်နှစ်လွန်အချိန်များတွင် ဂျာမန်ဂီတပညာရှင် ဘေသိုဗင် က နပိုလီယန်စစ်ချီတက်ပုံကိုရေးဖွဲ့သည့် "ရဲစိတ်ရဲမာန်" တေးဘွဲ့ကြီးကိုရေးနေချိန်တွင် မြဝတီမင်းကြီးဦးစက "သာဆန်းရဂုံဗွေ" ပတ်ပျိုးကြီးကိုရေးဖွဲ့နေသည်။

၁၈၄၀ ပြည့်နှစ်ကာလများက ပိုလန်စန္ဒရားပညာရှင် "ရှိုပင်" က "ညဉ့်ယံတေးများ"ဆိုသည့် တေးဘွဲ့ကြီးကိုရေးစပ်နေချိန်တွင် အနောက်နန်းမိဖုရားမမြလေးက "ချစ်သမျှကို" ဂန္ဓဝင်ပတ်ပျိုးကြီးကို ရေးသားနေချိန်ဖြစ်သည်။ ထို့ကြောင့်ဆိုလိုချင်သည်မှာ ကမ္ဘာတွင်ဂန္ဓဝင်အနုပညာ၊ ဂန္ဓဝင်ဂီတဟူ၍ပေါ်ပေါက်ပြီး ယနေ့တိုင်ခိုင်မြဲနေသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ၎င်းတို့နှင့်ခေတ်ပြိုင် ဂန္ဓဝင်အနုပညာ၊ ဂန္ဓဝင်စာပေ၊ ဂန္ဓဝင်ဂီတဆိုသည်များ ပေါ်ပေါက်ခဲ့ကာ ရှေးနှစ်ပေါင်းများစွာမှ ယနေ့ထက်တိုင်ခိုင်မြဲစွာတည်ရှိနေဆဲဖြစ်သည်ကိုတင်ပြလိုခြင်းဖြစ်သည်။

မြန်မာတို့၏ဂီတအနုသုခုမပညာရပ်များမှာ ကိုယ်ပိုင်အနုပညာရပ်များဖြစ်သည်။ ကိုယ်ပိုင်ဟုဆိုရာတွင် မိမိကိုယ်တိုင်အားထုတ်ဖန်တီးမှုဖြင့် မွေးဖွားရသည့် အနုလက်ရာပစ္စည်းဖြစ်သောကြောင့် ပုဂ္ဂသဘောအရ ကိုယ်ပိုင်ဖြစ်သည်ဟုဆိုလိုသည်သာမက မိမိတိုင်းပြည်၏အနုပညာပစ္စည်းလည်းဖြစ်သည်ဟူသောသဘောကို ရည်ညွှန်းသည်။ သို့ဖြစ်၍ ဂီတအနုသုခုမပညာရပ်များသည် မြန်မာတို့၏အမျိုးသားယဉ်ကျေးမှုဖြစ်သည်။ အနုပညာသည်လူတိုင်းခံစားသောအရာဖြစ်သည်။ ကမ္ဘာတစ်ဝန်း လူသားတိုင်းခံစားနားလည်နိုင်သောအနုပညာတို့ကို ရသမြောက်ဖန်တီးစေစားနိုင်စွမ်းရှိလျှင် ကမ္ဘာကနှစ်သက်လက်ခံမည်ဖြစ်သည်။

မြန်မာတို့၏ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးသံစဉ်များမှာ လူသားတို့၏စိတ်နှလုံးနှင့် ထပ်တူညီမျှရှိသည်။ လက်ဝဲ့ပွဲကဲ့သို့အကြမ်းအတမ်းယှဉ်ပြိုင်ကြရသည့်အခါ သီဆိုတီးသံသည်မြူးကြွ၍ အားမာန်တက်ကြွဖွယ်ဖြစ်သည်။ ပျော်ရွှင်ကြည်နူးဖွယ်ကောင်းလှသော မဟာမင်္ဂလာအခမ်းအနားများတွင်မင်္ဂလာနှင့်လိုက်ဖက်ညီသော ဆိုတီးသံကိုငြိမ့်ညောင်းသာယာစွာကြားရသည်။ ထို့အတူအလွန်ဝမ်းနည်းဖွယ်ကောင်းလှသည့်အခါများနှင့်ကြုံရသည့်အခါ တကယ့်ကိုပူဆွေးသောကစိတ်ကိုဖြစ်စေသည့် ဆိုတီးသံကိုကြားရသည်။

ထို့ကြောင့် မဟာဂီတတွင် ကြိုးသီချင်းများ၊ ဘွဲ့သီချင်းများ၊ သီချင်းခံများ၊ ပတ်ပျိုးသီချင်းများ၊ ယိုးဒယားသီချင်းများ၊ မွန်သီချင်းများ၊ လေးထွေသံကပ်၊ မြင်းခင်း၊ လောကနတ်ချင်း၊ ဒိန်းသံ၊ ကရင်ြ၊ ဘောလယ်သီချင်း၊ တေးထပ်၊ ရှစ်ဆယ်ပေါ်တေးထပ်စသည်ဖြင့် ထည်ဝါခဲ့ညားစွာအမျိုးအစားခွဲခြားထားသည်။ သီချင်းအားလုံး၏သင်ရိုးအစမှာ ဝန်ကြီးပဒေသရာဇာရေးဖွဲ့ထားခဲ့သော (ထံတျာတေရှင်) အစချီသည့် ပုစဉ်းတောင်သံကြိုးဖြစ်သည်။ ဤကြိုးသီချင်းကို အခြေခံအဖြစ်ပထမဦးစွာစတင်သင်ယူကြရသည်။

မြန်မာတို့၏မဟာဂီတသီချင်းကြီးများသည် သံကျ၊ စည်းဝါး၊ အတော၊ အပိုဒ်ပြန်၊ တီးကွက်၊ အဆို စသည်ဖြင့်အပိုင်းခြောက်ပိုင်းခွဲခြား၍စနစ်တကျစီစစ်ထားပြီးဖြစ်သော သီချင်းကြီးများဖြစ်သည်။ သင်တိုင်းမတတ်သည့်ပညာဖြစ်ပြီး ဝါသနာနှင့်ကြိုးစားမှု၊ ပါရမီဓာတ်ခံရှိမှု၊ ဆရာကောင်းရှိမှုတို့နှင့်ပြည့်စုံမှလည်း ပိုမိုအောင်မြင်နိုင်သည့်ပညာရပ်ဖြစ်သည်။ အနုသုခုမပညာကိုသင်ယူကြရာတွင် စိတ်ရင်းစေတနာကောင်းနှင့် မာန်မာနကင်းစွာ သင်ယူနိုင်မှလည်း တတ်မြောက်နိုင်သည်။ ရှေးခေတ်ကယနေ့ကာလကဲ့သို့ အနုပညာယဉ်ကျေးမှုတက္ကသိုလ်များမရှိသေးသည့်အတွက် ပညာတတ်မြောက်လိုသူသည် ဆရာထံတွင်ရိုသေကျိုးနွံစွာ ပညာသင်ယူကြရသည်။ ရိုးသားကြိုးစားသည့်တပည့်အတွက် ဆရာကလည်း ဆရာစားမချန်သင်ပေးကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့်မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထာဝစဉ်ရှင်သန်ဖွံ့ဖြိုးရေး၊ အနုပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားယဉ်ကျေးမှုကို နိုင်ငံတကာအလယ်တွင် ဂုဏ်ယူစွာဖော်ဆောင်နိုင်ရေးတို့အတွက် အစဉ်တစိုက်အားပေးမြှင့်တင်လျက်ရှိသည်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် မြန်မာနိုင်ငံသားများ၏ အမျိုးသားယဉ်ကျေးမှုလက္ခဏာများကို ထင်ဟပ်ဖော်ပြနေသည့် ပြိုင်ပွဲတစ်ရပ်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပြိုင်ပွဲများကျင်းပပေးနေခြင်းဖြစ်သည်။ ကောင်းမွန်သောဦးတည်ချက်များ ချမှတ်ပေးခြင်းနှင့်အတူ တရားမျှတသောပြိုင်ပွဲဖြစ်လာစေရေးကို ထိန်းကျောင်းပေးလျက်ရှိသည်။ ထို့ကြောင့် ပြိုင်ပွဲဝင်အားလုံးက မိမိတို့ပါဝင်မည့်ဘာသာရပ်အလိုက် အစွမ်းကုန်ယှဉ်ပြိုင်ပြီး နိုင်ငံတော်၏ယဉ်ကျေးမှုမျက်နှာစာကို ခိုင်ခိုင်မာမာ ကာကွယ်နိုင်သူများဖြစ်အောင် တည်ဆောက်ကြပါရန်နှင့် (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပါဝင်ဆောင်ရွက်ကြသူအားလုံးကို ကြိုဆိုပါကြောင်း အနုပညာကိုမြတ်နိုးစွာရေးသားလိုက်ရပေသည်။ ။

အယ်လ်နီညိုဖြစ်စဉ်ကြောင့် သီးနှံစိုက်ပျိုးမှုမထိခိုက်စေရေး အသိပညာပေးဆောင်ရွက်

ဆိပ်ဖြူ အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ အယ်လ်နီညိုဖြစ်စဉ်ကြောင့်ဆောင်းသီးနှံစိုက်ပျိုးထုတ်လုပ်မှု ထိခိုက်ပျက်စီးမှုမရှိစေရေး ဒေသခံတောင်သူများအား စိုက်ပျိုးရေးအသိပညာပေးလုပ်ငန်းများကို အောက်တိုဘာလ ၂၀ ရက်နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက စိုက်ပျိုးရေးကဏ္ဍ မြှင့်တင်ရေးနှင့် ကုန်ထုတ်လုပ်မှုမြင့်မားတိုးတက်ရေး လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ အယ်လ်နီညိုအကြောင်း သိကောင်းစရာများ ဖြစ်ပေါ်လာနိုင်သည့် ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးကဏ္ဍမှ ထိခိုက်မှုမရှိစေရန် သက်ဆိုင်ရာဌာနများမှ အသိပေး ကြေညာချက်များ၊ ဆောင်ရန်၊ ရှောင်ရန်အချက်များကို လိုက်နာဆောင်ရွက်သွားကြရန် အမှာစကားများပြောကြားသည်။

ဆက်လက်၍ ဆောင်းသီးနှံစိုက်ပျိုးတောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ မြို့နယ်ဦးစီးမှူးများက စိုက်ပျိုးသီးနှံများ ထိခိုက်မှုမရှိစေရေး၊ စိုက်ပျိုးရေ လေလွင့်ဆုံးရှုံးမှုမရှိစေရေးနှင့် ဒေသခံတောင်သူများ မွေးမြူထားရှိသည့် ကြွ၊ နွား တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိရေးတို့ကို အသိပညာပေးဆွေးနွေးဟောပြောဆောင်ရွက်ကြကြောင်းသိရသည်။

ကိုဇွဲ (အညာမြေ)



အိမ်ပြင်ပ၌ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များတွေ့ဆုံပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ



နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်နိုင်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားလှယ်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကိုယနေ့နံနက် ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ် (၂၀) အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များဖြစ်သည့် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်များနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က နိုင်ငံရေးပါတီများအနေဖြင့် ယခင်ကလည်း ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြား ဆက်ဆံရေးနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာနှင့် ပတ်သက်သည့်ကိစ္စများနှင့် ရှေ့ဆက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဆိုသည်မှာ နိုင်ငံရေးကျင့်စဉ်နှင့် အာဏာခွဲဝေမှုတို့ဖြစ်သင့်ကြောင်း၊ နှစ်ဖက်ဆွေးနွေးရာတွင် သဘောတူညီချက်များ ရရှိနိုင်သကဲ့သို့ ဆက်လက်ဆွေးနွေးရမည့်ကိစ္စများလည်းရှိလာမည်ဖြစ်ပါကြောင်း၊ ယခုလည်း ဖက်ဒရယ်ဆိုင်ရာအချက်များအား ဆွေးနွေးညှိနှိုင်း၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးသွားကြစေလိုကြောင်း ပြောကြားပါသည်။

ယင်းနောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ကိုယ်စားအဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာတွင် မိမိနိုင်ငံနှင့်ကိုက်ညီသည့် ဖက်ဒရယ်စနစ်ဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၏ ဆက်ဆံရေးကောင်းမွန်စေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင် ပြင်ဆင်သင့်သည့်အချက်များပြင်ဆင်ရန်လိုအပ်ကြောင်း၊ ခိုင်မာသည့် ပြည်ထောင်စုဖြစ်ရန်လိုအပ်ထဲကဲ့သို့ လွတ်လပ်ပြီး တရားမျှတသည့် ပြည်ထောင်စုကြီးလည်းဖြစ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရသည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုသည့်အတွက် ခိုင်မာအားကောင်းရန်လိုအပ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် လွတ်လွတ်လပ်လပ်လုပ်ကိုင်နိုင်ရန် လုပ်ပိုင်ခွင့်ပြည့်ပြည့်ဝဝရှိရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ဝင်များက ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရများအကြား ဆက်ဆံရေးနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ ကိစ္စရပ်များဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးတည်ဆောက်ရာတွင် အလွှာအားလုံးပါဝင်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား လုပ်ငန်းတာဝန်ကို ရှင်းလင်းစွာသတ်မှတ်ရန်လိုကြောင်း၊ ပြည်ထောင်စုအစိုးရအနေဖြင့် နိုင်ငံတစ်ဝန်းလုံးနှင့် သက်ဆိုင်သည့်အတွက်သက်ဆိုင်ရာမူဝါဒများ၊ အမျိုးသားအဆင့်စီမံကိန်းများ၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှုများကို ညှိနှိုင်းဆောင်ရွက်သင့်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများအကြား ပထဝီအနေအထား လူဦးရေ၊ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်အပေါ် အခြေခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်ဒုတိယဗိုလ်ချုပ်ကြီးအေးဝင်း(ငြိမ်း)က ပြည်ထောင်စုဥပဒေပြုစာရင်းနှင့်တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ပြဋ္ဌာန်းပြီးဥပဒေများ၊ ပြဋ္ဌာန်းရန်ကျန်သည့် ဥပဒေများနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့မှဆွေးနွေးတင်ပြမှုများအား အကျဉ်းချုပ်ပြန်လည်ဆွေးနွေးခဲ့သည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက်တာဆွေးနွေးမှုများအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရေး၊ ညှိနှိုင်းရေးကော်မတီဘက်မှ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို မြှင့်တင်ပါကထိတွေ့ဆက်ဆံနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပေးရေး၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့အနေဖြင့် ပါတီတစ်ခုချင်းစီ၏ သဘောထားများအား ဖော်ပြနေခြင်းထက် ပါဝင်ပတ်သက်သည့် နိုင်ငံရေးပါတီအားလုံး၏ အသံကို ထင်ဟပ်နိုင်စေရေး၊ ဆွေးနွေးပွဲအဆင့်တွင် ရပ်တန့်မနေဘဲ မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုသည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရေးတို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ မှတ်တမ်းတင်ပြီး ရရှိသော သဘောထားစုစည်းချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံရေးပါတီများအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပိုမိုပါဝင်လာစေရေး၊ ညှိနှိုင်းရေးကော်မတီဘက်မှ နိုင်ငံရေးပါတီများ၏ အခန်းကဏ္ဍကို မြှင့်တင်ပါကထိတွေ့ဆက်ဆံနိုင်သည့် အတိုင်းအတာနှင့် လုပ်ပိုင်ခွင့်များကို ရှင်းလင်းစွာ သတ်မှတ်ပေးရေး၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့အနေဖြင့် ပါတီတစ်ခုချင်းစီ၏ သဘောထားများအား ဖော်ပြနေခြင်းထက် ပါဝင်ပတ်သက်သည့် နိုင်ငံရေးပါတီအားလုံး၏ အသံကို ထင်ဟပ်နိုင်စေရေး၊ ဆွေးနွေးပွဲအဆင့်တွင် ရပ်တန့်မနေဘဲ မည်သို့ချိတ်ဆက်ဆောင်ရွက်နိုင်မည်ဆိုသည့်နည်းလမ်းများ ဖော်ထုတ်နိုင်ရေးတို့အား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ယင်းနောက် ဆွေးနွေးမှုများနှင့် ပတ်သက်၍ မှတ်တမ်းတင်ပြီး ရရှိသော သဘောထားစုစည်းချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ဒေါက်တာအောင်မြတ်ဦးက ကျေးဇူး

မြဝတီ

မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာမှုခင်းများနှင့်စပ်လျဉ်း၍ အသိပညာဆွေးနွေး



မန္တလေး အောက်တိုဘာ ၂၀

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကြီးမှူး၍ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်တွင် "မူပိုင်ခွင့်ဆိုင်ရာဥပဒေများ၊ မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့်စပ်လျဉ်း၍ အသိပညာဆွေးနွေးပွဲ"ကို အောက်တိုဘာလ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးဦးသိန်းကိုကို၊ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လှမြင့်နှင့် ပြည်ထောင်စုတရားစီရင်ရေး ကြီးကြပ်မှုရုံး ညွှန်ကြားရေးမှူးချုပ် ဒေါ်တင်နွယ်စိုးတို့က အမှာစကားပြောကြားကြပြီး မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တိုင်းဒေသကြီးတရားရေးဦးစီးမှူး ဒေါ်တင်သန်းက ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ဆက်လက်၍ တာဝန်ရှိသူများက "New Features of TM Law ; Standing to sue & Jurisdictional Issues of IP Court"၊ "ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ချိုးဖောက်မှုအပေါ် လေ့လာတင်ပြခြင်း"၊ "မူပိုင်ခွင့်ချိုးဖောက်မှုဆိုင်ရာ မှုခင်းများနှင့် တရားရုံး၏အခန်းကဏ္ဍ"၊ "တီထွင်မှုမူပိုင်ခွင့်နှင့်စပ်လျဉ်း၍ ရရှိနိုင်သည့် ဥပဒေဆိုင်ရာ အခွင့်အရေးများ" စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကြောင်း သိရသည်။

မြင့်မော်ထွန်း (ပြန်/ဆက်)

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၂၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွှေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/၈လ)**

၂၀-၁၀-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)** ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

အယ်လ်နီညို ဖြစ်စဉ်၏ သက်ရောက်မှုများ



တပ်မတော်စစ်ကြောင်းများက အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းများပေါ်အခြေပြု၍ ခရီးသွားပြည်သူများကို ဆက်ကြေးကောက်အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်ခဲ့မှုမှတ်တမ်း။





နောင်မိုးရွာမှ အကြမ်းဖက်အဖွဲ့များ၏အခြေပြုစခန်းများအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



မဲဇာရွာမှ အကြမ်းဖက်အဖွဲ့များ၏အခြေပြုစခန်းများအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။



နန့်သဲရွာမှ အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းသိမ်းပိုက်ရရှိမှု မှတ်တမ်းဓာတ်ပုံ။

အကြမ်းဖက်သောင်းကျန်းသူများမှ အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းများရှိ ကျေးရွာများနှင့် ဝန်းကျင်နေရာများတွင် ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားပုံ။









အကြမ်းဖက်သောင်းကျန်းသူများက ကျောက်တောရွာသစ်အနီး ဘန်ကာများ၊ ပစ်ကျင်းများ၊ ခံစစ်ကျင်းများတူး၍ စစ်စခန်းအဖြစ်အသုံးပြုထားပုံ။

▲ ကျောဖုံးမှအဆက်

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များသည်၎င်းတို့၏အကျိုးစီးပွားအတွက် မြို့/ရွာ/ဒေသအချို့ကို ယာယီစိုးမိုး၍ အကြမ်းဖက်လုပ်ရပ်များကိုလုပ်ဆောင်ကာ ဒေသဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့်ဆက်သွယ်ရေးလမ်းကြောင်းများကို ပိတ်ဆို့ခြင်းများ လုပ်ဆောင်ခဲ့ပြီး အများပြည်သူအသုံးပြုလျက်ရှိသည့် ဆက်သွယ်ရေးလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းများတည်ဆောက်ကာ ခရီးသွားပြည်သူများထံမှ ဆက်ကြေးကောက်ခံခြင်း၊ ပြည်သူများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ၎င်းတို့အလိုမကျပါက သတ်ဖြတ်ခြင်းများ ပြုလုပ်လျက်ရှိသည့်အတွက် ဒေသခံများအနေဖြင့် ကုန်စည်သယ်ယူပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှုများတွင် အခက်အခဲများဖြစ်ပေါ်ကာ စားရေရိက္ခာနှင့်အသုံးအဆောင်ပစ္စည်းများ ရှားပါးလာခြင်း၊ ဆေးဝါးနှင့် အရေးပေါ်သုံးပစ္စည်းများ မရောက်ရှိတော့ခြင်း၊ စီးပွားရေးလုပ်ငန်းများအတွက် ကုန်ကြမ်းများ ပြတ်လပ်ပြီး ကုန်ချောများလည်း ဈေးကွက်သို့ မရောက်ရှိတော့ခြင်းတို့ကြောင့် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝများ ချွတ်ခြုံကျဆင်းလာသည့်အပြင် အကြမ်းဖက်သမားများ၏ အနိုင်ကျင့်နှိပ်စက်မှုများကိုလည်း ခါးသီးစွာခံစားရလျက်ရှိသည်။

ထို့ကြောင့် တပ်မတော်စစ်ကြောင်းများကပြည်သူလုထုအတွက် အဓိကအရေးပါသော အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် လမ်းပန်းဆက်သွယ်ရေးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားခဲ့သည့် မြို့ရွာများနှင့်ဆက်သွယ်ရေးလမ်းကြောင်းများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး မန္တလေး-မတ္တရာ- သပိတ်ကျင်း- တကောင်း- ထီးချိုင့်- ကသာ- အင်းတော်-မော်လူး- နန့်စီးအောင်- မိုးညှင်း- မိုးကောင်း- မြစ်ကြီးနား ဆက်သွယ်ရေးလမ်းကြောင်းတစ်လျှောက်ကို လည်း ၂၀၂၆ ခုနှစ်၊ မေလ ၆ ရက်တွင် ကျန်စစ်သားများ ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ကြောင်း ကြေညာခဲ့ပြီးဖြစ်သည်။

ထို့နောက် ကျန်စစ်သားများ၏ အခြေပြုစခန်းများအား ရှင်းလင်းနိုင်ရေး တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့တွင် စနစ်တကျစုဖွဲ့ကာ စစ်ကြောင်းများ ခွဲပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၅ ရက်တွင် လယ်နောင်ကျေးရွာနှင့် ကမ်းနီကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပင့်သချေကျေးရွာ၊ မဲဇာကျေးရွာ၊ လယ်ဇင်ကျေးရွာနှင့် နန့်သဲကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျောက်တောကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်း (၁)ခုနှင့် ကြိမ်ချောင်းကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပိန်းအင်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဆင်ကုန်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ညောင်ကိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၈ ရက်နှိပ်စက်နေသော အကြမ်းဖက်သောင်းကျန်းသူများ၏ အခြေပြုစခန်းများအား ရှင်းလင်းနိုင်ရေး တပ်မတော်စစ်ကြောင်းများက အင်းတော်မြို့တွင် စနစ်တကျစုဖွဲ့ကာ စစ်ကြောင်းများ ခွဲပြီး ဟန်ချက်ညီညီချီတက်၍ နယ်မြေလုံခြုံရေး လုပ်ငန်းများကို အဆင့်ဆင့် ဆောင်ရွက်ခဲ့ရာ အောက်တိုဘာလ ၅ ရက်တွင် လယ်နောင်ကျေးရွာနှင့် ကမ်းနီကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၉ ရက်နေ့တွင် ပင့်သချေကျေးရွာ၊ မဲဇာကျေးရွာ၊ လယ်ဇင်ကျေးရွာနှင့် နန့်သဲကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် ကျောက်တောကျေးရွာအနီးရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်း (၁)ခုနှင့် ကြိမ်ချောင်းကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၃ ရက်နေ့တွင် ပိန်းအင်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဆင်ကုန်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၁၆ ရက်နေ့တွင် ညောင်ကိုင်းကျေးရွာနှင့် ထန်းတပင်ကျေးရွာတို့အားလည်းကောင်း၊ အောက်တိုဘာလ ၁၈ ရက်နေ့တွင် နမ်းခမ်းကျေးရွာ၊ လယ်ပြင်ကျေးရွာနှင့် မအူကုန်းကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

တပ်မတော် စစ်ကြောင်းများအနေဖြင့် အဆိုပါလမ်းကြောင်းပေါ်ရှိ ကျေးရွာများအား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကိုပမာန မထားဘဲ ရင်ဘိုကြမေကတုတ်လုပ်ကာ ရွပ်ရွပ်ခွံခွံ တိုက်ခိုက်ချေမှုန်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/ငယ် ထိတွေ့မှု စုစုပေါင်း ၃၂ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၈လောင်း၊ လက်နက်မျိုးစုံ အပြည့်အဝထိန်းချုပ်၍ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဒေသတွင်းကုန်စည်စီးဆင်း ကူးသန်းရောင်းဝယ်မှုများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပြီး ပညာရေး၊ ကျန်းမာရေး စသည့်ပြည်သူများ၏ လူမှုစီးပွားဘဝများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။

ဆက်လက်၍ အင်းတော်-ဝန်းသို-ကောလင်းလမ်းကြောင်းနှင့် အင်းတော်-မအူကုန်း-ကျောက်တန်းလမ်းကြောင်းပေါ်တွင် အခြေပြု၍ ခံစစ်စခန်းငယ်များ ဆောက်လုပ်ကာ ခရီးသွားပြည်သူများအပေါ် အနိုင်ကျင့်နေ့တွင် နမ်းခမ်းကျေးရွာ၊ လယ်ပြင်ကျေးရွာနှင့် မအူကုန်းကျေးရွာတို့အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်း၊ မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ။

ထန်းတပင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

သစ်ပုံလွင်ရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။



မဲဇာကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။



ကျုံးကျုံးကျကျေးရွာအနီး အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသည့် လက်နက်၊ ခဲယမ်းနှင့် ဆက်စပ်ပစ္စည်းများ။

ထို့ကြောင့်တပ်မတော်စစ်ကြောင်းများအနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်သောပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြည်သူလူထု၏ကျန်းမာရေး၊ ပညာရေးကဏ္ဍတို့ကို ပြန်လည်ဖော်ဆောင်ပေးနိုင်ရန်အတွက် လိုအပ်သည်များကို ပြည်သူလူထုနှင့် လက်တွဲ၍ ဆက်လက်ဖော်ဆောင်ပေးသွားမည်ဖြစ်ပြီး နယ်မြေလုံခြုံရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့(Alliance for Cultural Heritage in Asia-ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း တက်ရောက်



နေပြည်တော် အောက်တိုဘာ ၂၀

အာရှဒေသ ယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့(Alliance for Cultural Heritage in Asia–ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟန်ကျိုးမြို့၌အောက်တိုဘာလ ၁၇ ရက်နှင့် ၁၈ ရက် နှစ်ရက်တာကျင်းပခဲ့ရာ ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း ပါဝင်တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီးသည် အောက်တိုဘာလ ၁၇ ရက် နံနက်ပိုင်းတွင် ဟန်ကျိုးမြို့ Liangzhu Narada Resort ရှိ အစည်းအဝေးခန်းမ၌ တရုတ်နိုင်ငံ အမျိုးသားယဉ်ကျေးမှုအမွေအနှစ် စီမံခန့်ခွဲရေးဌာန အကြီးအကဲ Mr. Qiao Yunfei နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ACHA ၏ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များတွင် မြန်မာနိုင်ငံ အနေဖြင့် တက်ကြွစွာပူးပေါင်းပါဝင်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် ယဉ်ကျေးမှုအမွေအနှစ်ကြွယ်ဝသောနိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ဒြပ်ရှိယဉ်ကျေးမှု အမွေအနှစ်များကိုသာမက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များကိုပါ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို အထူးအလေးပေးဆောင်ရွက်နေသကဲ့သို့ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်တစ်ရပ်ဖြစ်သော “သနပ်ခါးယဉ်ကျေးမှုဧလေ့”အား ယူနက်စကို၏ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင်နိုင်ရေး အဆိုပြုတင်ပြထားရာ ယခုနှစ်ဒီဇင်ဘာလတွင်အဆုံးအဖြတ်ပေးမည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ထို့အတူ Mr. Qiao Yunfei က တရုတ်-မြန်မာ နှစ်နိုင်ငံ၏တူညီသော ယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် ရှေးဟောင်းပေစာမှတ်တမ်းများအား ကာကွယ်ထိန်းသိမ်းခြင်း အစီအစဉ်နှင့် သဘာဝဘေးအန္တရာယ်မကျရောက်မီ၊ ကျရောက်ဆဲ၊ ကျရောက်ပြီး ကာလများအတွက် စီမံခန့်ခွဲမှု လက်တွေ့သင်ကြားပေးခြင်း အစီအစဉ်များသည် ဒြပ်ရှိဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအတွက် အထူးပင်အကျိုးရှိသော ကိစ္စရပ်များဖြစ်သောကြောင့် ပူးပေါင်းဆောင်ရွက်လိုကြောင်း ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် ဟန်ကျိုးမြို့ရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် လျန်ကျူးရှေးဟောင်းမြို့နှင့် လျန်ကျူးပြတိုက်တို့ကို သွားရောက်လေ့လာခဲ့သည်။

အောက်တိုဘာလ ၁၈ ရက် နံနက်ပိုင်းတွင် Inter Continental Hangzhou Liangzhu ရှိ Jade Cong Ballroom ၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့(ACHA) စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးဖွင့်ပွဲသို့ ပါဝင်တက်ရောက်သည်။

ဆက်လက်၍ Liangzhu 5000+ Art and Creative Park တွင် **“တရုတ်ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ အစိတ်အပိုင်းများကို အတုယူဆန်းသစ်ထားသည့် ဒီဇိုင်းဖန်တီးမှုဖြင့် အမွေအနှစ်များကို ပြန်လည်ရှင်သန်စေခြင်းနှင့် ယဉ်ကျေးမှုဖလှယ်မှုဖြင့် လူ့ယဉ်ကျေးမှုများကို ချိတ်ဆက်ခြင်း”** ခေါင်းစဉ်ဖြင့် ကျင်းပသည့် ယဉ်ကျေးမှုဆိုင်ရာလှုပ်ရှားမှု အထူးပြပွဲနှင့် စျေးရောင်းပွဲတော်ကို သွားရောက်လေ့လာခဲ့သည်။

ညနေပိုင်းတွင် Liangzhu Narada Resort ရှိ Narada Hall ၌ ကျင်းပသည့် အာရှဒေသယဉ်ကျေးမှုအမွေအနှစ်မဟာမိတ်အဖွဲ့စတုတ္ထအကြိမ်မြောက် ကောင်စီအစည်းအဝေးသို့ ပါဝင် တက်ရောက်သည်။

အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၂ နိုင်ငံမှ ယဉ်ကျေးမှုဆိုင်ရာဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်နှင့်သံအမတ်များက သက်ဆိုင်ရာ နိုင်ငံများကိုယ်စားအမှာစကားပြောကြားကြပြီး **“အန္တရာယ်ကျရောက်နေသော ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရေး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးကာ မြန်မာနိုင်ငံ၊ အီရန်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် International Alliance for the Protection of Heritage(ALIPH) အဖွဲ့အစည်းတို့က တစ်နိုင်ငံချင်း အလိုက် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အောက်တိုဘာလ ၁၉ ရက်ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။ **မြဝတီ**

ကြာအင်းဆိပ်ကြီးမြို့နယ် ဝါးဘိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

ကြာအင်းဆိပ်ကြီး အောက်တိုဘာ ၂၀

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးခရိုင် ကြာအင်းဆိပ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါးဘိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိ အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့်တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကြာအင်းဆိပ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်တွေ့ဆုံ၍ ဝါးဘိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများ စနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းက လိုအပ်သည်များ မှာကြားသည်။

အဆိုပါဝါးဘိုးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ (၁၁)ကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ လေးဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို အတိုးနှုန်းသက်သာစွာဖြင့် ငွေကျပ် ၆၄ ဒသမ ၂ သန်း ထုတ်ချေးထားကြောင်း ကြာအင်းဆိပ်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဟိန်းမင်းထံက သိရသည်။

ချမ်းမြေ

နိုင်ငံတကာတက်ဂ်ဘောပြိုင်ပွဲနှစ်ခုတွင် မြန်မာတက်ဂ်ဘောအသင်း ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၂၀

ထိုင်းနိုင်ငံတွင် အောက်တိုဘာလ စတုတ္ထပတ်နှင့်နိုဝင်ဘာလဆန်းအတွင်း FITEQမှ ကြီးမှူးကျင်းပမည့် နိုင်ငံတကာ တက်ဂ်ဘောပြိုင်ပွဲနှစ်ခု ဖြစ်သည့် Teqball Tour Si Racha 2026 နှင့် Teqball World Series Ayutthaya 2026 ပြိုင်ပွဲများသို့ မြန်မာ့လက်ရွေးစင်တက်ဂ်ဘော အသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ Teqball Tour Si Racha 2026 ပြိုင်ပွဲကို အောက်တိုဘာလ ၂၃ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ ချန်ဘူရီခရိုင် Si Racha မြို့ရှိ Pacific Hall, Pacific Park Si Racha ၌ ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲအမျိုးအစားများ ပါဝင်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ကစားသမားများအနေဖြင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင်ဖြူဖြူသန်း၊ ဆုမွန်အောင်နှင့် ခင်နှင်းဝေတို့ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး Mixed Double ပြိုင်ပွဲမှာတော့ ခင်နှင်းဝေသည် မလေးရှားနိုင်ငံမှ ကစားသမားတစ်ဦးနှင့် တွဲဖက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့နောက် Teqball World Series Ayutthaya 2026 ပြိုင်ပွဲကို အောက်တိုဘာလ ၃၀ ရက်မှ နိုဝင်ဘာလ ၁ ရက်အထိ ထိုင်းနိုင်ငံ Ayutthaya မြို့ရှိ The Hall, Ayutthaya City Park ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲနှင့် အမျိုးသားအမျိုးသမီးနှစ်ယောက်တွဲ ပြိုင်ပွဲအမျိုးအစားများ ပါဝင်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင် တက်ဂ်ဘော အားကစားသမားများအားလုံးက ပြိုင်ပွဲအမျိုးအစားသုံးမျိုးစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

အဆိုပါ နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခြင်းသည် မြန်မာ့လက်ရွေးစင် အားကစားသမားများအတွက် နိုင်ငံတကာအဆင့် ပြိုင်ပွဲအတွေ့အကြုံများရရှိစေရန်၊ နိုင်ငံအသီးသီးမှ ကစားသမားများနှင့် ယှဉ်ပြိုင်ကစားခြင်းမှတစ်ဆင့် နည်းစနစ်နှင့်စွမ်းဆောင်ရည်များ ပိုမိုတိုးတက်လာစေရန်နှင့် အနာဂတ်နိုင်ငံတကာပြိုင်ပွဲများအတွက် အတွေ့အကြုံကောင်းများ ရရှိနိုင်ရန် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။ **ဝန်းရံခ**

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၀

မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ **(မိုး/ဧလ)**

ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရေး ငါးသားပေါက်များပေးအပ်

ဘိုကလေး အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ရေသယံဇာတတိုးပွားစေရေးနှင့် ငါးသယံဇာတမပြုန်းတီးစေရေးအတွက် ကြေးတိုင်အင်းများအတွင်း ငါးမျိုးစိုက်ထည့်နိုင်ရန် ငါးသားပေါက်များ ပေးအပ်ခြင်းကို ယနေ့တွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၌ ဆောင်ရွက်သည်။



ထိုသို့ ငါးသားပေါက်များပေးအပ်ရာတွင် တာဝန်ရှိသူများက ယခုနှစ်အင်းလုပ်ငန်းရာသီအတွက် မြို့နယ်အတွင်းရှိ ကြေးတိုင်အင်းများအတွင်း ငါးမျိုးများစိုက်ထည့်နိုင်ရေး အင်းသားကြီးများထံ ၃ လက်မအရွယ် ငါးတန်သား ပေါက်အကောင်ရေ ၁၁၂၀၀၀၀ ကျော်ကို လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

အခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းလှိုင်နှင့် ကော်မတီဝင်များ မြို့နယ်ကြေးတိုင်အင်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်ဆွေနှင့် ဝန်ထမ်းများ၊ ကြေးတိုင်အင်းသားကြီးများ တက်ရောက်ကြကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၀

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်အလေးထားဆောင်ရွက်လျက်ရှိရာ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးလုပ်ကိုင်ခဲ့သည့် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများ၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ထပ်မံလုပ်ကိုင်နိုင်ခြင်းမရှိစေရန် အဆိုပါ အဆောက်အအုံများအား အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများကို စနစ်တကျဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံများအားစနစ်တကျဆက်လက်ဖြိုချဖျက်ဆီးမှုနေရာပြမြေပုံ။



ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် ဖြိုချဖျက်ဆီးရန်ကျန် တရားမဝင် အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးလျက်ရှိသည့် ၅ ထပ် အဆောက်အအုံတစ်လုံးအား ယနေ့ အထိ ၄၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေ ဒုတိယပိုင်းအတွင်းရှိ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၆၃ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၂၅ လုံး၊ ဖောက်ခွဲ၍ ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၄ လုံးနှင့် လူနေအိမ်များနှင့်မလွတ်ကင်း၍ လူအင်အားအသုံးပြုကာ တစ်လွှာချင်းဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၃၄ လုံးဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ထားပြီး စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို ဆောင်ရွက်လျက်ရှိရာဖောက်ခွဲ၍ ဖြိုချမည့် အဆောက်အအုံ ၄ လုံးနှင့် ယာဉ်ယန္တရားများဖြင့်ဖြိုချဖျက်ဆီးမည့် အဆောက်အအုံများအနက် ၂လုံးတို့အား ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း၊ ဖြိုချဖျက် ဆီးရန် ကျန် ရှိသည့် အဆောက်အအုံ ၅၇ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖြိုချဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွားနယ်ပယ်နှင့် အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာသည့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ပပျောက်စေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့်ပူးပေါင်းကာ အပြီးတိုင်ထုံးဝပပျောက်သွားစေရေး အထူးအလေးထားနိမ်နင်းလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)







အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင်ဆက်စပ်ပါဝင်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦး မြန်မာ - ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံလွှဲပြောင်းပေးအပ်

နေပြည်တော် အောက်တိုဘာ ၂၀

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးအား မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်



ကရင်ပြည်နယ်၊ မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား သုံးဦးအား သက်ဆိုင်ရာနိုင်ငံသို့ လွှဲပြောင်းပေးအပ်စဉ်။

တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန၊ ခရိုင်ဦစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းစိုးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Case Officer and Interpreter Ms. Maria Alexandra G.Contreras နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၅၂၉၃ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၄၁၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပါသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၁၁၉၀ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး(လတ်တလော)ပြဋ္ဌာန်းချက်များအက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၄၇၁ ဦးရှိသည့် အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၇၁၉ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့်နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာကော်မတီများဖွဲ့စည်းပြီး ဘက်စုံဖွံ့ဖြိုးရေးနှင့် အလုပ်အကိုင်ရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိ



နေပြည်တော် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီကိုသာမက နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်ရေးရာကော်မတီများဖွဲ့စည်းပြီး ဒေသအနှံ့ အပြားရှိ အထူးအလေးပေးရမည့် လူငယ်များကို ယခင်အုပ်စု ၁၁ စု သတ်မှတ်ခဲ့သော်လည်း ယခုအခါ လူငယ်အုပ်စု ၅ စုကို ထပ်မံတိုးမြှင့်ကာ စုစုပေါင်း လူငယ်အုပ်စု ၁၆ စု၏ဘက်စုံဖွံ့ဖြိုးရေးနှင့်အလုပ်အကိုင်ရရှိရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း လူငယ်များ၏ အခန်းကဏ္ဍနှင့် စွမ်းရည်မြှင့်တင်ရေး ဟောပြောပွဲမှ သိရသည်။

အဆိုပါဟောပြောပွဲကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၏ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဟောပြောပွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဦးသန်းမောင်က လူငယ်များသည် နိုင်ငံတစ်နိုင်ငံ၏အနာဂတ်ကိုပုံဖော်တည်ဆောက်ကြမည့် အရေးပါသော လူစွမ်းအား အရင်းအမြစ်များဖြစ်၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ အနာဂတ်လူငယ်များ၏ အခန်းကဏ္ဍနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများတွင် လူငယ်များ အနေဖြင့် ပညာရပ်ပိုင်းဆိုင်ရာ အသိပညာ၊ အတတ်ပညာများ သာမက ဇလငါးတန်နှင့် ပြည့်စုံခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ကိုယ်ချင်းစာတရားမြင့်မားခြင်းဖြင့် အနာဂတ်၏ ခေါင်းဆောင်ကောင်းများအဖြစ် ရည်မှန်းချက်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့အတူ လူငယ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဒေါက်တာမောင်သင်းက လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် လူငယ်ရေးရာဝန်ကြီးဌာနကို အသစ်ဖွဲ့စည်းတာဝန်ပေးအပ်မှု၊ လူငယ်ကဏ္ဍ ၁၆ ရပ်ကို လုပ်ငန်းစဉ် ၅၈ ခု ဖြင့် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ လူငယ်မဟာဗျူဟာစီမံချက်ကို ထပ်မံပြုပြင်ရေးဆွဲလျက်ရှိသည့် အခြေအနေ၊ လူငယ်ဖိုရမ်များ၊ လူငယ်တွေ့ဆုံပွဲများ၊ လူငယ်အလုပ်ရှာဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များကိုလည်းကောင်း၊ လူငယ်စကားဝိုင်းနှင့် လူငယ်အသိပညာပေးဟောပြောပွဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်စင်တာဖွင့်လှစ်ပြီးစီးမှု၊ အာဆီယံနှင့် နိုင်ငံတကာ လူငယ်ရေးရာအစီအစဉ်များတွင် ပါဝင်ဆောင်ရွက်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဟောပြောပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးဦးသန်းမောင်သည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းနှင့်အဖွဲ့အား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၌ ခင်းကျင်းပြသထားသည့်တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုပြခန်းများကို လှည့်လည်ပြသခဲ့ကြောင်း သိရသည်။ **မြဝတီ**

စာပေဗိမာန်တည်ထောင်ခြင်း နှစ်(၈၀)ပြည့်ဂုဏ်ပြုအကြိုစာတမ်းဖတ်ပွဲကျင်းပ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း တက်ရောက်



ရန်ကုန် အောက်တိုဘာ ၂၀

စာပေဗိမာန်တည်ထောင်ခြင်း နှစ်(၈၀) ပြည့်ဂုဏ်ပြုအကြို စာတမ်းဖတ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် ဗိုလ်မင်းခေါင်လမ်းရှိ စာဆိုဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထိန်လင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် စာပေသစ္စာတရားကိုအခြေခံလျက် စွမ်းအားထက်မြက်သည့် ပြည်သူ့အကျိုးပြု စာကောင်းပေမွန်များကို စဉ်ဆက်မပြတ်ထုတ်ဝေဖြန့်ချိခြင်းနှင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာစိုက်ထုတ်ကာ မဆုတ်မနစ်ဆောင်ရွက်ပေးလျက်ရှိသော "စာပေဗိမာန်" သည် လာမည့် ၂၀၂၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် ဂုဏ်ယူဖွယ်ရာ သက်တမ်း (၈၀) ပြည့်မြောက်တော့မည်ဖြစ်ပါကြောင်း၊ စာပေဗိမာန်သည် လမ်းညွှန်မှုနှင့်အညီ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုမည့် စာကောင်းပေမွန်များကို အရှိန်အဟုန်မပြတ်ပြန်လည်ထုတ်ဝေလျက်ရှိပါကြောင်းပြောကြားသည်။

ယင်းနောက် စာပေပညာရှင်ဆရာကြီး ဦးမောင်လှိုင် (မောင်ဆွေငယ်)က "မြန်မာစာပေသမိုင်း၊ စာနယ်ဇင်းသမိုင်းနှင့် စာပေဗိမာန်" ခေါင်းစဉ်ဖြင့်လည်းကောင်း စာတမ်းများကို အသီးသီးဖတ်ကြားတင်ပြခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက ဖတ်ကြားခဲ့သည့် စာတမ်းများနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စာတမ်းဖတ်ကြားခဲ့ကြသည့် စာပေပညာရှင် ဆရာကြီးနှစ်ဦးနှင့် သဘာပတိတို့အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားကိုအောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဗဟန်းမြို့နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

ဦးစွာ ရုပ်ရှင်ဆင်ဆာအဖွဲ့ ဥက္ကဋ္ဌက ရုပ်ရှင်ဆင်ဆာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ရုပ်ရှင်ဆင်ဆာအဖွဲ့ဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့တွေ့ဆုံဆွေးနွေးရခြင်းသည် ရုပ်ရှင်ရုံများတွင် ရုံတင်ပြသသည့် မြန်မာရုပ်ရှင်ဇာတ်ကားများနှင့် နိုင်ငံခြားရုပ်ရှင်ဇာတ်ကားများကို ပြဋ္ဌာန်းထားသည့် ရုပ်ရှင်ဥပဒေနှင့် အညီပြဿနိုင်ရန် ဆောင်ရွက်ပေးနေသည့် ဆင်ဆာအဖွဲ့ဝင်များနှင့် ရင်းနှီးနွေးထွေးစွာ တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်အနုပညာဖန်တီးမှုများသည် စိတ်ကူးဉာဏ်စွမ်းဖြင့် တီထွင်ကြံဆဖန်တီးရသော ပညာရပ်ဖြစ်၍ အချို့အနုပညာဖန်တီးမှုများသည် လွန်ကဲသောဖန်တီးမှုမျိုးဖြစ်ပါက ပြည်သူများအတွက်အဆိပ်အတောက်ဖြစ်နိုင်သော အနုပညာဖန်တီးမှုများကို ပြည်သူများထံ အဆိပ်အတောက်ကင်းကင်းဖြင့် ရောက်ရှိနိုင်ရန်အတွက် မူလဖန်တီးထုတ်လုပ်သော အနုပညာရှင်များက သတိဝိရိယကြီးစွာ ဖန်တီးရန်လိုအပ်ယလို ဆင်ဆာအဖွဲ့ဝင်များအနေဖြင့်လည်း စိစစ်အကဲဖြတ်ပေးရန် လိုအပ်ပါကြောင်း၊ ဆင်ဆာအဖွဲ့ဝင်များသည် ဇာတ်ကားများကို စစ်ဆေးရာတွင် ရုပ်ရှင်ဥပဒေပြဋ္ဌာန်းချက်ပါအချက်များအပေါ် အခြေခံ၍ ချမှတ်ထားသော မူဝါဒနှင့်အညီ စစ်ဆေးဆောင်ရွက်ပေးနိုင်ရန်နှင့် မူပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များကိုလည်း အလေးထားစိစစ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းပြောကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၀

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **(မိုး/၈လ)**

ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး



ပဲခူး အောက်တိုဘာ ၂၀

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးခရိုင်အတွင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ ပဲခူးမြို့နယ် အိုးဘိုကျေးရွာအုပ်စု၌ ရေဆင်းပေါ်(၁) မိုးစပါးစံပြကွက်ရိတ်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ အစိုတင်း ၉၅ တင်း ထွက်ရှိခဲ့သည်။

ထို့နောက် အိုးဘိုကျေးရွာအနီး AI နည်းပညာသုံး ခေတ်မီစိုက်ပျိုးရေးစပါးအထူးဇုန်အကောင်အထည်ဖော်နိုင်ရေး အာကာသအေဂျင်စီမှ Lot Deviceများတည်ဆောက်တပ်ဆင်မည့်နေရာသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူများသည် သနပ်ပင်မြို့နယ် ဖရဲကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မိုးစပါးအကွက်ကျယ်စံပြကွက်မိုးစပါး ၈၀၄၀ စုပေါင်းရိတ်သိမ်းနေမှုအား ကွင်းဆင်းကြည့်ရှုအားပေးခဲ့ရာ အစိုတင်း ၁၁၀ ဒဿမ ၅ တင်းထွက်ရှိခဲ့ပြီး ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍မြေအစိုဓာတ်မပျောက်ခင် ဆောင်းသီးနှံအဖြစ် ဆီထွက်ပဲပုပ် ဆက်လက်စိုက်ပျိုးနိုင်ရေးပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကာ သနပ်ပင်မြို့နယ်အတွင်း မိုးစပါးစိုက်ခင်းများ အောင်မြင်နေမှုနှင့် ရိတ်သိမ်းနေမှုတို့အား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ ၎င်းနောက် အနီးကိုက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်းရှင် ဦးဝင်းနိုင်ဦး၏ "ရွှေဆန်းကြယ်" ဥစားကြက်ကောင်ရေ ၁၅၀၀၀ မွေးမြူထားရှိမှုအား သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ကဝမြို့နယ် ရွာသစ်ရပ်ကွက်၌ တန်ဖိုးမြှင့်ရေဆင်းပေါ်ဆန်း(၁) မျိုးစေ့ထုတ်စိုက်ခင်း ရိတ်သိမ်းနေမှုအား ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ အယ်လ်နီညိုရာသီဥတုကြောင့်သီးနှံစိုက်ပျိုးထုတ်လုပ်မှုထိခိုက်မှုမရှိစေရေး၊ စဉ်ဆက်မပြတ်တန်ဖိုးမြှင့်ပေါ်ဆန်းစပါးမျိုးများ ဆက်လက်တိုးချဲ့စိုက်ပျိုးရန်နှင့် တားမြစ်ပိုးသတ်ဆေးသုံးစွဲမှုမရှိစေရေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဥဿာတိုင်းသား

ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲဆုချီးမြှင့်



ဘားအံ အောက်တိုဘာ ၂၀

ကရင်ပြည်နယ်အတွင်း အားကစားပြိုင်ပွဲများကို စဉ်ဆက်မပြတ် ကျင်းပ၍ အရည်အချင်းရှိသည့် မျိုးဆက်သစ်လူငယ်အားကစားသမားများကို ပြုစုပျိုးထောင်ပေးလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမအနီးရှိပြည်နယ် ဖူဆယ်အားကစားရုံ၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်မှ ဖူဆယ်အသင်းခုနစ်သင်း အားကစားသမား ၇၀ ဖြင့် အောက်တိုဘာလ ၁၆ ရက်မှ ၂၀ ရက်အထိ ယှဉ်ပြိုင်ကစားခဲ့ကြပြီး ဗိုလ်လုပွဲအနေဖြင့် ဘားအံမြို့နယ်အသင်းနှင့် သံတောင်ကြီးမြို့နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ဘားအံမြို့နယ်အသင်းက သံတောင်ကြီးမြို့နယ်အသင်းကို ၃ ဂိုး ၂ ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကိုဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အနိုင်ရဗိုလ်စွဲသွားသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ငွေသားဆု ၁၀ သိန်းနှင့် ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

တနင်္သာရီတိုင်းဒေသကြီး ၄ ခရိုင် အသက် ၂၅ နှစ်အောက် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



ထားဝယ် အောက်တိုဘာ ၂၀

တနင်္သာရီ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ၄ ခရိုင် အသက် ၂၅ နှစ်အောက် ဖူဆယ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ထားဝယ်မြို့ရွှေဝယ်သီရိ ဖူဆယ်အားကစားခန်းမ၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲအဖြစ် မြိတ်ခရိုင်အသင်းနှင့် ထားဝယ်ခရိုင် (က) အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးရာ မြိတ်ခရိုင်အသင်းက ၂ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုင်းဒေသကြီးလူမှုရေးရာဝန်ကြီး ဦးသက်နိုင်က ဒုတိယဆုရရှိသော ထားဝယ်ခရိုင် (က)အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆု ပေးအပ်ချီးမြှင့်ပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်အေးအေးသန်းက ပထမဆုရရှိသော မြိတ်ခရိုင်အသင်းအား တစ်ဦးချင်းဆုနှင့်ငွေသားဆုပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရရှိသည့် မြိတ်ခရိုင်အသင်းအား တံခွန်စိုက်ဆုဖလားပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

တောင်ဟမ်ဟော့စပါးအသင်း ကိုဗင်ထရီအသင်းကို အနိုင်ရရှိပြီး ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဆုံးနိုင်ပွဲဖြစ်

ရန်ကုန် အောက်တိုဘာ ၂၀

ပရီးမီးယားလိဂ် ပွဲစဉ်(၇) နောက်ဆုံးပွဲစဉ်အဖြစ် တော့တင်ဟမ်ဟော့စပါးအသင်းနှင့် ကိုဗင်ထရီအသင်းတို့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ တော့တင်ဟမ်ဟော့စပါးကွင်း၌ အောက်တိုဘာလ ၂၀ ရက် နံနက် ၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြရာ တော့တင်ဟမ်ဟော့စပါးအသင်းက ကိုဗင်ထရီအသင်းကို အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တော့တင်ဟမ်ဟော့စပါးအသင်းသည် တိုက်စစ်ပိုမိုမြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၁၄ မိနစ်တွင် ဂျိမ်းမက်ဒီဆင်က တော့တင်ဟမ်ဟော့စပါးအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးရပြီး နောက်ကိုဗင်ထရီအသင်း တိုက်စစ်ပြန်လည်ကစားခဲ့သော်လည်း တော့တင်ဟမ်ဟော့စပါးအသင်း၏ ခံစစ်ကို ကျော်ဖြတ်နိုင်ခြင်းမရှိခြင်းကြောင့် ပထမပိုင်းပွဲပြီးဆုံးချိန်တွင် တော့တင်ဟမ်ဟော့စပါးအသင်းက တစ်ဂိုးအသာဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်ကိုဗင်ထရီအသင်းက တော့တင်ဟမ်ဟော့စပါးအသင်းကို တိုက်စစ်မြှင့်ကစားခဲ့ပြီး ပွဲကစားချိန် ၄၉ မိနစ်တွင် ဂျက်ရူဒိုနီက ကိုဗင်ထရီအသင်းအတွက် ချေပဂိုးပြန်လည် သွင်းယူပေးခဲ့သည်။ သို့သော် ပွဲကစားချိန် ၅၈ မိနစ်နှင့် ပွဲပြီးဆုံးခါနီး နာကျင်အချိန်ပိုတွင် အိုမာ မာမွတ်နှင့် ဘန်ဒေဇီးတို့က တော့တင်ဟမ်ဟော့စပါးအသင်း အတွက် ဒုတိယဂိုးနှင့် တတိယ



မြောက်ဂိုးများ သွင်းယူခဲ့သဖြင့် ပြိုင်ပွဲပြီးဆုံးချိန်တွင် တော့တင်ဟမ်ဟော့စပါးအသင်းက ကိုဗင်ထရီအသင်းကို ၃ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါနိုင်ပွဲသည် တော့တင်ဟမ်ဟော့စပါးအသင်း၏ ယခုဘောလုံးရာသီပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ပထမဦးဆုံးနိုင်ပွဲဖြစ်လာခဲ့သည်။

တော့တင်ဟမ်ဟော့စပါးအသင်းသည် ပရီးမီးယားလိဂ်ပွဲစဉ်(၈)တွင် လန်ဒန်ဒါဘီပွဲစဉ်အဖြစ် အောက်တိုဘာလ ၂၄ ရက်တွင် ချဲလ်ဆီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ZMO

အမျိုးသမီးတစ်ဦးကို ကိုရီးယားနိုင်ငံသားဇနီးမယား အဖြစ် ပို့ဆောင်ရောင်းစားရန်စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော် အောက်တိုဘာ ၂၀

အမျိုးသမီးတစ်ဦးကို ကိုရီးယားနိုင်ငံသားဇနီးမယားအဖြစ်ပို့ဆောင်ရောင်းစားရန် စီစဉ်ဆောင်ရွက်ခဲ့သူကို လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ချမှတ်ပြီး တိမ်းရှောင်တရားခံ အေးအေးဝင်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၀) ရပ်ကွက်၊ မြရတနာ (၅)လမ်းနေ အမျိုးသမီးတစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းရပ်ကွက်၊ ထီးတန်းကမ်းနားလမ်းနေ သိမ့်သိမ့်နွေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဝဇီယာ(၆)လမ်းနေ အေးအေးဝင်းတို့က ကိုရီးယားနိုင်ငံသားနှင့် လက်ထပ်ပေါင်းသင်းပါကတင်တောင်းငွေကျပ်သိန်း ၁၀၀ ရရှိမည်၊ လစဉ်ထောက်ပံ့ကြေးရရှိရေးနှင့် ကိုရီးယားနိုင်ငံ၌ မိသားစုများအလုပ်ရရှိရေး ဆောင်ရွက်ပေးမည်ဟု ပြောဆိုစည်းရုံးပြီး ကိုရီးယားနိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် ဆောင်ရွက်ခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ ကြည့်မြင်တိုင်မြို့မရဲစခန်း(ပ)၁၀၈/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့ပြီး အောက်တိုဘာလ ၁၉ ရက်တွင် အလုံခရိုင်တရားရုံးမှ ဖမ်းမိတရားခံ သိမ့်သိမ့်နွေးအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့် ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ အေးအေးဝင်းအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

မြဝတီ

မြန်မာ့ဘောလုံးအကယ်ဒမီများနှင့် RTC များ၏ Football Festival 2026-2027 ဘောလုံးပြိုင်ပွဲကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)မှ ဖွဲ့စည်းတည်ထောင်ထားသော အမျိုးသားဘောလုံးအကယ်ဒမီများနှင့် ဒေသဆိုင်ရာဘောလုံးသင်တန်းစခန်းများ (Regional Football Training Center – RTC)မှ သင်တန်းသားများ၏ တိုးတက်မှုအခြေအနေများကို ဖော်ထုတ်ပြသရန်နှင့် စွမ်းဆောင်ရည်များမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ "Myanmar Football Academies & RTC Football Festival 2026–2027" ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ဇုန်နှစ်ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ရန်ကုန်ဇုန်(အမျိုးသား အကယ်ဒမီ–ရန်ကုန်)တွင် U–12၊ U–13 ရန်ကုန်အကယ်ဒမီ၊ ကရင် RTC၊ ပဲခူး RTC၊ ပုသိမ် RTC နှင့် မော်လမြိုင် RTC အသင်းတို့က ၂၀၂၆ ခုနှစ် အောက်တိုဘာလ ၂၆ ရက်မှ ၂၉ ရက်အထိ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

ထို့အတူ မန္တလေးဇုန် (မြန်မာဘောလုံးအကယ်ဒမီ–မန္တလေး)တွင် U–12၊ U–13 မန္တလေးအကယ်ဒမီ၊ မန္တလေး RTC၊ နေပြည်တော် RTC နှင့် တောင်ကြီး RTC အသင်းတို့က ၂၀၂၆ ခုနှစ် နိုဝင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

(၂၀-၁၀-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

	အမေရိကန်ဒေါ်လာ	တရုတ်ယွမ်	ထိုင်းဘတ်	အိန္ဒိယရူပီး
ငွေလဲလှယ်နှုန်း	၃၆၅၅ ~ ၃၆၇၁	၅၅၇ ~ ၅၅၈.၇	၁၂၅.၃ ~ ၁၂၅.၇	၄၃.၆၀
ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ	၁၆,၆၆၈,၀၀၈.၅၆	၅,၀၈၀,၁၀၀.၇၂	၁၁,၀၁၂,၀၈၅.၁၄	-

MYAWADY IN ENGLISH DAILY EDITION

President of the Republic of the Union of Myanmar U Min Aung Hlaing receives Nippon Foundation Honorary Chairman Mr. Yohei SASAKAWA

NAY PYI TAW October 20

President of the Republic of the Union of Myanmar U Min Aung Hlaing received Nippon Foundation Honorary Chairman Mr. Yohei SASAKAWA, who paid a courtesy call on him at the Reception Hall of the Presidential Office in Nay Pyi Taw this morning.

During the call, cordial discussions were centred on the ongoing efforts of the government to firmly steer the country on the path to democracy, the implementation of undertakings for national stability and development, possible areas in which the Honorary Chairman of the Nippon Foundation will assist and strive to contribute from any capable side in Myanmar's internal peace processes, and the provision of assistance by the Nippon Foundation for the development of human resources in Myanmar. **Myawady**



President of the Republic of the Union of Myanmar U Min Aung Hlaing shakes hands with Nippon Foundation Honorary Chairman Mr. Yohei SASAKAWA.

Systematic demolition of illegal buildings used in online scam/gambling in Shwe Kokko (Part-II) continues



Demolition with the use of machinery.

Systematic demolition of a 5-storey illegal building used in online scams and gambling in Shwe Kokko (Part-II).

NAY PYI TAW October 20

The government has placed emphasis on combat against online scams and gambling as a national responsibility and systematically carried out total demolition of illegal buildings in Shwe Kokko, where majority of online scams and gambling were operated, so that they cannot be used again in such crimes.

In doing so, it was reported that demolition of a 5-storey building, used in online scams and gambling and left to be brought down with the use of machinery in Shwe Kokko (Part-II), completed 45 percent today.

Out of 63 buildings to be demolished in Shwe Kokko (Part-II), 25 were classified to be demolished with the use of machinery, four to be detonated and 34 to be knocked down manually floor by floor due to their proximity to residential buildings and systematic demolition works were being carried out. Demolition of four buildings to be detonated and two to be knocked down with the use of machinery completed and plans are underway to demolish 57 remaining buildings.

In cooperation with neighbouring and regional countries, the government has placed a social emphasis on total eradication of online scams and gambling, which has posed a threat to the global socio-economic arena and national security. **100**

Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

Tatmadaw columns clear bases of terrorist groups extorting and harassing travellers along the Indaw–Wuntho–Kawlin and Indaw–Maugone–Kyauktan routes

NAY PYI TAW October 20

As coalition terrorist insurgents operating under the banner of the PDF—proxies of the terrorist organizations NUG and CRPH—have temporarily dominated towns and villages in certain regions and states to disrupt government administrative machinery and carry out multifaceted destructive acts for their own self-interest, Tatmadaw columns have been conducting counter-terrorism operations.

Seeking their own interests, coalition PDF terrorist insurgents temporarily took control of certain towns, villages, and areas, perpetrating acts of terrorism and blocking vital transport links critical for regional development. By establishing defensive bases along public transit routes, they extorted transit fees from travellers, arbitrarily detained and tortured civilians, and murdered those who did not comply. Consequently, local residents faced severe disruptions in transportation and the flow of goods, resulting in acute shortages of food and essential household items, interruption of medicine and emergency medical supplies, and raw material deficits for local businesses while finished goods could no longer reach markets. As a result, the daily socio-economic lives of local national ethnic peoples deteriorated sharply, and they suffered bitterly under the abuses of these terrorists.

Therefore, Tatmadaw columns made relentless efforts to reopen these vital transport routes temporarily dominated by terrorist insurgents. They progressively regained control over towns, villages, and road networks one after another, fully securing and reopening the Mandalay–Madaya–Thabeikkyin–Tagaung–Tigyaing–Katha–Indaw–Mawlu–Nantsiaung–Mohnyin–Mogaung–Myitkyina route on May 6, 2026. This allowed the swift and smooth movement of goods and trade within the region, fostering the recovery and revitalization of public services such as education and healthcare.

To eliminate the terrorist insurgent outposts stationed along the Indaw–Wuntho–Kawlin and Indaw–Maugone–Kyauktan routes, which were being used to bully and extort travellers, Tatmadaw columns systematically organized and mobilized coordinated forces from Indaw town to carry out phased area-clearance and security operations. Through these sequential operations, troops recaptured Lenaung and Kanni villages on October 5, followed by Pintthachay, Meza, Lezin, and Nantthe villages on October 9. Operations continued with the capture of one terrorist camp near Kyauktaw Village as well as Kyeinchaung Village on October 12, Pein-inn Village on October 13, Hsinkone Village on October 14, and Nyaungkaing and Htantabin villages on October 16. Finally, on October 18, security forces successfully retook and secured Namkham, Lepyin, and Maugone villages.

Tatmadaw personnel fought selflessly and tenaciously to reclaim these settlements along the transport corridors. Across a total of 32 major and minor armed clashes with the terrorist insurgents, troops recovered 18 bodies of enemy fighters, alongside 19 assorted firearms, ammunition, and related military materiel.

During their temporary dominance over the area, coalition terrorist insurgents dug communication trenches throughout the villages and fortified residential compounds and fences with bunkers to conduct stubborn defensive warfare and carry out various destructive acts. Furthermore, they blocked traffic corridors, extorted passing passenger vehicles and cargo trucks, subjected civilians to torture and killings, and forcibly conscripted locals into their ranks, severely impeding the flow of goods, driving up commodity prices, and impoverishing the population across all facets of life.

Consequently, Tatmadaw columns are working in close cooperation with local residents to carry out essential rehabilitation tasks and restore public healthcare and education to revitalize socio-economic livelihoods, while security operations continue with heightened momentum.

100

Record of Tatmadaw columns clearing and attacking bases of terrorist groups that extorted and harassed travelers along the Indaw–Wuntho–Kawlin and Indaw–Maugone–Kyauktan routes.



Record of clearing and capturing terrorist bases in Meza Village.



Record of clearing and capturing terrorist bases in Nantthe Village.



Record of clearing and capturing terrorist bases in Naungmo Village.



Record of clearing and capturing terrorist bases in Namkham Station Village.

Weapons, ammunition, mines, and related materiel seized from terrorist insurgents.



Weapons, ammunition, and related materiel seized from terrorist insurgents near Lepyin Village.



Weapons, ammunition, and related materiel seized from terrorist insurgents near Kyeinchaung Village.

Japan launches historic mission for Mars moon samples

TOKYO October 20

Japan's space agency has launched a mission aimed at becoming the first to land on one of Mars' moons and return samples from its surface to Earth.

An H3 rocket carrying the Martian Moons eXploration (MMX) spacecraft lifted off from Tanegashima Space Center on Monday, according to a live broadcast by the Japan Aerospace Exploration Agency (JAXA).

If the mission proceeds as planned, at least 10 grams of material from Phobos will be returned to Earth in 2031, with the first landing operation scheduled for around two years from now.

No spacecraft has ever successfully landed on Phobos or Mars' smaller moon, Deimos. The USSR launched two probes in 1988, but neither completed its mission.

Phobos 1 was lost before reaching Mars after an erroneous command from Earth disabled its attitude-control system. Phobos 2 spent nearly two months observing Mars and Phobos before a communications failure ended the mission, preventing it from deploying two small landers.

Russia's subsequent Fobos-Grunt sample-return mission failed in 2011 when the spacecraft's propulsion system failed to send it out of Earth's orbit toward Mars.

JAXA plans for MMX to reach Mars in August or September 2027 and begin observations before deploying a rover in late 2028 or early 2029. The spacecraft carries a 25-kilogram French-German rover named IDEFIX, which will be dropped onto Phobos to study its surface for around 100 days. The main



spacecraft will then attempt two landings to collect samples. MMX is also expected to fly past Deimos in 2030 before its return module heads back to Earth.

Scientists hope the samples will help establish whether Phobos formed from debris thrown into orbit by a massive impact on Mars or is an asteroid captured by the planet's gravity.

RT

French gov't to deploy military personnel during protests on Saturday - Interior Minister

MOSCOW October 20

The French authorities will deploy military personnel to support police during large-scale protests planned for Saturday, Interior Minister Laurent Nunez said on Tuesday.

"We will deploy troops from the Sentinelle operation, naturally, to replace internal security forces, primarily for stationary tasks guarding facilities. This will free up police officers and gendarmes to maintain public order," Nunez told members of the French National Assembly.

The current protests raging throughout France erupted in mid-September, when high school students from the Paris suburbs took to the streets to demand better conditions in their schools. They were subsequently joined by people fed up with the soaring cost of living, and the demonstrations spread to other regions.

The largest outpouring was a nationwide demonstration on October 17, which descended into chaos and vandalism. By the French Interior Ministry's count, around 550,000 demonstrators took part. As the day's protests wore on, looters raided shops, smashed storefronts, and stole merchandise—including items from luxury-brand boutiques, notably in Paris and Marseille.

Sputnik

Italian authorities to deploy 500 troops to Milan amid unrest - Reports



MOSCOW October 20

The Italian authorities are set to deploy 500 troops to the city of Milan amid ongoing unrest, media reported citing Italy's Deputy Prime Minister Matteo Salvini.

The Italian government will send 500 soldiers to "protect Milan" following two days of unrest, during which demonstrators clashed with police, looted shops, and destroyed property, the agency said.

According to the publication, the troop deployment is expected to be included in a security package to be approved during a cabinet meeting on Tuesday.

Protests took place in several Italian cities over the weekend. The most significant unrest, which involved looting and acts of vandalism, occurred in Milan. In the northern Italian city, more than 300 people were taken into police custody, with nearly 50 subsequently arrested. Over 110 law enforcement officers required medical attention following clashes in the city center.

The business association Confcommercio Milano reported that the damage caused to shops and other companies in Milan's city center during the weekend unrest exceeded 700,000 euros (US$-785,000).

Nationwide, the total cost of the damage is estimated by the business group Unimpresa at 1.6 million euros. **Sputnik**

Kremlin hopes to arrange Putin meeting with U.S. envoys soon

MOSCOW October 20

Russia hopes to arrange a meeting between President Vladimir Putin and U.S. envoys, Steve Witkoff and Jared Kushner, in the near future, Kremlin Spokesman Dmitry Peskov said on Tuesday.

On recent mediation by U.S. President Donald Trump's envoys over Ukraine in Europe, Moscow hopes to arrange a meeting between Putin and the U.S. negotiators, Peskov told a regular daily briefing.

The Kremlin said it expects the American envoys to brief Putin on their contacts with Ukrainian and European counterparts, and to maintain communications between Washington and Moscow on a broad range of critical issues.

Xinhua

SCO calls for reforming and improving global governance system in joint communique

DUSHANBE October 20

The Shanghai Cooperation Organization (SCO) member states on Tuesday called for reforming and improving the global governance system, including by formulating corresponding rules and norms, to ensure equal participation, equal decision-making and equal benefits for all countries in global governance.

In a joint communique issued at the 25th meeting of the Council of Heads of Government (Prime Ministers) of Member States of the SCO in Dushanbe, Tajikistan, the heads of the delegations emphasized strengthening the representation, role and voice of developing countries in international economic and financial institutions and their governing bodies.

They stressed that member states oppose unilateral coercive measures that violate the UN Charter and other norms of international law, and pointed out that such measures have a negative impact on efforts to achieve global economic growth and the Sustainable Development Goals.

They noted that one of the major achievements of the SCO is the growing number of countries establishing cooperative relations with the organization, the continuous expansion of its areas of cooperation, its growing international influence, and the increasingly close ties with relevant countries and multilateral institutions. **Xinhua**

The ultra-processed foods that WON'T give you bowel cancer: cereal and sugary yoghurts could reduce your risk by 25 percent, intriguing data shows

Not all ultraprocessed food is linked to deadly cancer - in fact, some pantry staples could even reduce your risk, according to a new study.


Eating cereals, flavoured yoghurts, supermarket bread and even baked beans may reduce the risk of bowel cancer by up to 28 per cent.

However ultra processed meats like hot dogs and bacon are linked to an eight per cent raised chance of developing the disease.

The US experts behind the research say the findings may 'ease concerns' about the cancer risk of ultra-processed foods (UPFs).



Yoghurts, cereal and wholemeal bread were all found to reduce the risk of the disease.



Bowel cancer diagnoses among under-50s have surged in the UK since the early 1990s, rising by more than 50 percent.

With more than 48,200 cases in Britain every year and 17,700 deaths, it is the nation's second biggest cancer killer.

Studies have consistently found a link between the disease and UPFs, which contain artificial ingredients and high levels of fat and salt.

One published last year suggested women who frequently consume the foods are 45 percent more likely to develop potentially cancerous growths in the bowel.

Previous research has linked UPFs to at least 32 serious health conditions, including heart disease and dementia.

The new study, published in the journal PLOS Medicine, examined the diets of 461,682 adults in the US aged between 50 and 71.

During a period of 18 years, 10,075 cases of bowel cancer were diagnosed.

Around half of the calories in the participants' diets came from ultra-processed food.

Processed foods also accounted for a third of fibre and calcium intake and almost a quarter of dairy consumption.

The scientists – led by the US National Cancer Institute – discovered that those who consumed the most UPFs overall were no more likely to develop bowel cancer than those who ate the least.

But they noticed a shift when they broke the foods down into specific categories.

Meat consumption was associated with a higher cancer risk; whether it came from UPF or non-UPF sources.

Each additional daily serving of processed meat was linked to an eight percent increase in risk, compared with four percent for non-UPF meat.

In contrast, an extra daily serving of UPF dairy – such as flavoured, sugary yoghurts or milkshakes – was associated with a 25 percent lower risk, compared with a 10 percent reduction from non-UPF sources.

An extra serving of supermarket wholemeal bread was linked to a 13 percent lower risk, while an extra 10g per day of fibre from processed fibrous foods like baked beans saw a 28 percent drop.

The authors said that this is because UPFs can still contain important nutrients.

Breakfast cereals, wholemeal bread and baked beans are all high in fibre, a nutrient that is proven to reduce bowel cancer risk.

However the researchers stressed that the findings have limitations and may not apply to the wider population, particularly because the study involved older adults.

Experts not involved in the study also welcomed the findings but urged caution.

Dr Rosiered Brownson-Smith, a post doctoral researcher at King's College London, said the study adds 'to the evidence that UPFs should not be considered as a single, uniform category'.

But, she added: 'The findings should not be generalised to younger people. This is particularly important given the rise in early-onset [bowel] cancer, which this study cannot speak to.'

Dr Aisling Daly, a lecturer in nutrition at Oxford Brookes University, said that by identifying specific UPFs linked to a higher risk of bowel cancer the study may 'ease concerns' because the foods are not all the same.

Gunter Kuhnle, a professor of nutrition and food science at the University of Reading, added that the findings are 'not surprising'.

'It confirms what has been known before: a diet low in fibre and high in processed meat is associated with an increased cancer risk,' he said.

The findings came on the same day as a separate study published in JAMA Network Open, which found that people consuming the highest amounts of UPFs were 40 percent more likely to have vascular brain injury detected on MRI scans.

This is when the brain is damaged by problems with blood vessels, or the veins that supply oxygen and nutrients to the brain tissue.

That study included 8,783 adults with an average age of around 58.

Its authors also cautioned that the research was observational and therefore cannot prove cause and effect.

Nevertheless, they wrote: 'These findings extend previous studies on the association of UPF intake with adverse brain health outcomes.'

Mail Online

မိုးစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြ



သရက် အောက်တိုဘာ ၂၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့၌ မိုးစပါး (အောင်နိုင်တိုး) စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို အောက်တိုဘာလ ၂၀ ရက်တွင် ကိုးပင်ကျေးရွာအုပ်စု မုဆလီကျေးရွာ၌ ဆောင်ရွက်သည်။

အဆိုပါကွင်းသရုပ်ပြပွဲသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကို၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးချမ်းငြိမ်းအေးနှင့် မြို့နယ်စိုက်ပျိုးစွမ်းအားမြှင့်တင်ရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် တောင်သူများ တက်ရောက်ကြသည်။

ကွင်းသရုပ်ပြပွဲ ဆောင်ရွက်ရာတွင် မုဆလီကျေးရွာ တောင်သူဦးလှသိန်း၏လယ်မြေ၌ မိုးစပါး (အောင်နိုင်တိုး) အကွက်ကျယ် စံကွက် သုည ဒသမ ၁ ဧက ရိတ်သိမ်းရာ အထွက်နှုန်း ၁၂ တင်းခန့် ထွက်ရှိသည်။ ထို့ပြင် အကွက်ငယ်များကိုလည်း ၆ ဒသမ ၆ ပေ ပတ်လည် ရိတ်သိမ်း၍ အထွက်နှုန်းတိုင်းတာရာ တစ်ဧက အထွက်နှုန်း ၁၃၂ ဒသမ ၃၄ တင်းခန့် အများဆုံးထွက်ရှိသည်။

သရက်မြို့နယ်အတွင်း မိုးစပါး စိုက်ဧကများ သတ်မှတ်လျာထားချက်ပြည့်မီရေးနှင့် စိုက်ပျိုးသည့် မိုးစပါးများ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စိုက်ပျိုးတောင်သူများ ပူးပေါင်းအကောင်အထည် ဖော်ဆောင်ရွက်ခဲ့ရာ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီက စပါး ၁၇၅၂၉ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် မိုးစပါးပြီးလျှင် ဆောင်းကုလားပဲ ဆက်လက်စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရက စိုက်ပျိုးထုတ်လုပ်သူများအား လိုအပ်ချက်မရှိအောင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသောကြောင့် စိုက်ပျိုးတောင်သူများ အနေဖြင့်လည်း စပါးအပါအဝင် စိုက်ပျိုးသီးနှံများကို တစ်ဧကပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးနိုင်မည်ဆိုလျှင် နိုင်ငံအတွင်း စားသုံးမှုဖူလုံစေရုံမျှမက ပြည်ပပို့ကုန်အဖြစ်ပါ တိုးတက် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **ရန်ကင်း**

ကန်ကြီးထောင့်မြို့နယ်၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်း



ကန်ကြီးထောင့် အောက်တိုဘာ ၂၀

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားခဲ့သော လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကို အောက်တိုဘာလ ၁၉ ရက်က ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီး ခေတ်မီစံပြကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဝင်းက အမှာစကား ပြောကြားသည်။ထို့နောက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာညွန့်က သင်တန်းတွင် ကူညီသင်ကြားပေးခဲ့သည့် ပုသိမ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ကျောင်းအုပ် ဆရာမကြီး ဒေါ်တင်လွဲလွဲထွန်းနှင့် နည်းပြဆရာ ဦးသန်းထိုက်အောင် တို့အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ဆက်လက်၍ သင်တန်းတွင် ထူးချွန်သည့် သင်တန်းသား၊ သင်တန်းသူများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင် ဦးကျော်ဝင်းနှင့်တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၀ ဦးဖြင့် ငါးရက်ကြာ ဖွင့်လှစ်ပို့ချခဲ့ခြင်းဖြစ်ပြီး ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာကြောင်း သိရသည်။

ကျော်ဇင်စိုး(ပြန်/ဆက်)

ကန့်ဘလူမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းဖွင့်

ကန့်ဘလူ အောက်တိုဘာ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး သင်တန်းကို အောက်တိုဘာလ ၁၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးဆန်းမင်းက သင်တန်း၌ မြို့နယ်အတွင်း တိရစ္ဆာန်ကောင်ရေနှင့် တိရစ္ဆာန်ထွက်ပစ္စည်းထုတ်လုပ်မှု စာရင်းဇယားများ အတည်ပြုထုတ်ပြန်နိုင်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို သင်ကြားပြသပေးမည်ဖြစ်၍ ဂရုတစိုက်လေ့လာသင်ယူကြရန် အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာမြတ်လင်းက တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့်စာရေးဝန်ထမ်းများ၊ အခြေခံတိရစ္ဆာန်ကျန်းမာရေးလုပ်သားများ တက်ရောက်ကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ ပြည်သူများဗဟုသုတရရှိစေရေး အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၂၀

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင်အမျိုးသမီးရေးရာအဖွဲ့မှကြီးမှူး၍ ပြည်သူများ ဗဟုသုတရရှိစေရေးအတွက် အိမ်တွင်းအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် လူကုန်ကူးမှုလျော့နည်းပပျောက်စေရေး အသိပညာပေးဟောပြောပွဲကို အောက်တိုဘာလ ၂၀ ရက်တွင် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမှတ် (၁၅) ရပ်ကွက် နေကြာလမ်းရှိ မဂ္ဂသစ္စာဓမ္မာရုံ၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အင်းစိန်ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စောသီတာခင်က အဖွင့်အမှာစကားပြောကြားပြီး အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု (ရန်ကုန်) မှ ရဲအုပ်နိုင်လင်းထွန်းနှင့် ဥပဒေအရာရှိ ဒေါ်ဌေးဌေးဝင်းတို့က လူကုန်ကူးမှုနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့် ဥပဒေပိုင်းဆိုင်ရာများကို အသိပညာပေးဟောပြောကြသည်။

ထို့နောက် အင်းစိန်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောသီတာခင်နှင့် လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သူဇာသိမ့်တို့က ဟောပြောဆွေးနွေးခဲ့သူများအား အမှတ်တရလက်ဆောင်များ အသီးသီးပေးအပ်ကြသည်။

အခမ်းအနားသို့ ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်နှင့်ကော်မတီဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးမင်းသန့်ဇော်၊ အမှတ် (၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်) မှ ရဲအုပ်နှင့်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ တက်ရောက်ကြကြောင်း သိရသည်။ **ဟန်နီ(ပြန်/ဆက်)**

မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ပူတာအို အောက်တိုဘာ ၂၀

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ပူတောင်းကျေးရွာအုပ်စု မုဒုံကျေးရွာ၌ အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်နေမှုနှင့် စီမံကိန်းဆိုင်ရာ ငွေစာရင်းပုံစံများ ဖြည့်သွင်းထားရှိမှုအခြေအနေများကို အောက်တိုဘာလ ၁၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်လင်းနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းကော်မတီဝင်များနှင့်တွေ့ဆုံ၍ မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်စသည့် တစ်နိုင်တစ်ပိုင်ဝင်ငွေတိုးလုပ်ငန်းများ အမှန်တကယ်အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ငွေစာရင်းပုံစံများ စနစ်တကျရေးသွင်းထားရှိမှု၊ စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားမှု ရှိ/မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

မုဒုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကို အဋ္ဌမအကြိမ်မြောက်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးအတွက် ငွေကျပ် ၃၆၂ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးအတွက် ငွေကျပ် ၁၄၉ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူခုနစ်ဦးအတွက် ငွေကျပ် ၆၅ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၄ ဦးအတွက် ငွေကျပ် ၅၇၆ သိန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ချစ်ဦးကို

အာဖဂန်နစ္စတန်၌ ဆောင်းရာသီအတွင်း လူ ၁၉ သန်းကျော် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင်

ဂျီနီဗာ၊ စားနပ်ရိက္ခာ

အာဖဂန်နစ္စတန်နိုင်ငံ၌ လာမည့်ဆောင်းရာသီအတွင်းကြီးမားသော အစာရေစာမလုံလောက်မှုနှင့်ရင်ဆိုင်ရမည့် လူဦးရေသည် ၁၉ ဒသမ ၂ သန်းအထိ မြင့်တက်လာနိုင်ကြောင်း ကုလသမဂ္ဂက အောက်တိုဘာလ ၂၀ ရက်တွင် သတိပေးလိုက်သည်။

ကုလသမဂ္ဂ လူသားချင်းစာနာမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) ၏ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၇ ခုနှစ် ဧပြီလအထိ ဆောင်းရာသီကာလအတွင်း စားနပ်ရိက္ခာပြတ်လပ်မှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ပြီး လူငါးသန်းခန့်မှာ အရေးပေါ်အဆင့် အစာရေစာငတ်မွတ်မှုနှင့်ရင်ဆိုင်ရနိုင်သည်။ ယင်းအဆင့်သည် အငတ်ဘေးဆိုက်ရောက်ရန်နီးကပ်နေသည့်အခြေအနေဖြစ်သည်။

စက်တင်ဘာလနှင့် အောက်တိုဘာလ အတွင်း အာဖဂန်ပြည်သူ ၁၅ ဒသမ ၉ သန်းခန့်သည် အကျပ်အတည်းအဆင့် သို့မဟုတ် ယင်းထက်ဆိုးရွားသော အစာရေစာမလုံလောက်မှုကိုရင်ဆိုင်ခဲ့ရပြီး ယင်းတို့အနက် ၃ ဒသမ ၄ သန်းမှာ အရေးပေါ်အခြေအနေတွင် ရှိနေကြောင်း OCHA က ပြောသည်။ ထို့ပြင် ၂၀၂၇ ခုနှစ်အတွင်း အသက်ခြောက်လမှ ငါးနှစ်အတွင်းရှိ ကလေးငယ်လေးသန်း ကျော်သည် အာဟာရချို့တဲ့မှုကိုကုသရန် လိုအပ်မည်ဖြစ်ပြီး ယင်းတို့အနက် တစ်သန်း ကျော်မှာ ပြင်းထန်အာဟာရချို့တဲ့မှုကို ခံစားရနိုင်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း အာဟာရဝန်ဆောင်မှု ပေးသည့် ဌာနသုံးပုံတစ်ပုံခန့်မှာ ရန်ပုံငွေ ဖြတ်တောက်မှုများကြောင့် ပိတ်သိမ်းခြင်း သို့မဟုတ် ဝန်ဆောင်မှုရပ်ဆိုင်းခြင်းများ ဖြစ်ပွားနေသည်။ ၂၀၂၁ ခုနှစ်တွင် တာလီဘန်အဖွဲ့ အာဏာပြန်လည်ရရှိပြီးနောက် နိုင်ငံတကာအကူအညီများ သိသိသာသာ လျော့နည်းလာခြင်း၊ နှစ်ပေါင်းများစွာ ပဋိပက္ခဖြစ်ပွားမှု၊ စီးပွားရေးအခက်အခဲ၊ မိုးခေါင်ရေရှားမှုနှင့် အခြားသောသဘာဝဘေးများကာ အခြေအနေကို ပိုမိုဆိုးရွားစေသည်။

OCHA ကမူ ဆောင်းရာသီမရောက်မီ အကူအညီများကို အချိန်မီပေးအပ်နိုင်ရန်၊ လယ်သမားများကိုပုံပိုးရန်နှင့် ကျန်းမာရေး၊ အာဟာရနှင့် ရေရရှိရေးဝန်ဆောင်မှုများ ဆက်လက်ရရှိစေရန်လိုအပ်ကြောင်း တိုက်တွန်းထားသည်ဟုသိရသည်။ **Ref: ST**





ပြင်သစ်တွင် သမိုင်းဝင်မြို့တော်ခန်းမ မီးရှို့ခံရ

ပဲရစ်၊ ဆူပူမှု

ပြင်သစ်နိုင်ငံအလယ်ပိုင်း လီမိုဂျီးရှိ သမိုင်းဝင်မြို့တော်ခန်းမ မီးရှို့ခံရကြောင်းနှင့် မီးရှို့သည်ဟုယူဆရသည့် အသက် ၄၀ ဝန်းကျင်ရှိ အမျိုးသားတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့များက အောက်တိုဘာလ ၂၀ ရက်တွင် ဖမ်းဆီးခဲ့ကြောင်းသိရသည်။

ထိုအမျိုးသားသည် လက်ဝဲစွန်းရောက်လှုပ်ရှားမှုများနှင့် ဆက်နွယ်သူဖြစ်ပြီး ယခင်ကလည်း လုံခြုံရေးအရ စောင့်ကြည့်ခံထားရသူဖြစ်ကြောင်း အမှုနှင့်နီးစပ်သူများက ပြောသည်။ ပြင်သစ်အကြမ်းဖက်မှုတိုက်ဖျက်ရေးဆိုင်ရာ တရားရေးရဲတပ်ဖွဲ့ဌာနခွဲကလည်း ထိုအမှုကိုစုံစမ်းစစ်ဆေးလျက်ရှိသည်။

၁၈၈၃ ခုနှစ်က တည်ဆောက်ခဲ့သည့် မြို့တော်ခန်းမသည် အောက်တိုဘာလ ၁၇ ရက်တွင် မီးရှို့ခံရမှုကြောင့် အမိုးနှင့် ခေါင်းလောင်းမျှော်စင် ပြိုကျသွားရသည်။ ယင်းဖြစ်စဉ်သည် လူနေမှုစရိတ်မြင့်တက်လာမှုနှင့် ကျောင်းများ၏ အခြေအနေအပါအဝင် အစိုးရ၏လုပ်ဆောင်ချက်များအပေါ် မကျေနပ်ချက်များကြောင့် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများဖြစ်ပွားနေစဉ် ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပြင်သစ်တရားရေးဝန်ကြီး ဂျရယ်ဒါမားနန်းက အဆိုပါဖြစ်စဉ်ကို အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် စုံစမ်းစစ်ဆေးရန် ဆုံးဖြတ်နိုင်ကြောင်းပြောသည်။ လီမိုဂျီးမြို့တော်ဝန်ကီယိုဂုရင်က ရဲတပ်ဖွဲ့၏ တုံ့ပြန်မှုကို ဝေဖန်ခဲ့ပြီး ပျက်စီးသွားသည့် မြို့တော်ခန်းမ ပြန်လည်တည်ဆောက်ရေးအတွက် အစိုးရထံမှ ရန်ပုံငွေများစွာတောင်းဆိုခဲ့သည်။

Ref: ST

ဇီလန်စကီသည် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ယူကရိန်းကိုကိုယ်စားမပြုနိုင်

ဝါရှင်တန်၊ နိုင်ငံရေး

ယူကရိန်းသမ္မတ ဗိုလိုဒိုမာဇီလန်စကီသည် ရုရှားနိုင်ငံနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာတွင် ယူကရိန်းကိုကိုယ်စားမပြုနိုင်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ကပြောသည်။ ဇီလန်စကီသည် မိမိပြောနေသည့် အကြောင်းအရာကိုပင် နားမလည်ကြောင်း ထရမ့်ကဝေဖန်ခဲ့ပြီး ယူကရိန်းပဋိပက္ခကို ယခင်ကတည်းက အဆုံးသတ်သင့်ကြောင်း ပြောသည်။ ထို့ပြင် ရုရှားနှင့် တရုတ်နိုင်ငံတို့နှင့်လည်း ငြိမ်းချမ်းရေးအတွက် ဆွေးနွေးရန် အသင့်ရှိကြောင်း ၎င်းကဆိုသည်။

ထရမ့်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ကမ္ဘာ့စွမ်းအင်ဈေးနှုန်း မြင့်တက်နေမှုကိုထိန်းချုပ်ရန် ရုရှားဒီဇယ်လောင်စာ တင်ပို့မှုနှင့်ပတ်သက်သည့် သဘောတူညီမှုတစ်ရပ်ရရှိထားသည်။ ယင်းသဘောတူညီမှုကို ဇီလန်စကီက ဝေဖန်ထားသည့်အပြင် ယူကရိန်းက ရုရှားရေနံချက်စက်ရုံများကို တိုက်ခိုက်မှုများ ဆက်လုပ်နေခြင်းကြောင့် ထရမ့်နှင့် ဇီလန်စကီတို့ကြားတွင် သဘောထားကွဲလွဲမှု ပိုမိုပြင်းထန်လာနေခြင်း ဖြစ်သည်။

ထရမ့်က အမေရိကန်သည် ယူကရိန်းကို ဒေါ်လာဘီလီယံရာနှင့်ချီ ထောက်ပံ့ထားသော်လည်း အကျိုးအမြတ်အနေဖြင့် မည်သည့်အရာမျှပြန်လည်ရရှိမှုမရှိကြောင်း လည်း ဝေဖန်ခဲ့သည်။ ထို့ပြင် ရုရှား၊ အမေရိကန်နှင့် တရုတ်ခေါင်းဆောင်များသည် လာမည့်လ အာရှ-ပစိဖိတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုထိပ်သီးအစည်းအဝေးတွင် တွေ့ဆုံနိုင်ကြောင်း သတင်းများထွက်ပေါ်နေသည်။ **Ref: RT**

အင်ဒိုနီးရှားက မိုးတုရွာသွန်းစေပြီး လေထုညစ်ညမ်းမှုလျော့ချရန် လုပ်ဆောင်နေ

ဂျကာတာ၊ နည်းပညာ

အင်ဒိုနီးရှားနိုင်ငံ၌ တောမီးနှင့် မြေယာမီးလောင်မှုများကြောင့် ဖြစ်ပေါ်နေသည့် မီးခိုးမြူများကိုလျော့ချရန် ပြည်နယ်လေးခုတွင် မိုးတုရွာသွန်းအောင်လုပ်ဆောင်နေကြောင်း အစိုးရအဖွဲ့ဝန်ကြီး ပရာဆက်တိုဟာဒီကပြောသည်။

တောင်ဆူမားတြား၊ အလယ်ကာလီမန်တန်၊ တောင်ကာလီမန်တန်နှင့် အနောက်ကာလီမန်တန်ပြည်နယ်တို့၌ ရေခဲခြောက်နှင့်ဆားကိုအသုံးပြုကာ မိုးတိမ်ဖြစ်ပေါ်စေပြီး မိုးရွာသွန်းစေရန် လေယာဉ်ဖြင့် ဖြန့်ကြဲလျက်ရှိသည်။

တောင်ဆူမားတြားပြည်နယ်၌ အောက်တိုဘာလ ၁၆ ရက်မှစ၍ လေယာဉ်ရှစ်ကြိမ် ပျံသန်းခဲ့ပြီး ဆား ၁ ဒသမ ၆ တန်နှင့် ရေခဲခြောက်လေးတန် အသုံးပြုထားသည်။ ထို့နောက် လေထုညစ်ညမ်းမှုလျော့ကျလာကာ မြင်ကွင်းပိုမိုကြည်လင်လာကြောင်း တာဝန်ရှိသူများကပြောသည်။

မိုးရွာသွန်းမှုဖြင့် မီးလောင်မှုများကို ထိန်းချုပ်နိုင်ရန် ကြိုးပမ်းနေသော်လည်း ခြောက်သွေ့သောရာသီဥတုနှင့် မြေယာရှင်းလင်းမှုများကြောင့် တောမီးလောင်မှုများ ဆက်လက်ဖြစ်ပွားနေပြီး အိမ်နီးချင်းနိုင်ငံများအထိ မီးခိုးမြူများပျံ့နှံ့လျက်ရှိကြောင်းသိရသည်။

Ref: ST

ဆော်ဒီအာရေဗျကိုကာကွယ်ရန် ဗြိတိန်က တိုက်လေယာဉ်များစေလွှတ်မည်

လန်ဒန်၊ စစ်ရေး

ဆော်ဒီအာရေဗျရှိ မြို့များနှင့် အရေးပါသောအခြေခံအဆောက်အအုံများကို ဟူသီအဖွဲ့၏ဒရုန်းနှင့် ဒုံးကျည်တိုက်ခိုက်မှုရန်များမှ ကာကွယ်ပေးရန် တိုက်လေယာဉ်များ စေလွှတ်ပေးသွားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာလ ၂၀ ရက်တွင် ပြောသည်။

ဗြိတိန်၏ တော်ဝင်လေတပ်မှ တိုင်ဖွန်းတိုက်လေယာဉ်များသည် ဆော်ဒီအာရေဗျ လေပိုင်နက်ကို ကာကွယ်သည့်တာဝန်များကိုသာ ထမ်းဆောင်မည်ဖြစ်ပြီး အီရန်နှင့် မဟာမိတ်ဖြစ်သော ဟူသီအဖွဲ့ကို ထိုးစစ်ဆင်တိုက်ခိုက်မှု လုပ်သွားမည်မဟုတ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ဆော်ဒီအာရေဗျအပေါ် ဟူသီအဖွဲ့ကတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်မှုကို ဗြိတိန်ကာကွယ်ရေးဝန်ကြီးကရှုတ်ချခဲ့ပြီး ရီယတ်မြို့ရှိလေဆိပ်ကိုပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် ဒေသတွင်းတင်းမာမှုကို ပိုမိုမြင့်တက်လာစေမည်ဖြစ်ကြောင်း ပြောသည်။

ယခုပေးသည့်စစ်ရေးအကူအညီသည် ဆော်ဒီအစိုးရ၏ တောင်းဆိုမှုအရ ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဗြိတိန်နိုင်ငံသည် တိုင်ဖွန်းတိုက်လေယာဉ်များအပြင် Atlas A400M သယ်ယူပို့ဆောင်ရေးလေယာဉ်နှင့် စစ်ရေးအကြံပေးများကိုပါစေလွှတ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ လက်ရှိတွင် ဟူသီအဖွဲ့သည် ဆော်ဒီ၏ အခြေခံအဆောက်အအုံများကို ပိုမိုတိုက်ခိုက်လာကြောင်း သိရသည်။ **Ref: ST**



ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လက်တွေ့ကျကျအကောင်အထည်ဖော်နိုင်ခဲ့တဲ့ တရုတ်နိုင်ငံ

ထက်မြတ်

ယမန်နေ့မှအဆက်

ဒါ့အပြင် သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးတွေလည်း ရရှိလာခဲ့ပါတယ်။ အဲဒီပြောင်းလဲမှုတွေကြောင့် ဒေသခံတွေရဲ့နေ့စဉ်ဘဝသာမက စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နိုင်မယ့် အခွင့်အလမ်းတွေလည်း တိုးလာခဲ့ပါတယ်။ အရင်က စပါးစိုက်ပျိုးရေးကိုပဲ အဓိကမှီခိုခဲ့ရတဲ့ ပေါ်ဆိုခင်ဟာ အခုဆိုရင် ကုန်စုံဆိုင်တစ်ဆိုင် ဖွင့်လှစ်လုပ်ကိုင်နေပါတယ်။ သူ့ရဲ့ခင်ပွန်းကလည်း မော်တော်ဆိုင်ကယ်ပြုပြင်ရေးဆိုင်တစ်ဆိုင် ဖွင့်လှစ်ထားပါတယ်။

ဒီနေရာမှာ လမ်းပန်းဆက်သွယ်ရေးကောင်းလာတာကြောင့် ကုန်ပစ္စည်းတွေကို သယ်ယူပို့ဆောင်ရပိုလွယ်လာနိုင်ပါတယ်။ လျှပ်စစ်မီးရရှိလာတာကြောင့်လည်း လုပ်ငန်းတွေကို ပိုပြီးအဆင်ပြေပြေလုပ်ကိုင်နိုင်လာပါတယ်။ သန့်ရှင်းတဲ့သောက်ရေရရှိလာတာကလည်း ဒေသခံတွေရဲ့ ကျန်းမာရေးနဲ့ လူနေမှုဘဝအတွက် အရေးပါပါတယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုကိုတိုက်ဖျက်ဖို့ဆိုတာ လူတွေရဲ့ဝင်ငွေကိုတိုးပေးဖို့တင်မကဘဲ သူတို့ဝင်ငွေရှာနိုင်ဖို့ လိုအပ်တဲ့ အခြေအနေတွေကို ဖန်တီးပေးဖို့လည်း ဖြစ်ပါတယ်။

တရုတ်နိုင်ငံရဲ့အတွေ့အကြုံကို ကမ္ဘာနဲ့မျှဝေ

၂၀၂၁ ခုနှစ်မှာ ရှီကျင့်ဖျင်ဟာ တစ်ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Global Development Initiative) ကို အဆိုပြုခဲ့ပါတယ်။ ဒီအစီအစဉ်ရဲ့ အဓိကဦးစားပေးကဏ္ဍတွေထဲမှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးတို့ ပါဝင်ပါတယ်။ အစီအစဉ်စတင်ခဲ့တဲ့ ငါးနှစ်တာကာလအတွင်း ဒီအစီအစဉ်အောက်က ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းတွေဟာ နိုင်ငံပေါင်း ၁၂၀ ကျော်မှာ အကောင်အထည်ဖော်နိုင်ခဲ့ပြီး လက်တွေ့မြင်တွေ့နိုင်တဲ့ရလဒ်တွေကိုလည်း ဖော်ဆောင်ပေးနိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

ဒီလိုအစီအစဉ်တွေဟာ အလွန်တရာအရေးကြီးပါတယ်။ ဘာကြောင့်အရေးကြီးတာလဲဆိုတဲ့မေးခွန်းအတွက် အဖြေရှိပါတယ်။ နိုင်ငံတိုင်းမှာ ဆင်းရဲနွမ်းပါးမှုကိုဖြစ်ပေါ်စေတဲ့ အကြောင်းရင်းတွေ မတူညီကြပါဘူး။ တချို့နိုင်ငံတွေမှာ စားနပ်ရိက္ခာဖူလုံရေးက အဓိကပြဿနာဖြစ်နိုင်သလို တချို့နိုင်ငံတွေမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုနဲ့ အခြေခံအဆောက်အအုံ မပြည့်စုံမှုတွေက အဓိကပြဿနာဖြစ်နေနိုင်ပါတယ်။ ဒါကြောင့် ဒီအခြေအနေတွေအားလုံးကို နိုင်ငံတစ်နိုင်ငံတည်းက ဖြေရှင်းပေးနိုင်မှာမဟုတ်ပါဘူး။ သို့ပေမယ့်လည်း နိုင်ငံတွေအချင်းချင်း နည်းပညာတွေမျှဝေမယ်၊ အတွေ့အကြုံတွေဖလှယ်မယ်၊ လိုအပ်တဲ့ ကဏ္ဍတွေမှာ ပူးပေါင်းဆောင်ရွက်ကြမယ် ဆိုရင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေကို ဖန်တီးနိုင်ပါတယ်။

၂၀၂၄ ခုနှစ်တုန်းက ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေးရိုးမြို့မှာကျင်းပတဲ့ G-20 ထိပ်သီးအစည်းအဝေးမှာ ရှီကျင့်ဖျင်ကလည်း အဲဒီအကြောင်းနဲ့ပတ်သက်လို့ ပြောခဲ့ပါသေးတယ်။ "တရုတ်နိုင်ငံက အောင်မြင်အောင်လုပ်ဆောင်နိုင်ခဲ့ရင် အခြားဖွံ့ဖြိုးဆဲနိုင်ငံတွေလည်း လုပ်ဆောင်နိုင်ပါတယ်။ တရုတ်နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးကြိုးပမ်းမှုကနေ ကမ္ဘာကိုပြောပြနေတဲ့အဓိကအချက်ကအဲဒါပါပဲ" လို့ သူက ကမ္ဘာ့ခေါင်းဆောင်တွေကို ပြောခဲ့ပါတယ်။

ဒီစကားဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေအတွက် အားတက်စရာစကားတစ်ခွန်းဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီစကားကိုလက်တွေ့ကျကျနဲ့ အကောင်အထည်ဖော်နိုင်ဖို့ဆိုရင် ရည်မှန်းချက်ထားရုံနဲ့တင်မလုံလောက်ပါဘူး။ သင့်လျော်တဲ့ မူဝါဒတွေ၊ လက်တွေ့လုပ်ဆောင်နိုင်တဲ့ အစီအစဉ်တွေ၊ အရင်းအမြစ်တွေကို မှန်မှန်ကန်ကန်အသုံးချနိုင်မှုနဲ့ ရေရှည်ကြိုးပမ်းမှုတွေ လိုအပ်ပါတယ်။

နောက်ဆုံးမှာအရေးကြီးတာက ပြည်သူတွေရဲ့ဘဝပါပဲ

တရုတ်နိုင်ငံရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးခရီးကို ပြန်ကြည့်မယ်ဆိုရင် အဓိကဖြစ်တဲ့သင်ခန်းစာတစ်ခုကို တွေ့ရှိရမှာဖြစ်ပါတယ်။ အဲဒါကတော့ ဆင်းရဲနွမ်းပါးမှုဆိုတာ စကားနဲ့ကြေညာလိုက်ရုံ၊ ငွေကြေးအကူအညီပေးလိုက်ရုံနဲ့ ဖြေရှင်းလို့ရတဲ့ ပြဿနာမဟုတ်ပါဘူး။ တစ်ခါတလေမှာ ဝေးလံခေါင်သီလှတဲ့ ကျေးရွာတစ်ရွာကို သွားရောက်လေ့လာဖို့အထိ လိုအပ်လှပါတယ်။ တစ်ခါတလေမှာတော့ လမ်းဖောက်ပေးဖို့၊ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်။ တချို့သောအခြေအနေတွေမှာတော့ တောင်သူတစ်ဦးကို စိုက်ပျိုးရေးနည်းပညာ သင်ကြားပေးတာ၊ အသေးစားလုပ်ငန်းတစ်ခု စတင်နိုင်ဖို့ အခွင့်အလမ်းဖန်တီးပေးတာမျိုးက ပိုပြီး အရေးကြီးနိုင်ပါတယ်။

တရုတ်သမ္မတရှီကျင့်ဖျင်ရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ကြိုးပမ်းမှုတွေဟာ ကျေးလက်ဒေသတစ်ခုကနေစတင်ခဲ့ပြီး နောက်ပိုင်းမှာ နိုင်ငံတစ်ဝန်း လှုပ်ရှားမှုကြီးတစ်ခု အဖြစ်ပြောင်းလဲလာပါတယ်။ ၂၀၂၁ ခုနှစ်မှာ အကြွင်းမဲ့ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးအောင်မြင်ခဲ့ပြီလို့ကြေညာနိုင်ခဲ့ပေမယ့် ဆင်းရဲနွမ်းပါးမှုနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုအားလုံး အဆုံးသတ်သွားပြီလို့တော့ မဆိုနိုင်သေးပါဘူး။ ရရှိလာတဲ့အောင်မြင်မှုတွေကိုထိန်းသိမ်းဖို့နဲ့ ပြည်သူတွေရဲ့ဘဝကို ဆက်လက်တိုးတက်စေဖို့ ကြိုးပမ်းမှုတွေ လိုအပ်နေဆဲပါပဲ။

အခြားနိုင်ငံတွေအတွက်လည်း တရုတ်နိုင်ငံရဲ့အတွေ့အကြုံတွေက လေ့လာစရာဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ အဲဒီအတွေ့အကြုံတွေကို မိမိတို့နိုင်ငံရဲ့အခြေအနေနဲ့ ကိုက်ညီအောင် ပြုပြင်အသုံးချဖို့က ပိုပြီးအရေးကြီးပါတယ်။ တကယ်တော့ ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်တယ်ဆိုတာ ငွေကြေးပိုရှိလာတာတစ်ခုတည်း မဟုတ်ပါဘူး။ ကလေးတစ်ယောက် ပညာသင်ယူခွင့်ပိုရလာတာ၊ မိသားစုတစ်စုက သန့်ရှင်းတဲ့သောက်သုံးရေနဲ့ လျှပ်စစ်မီးရရှိလာတာ၊ တောင်သူတစ်ဦး မိမိရဲ့ထွက်ကုန်တွေကို ဈေးကွက်ထဲ ပိုလွယ်ကူစွာရောင်းချနိုင်လာတာ၊ အလုပ်အကိုင်မရှိခဲ့သူတစ်ဦးက ကိုယ်ပိုင်လုပ်ငန်းတစ်ခု စတင်နိုင်လာတာတွေဟာလည်း ဆင်းရဲနွမ်းပါးမှုကနေ လွတ်မြောက်လာခြင်းပြယုဂ်ရဲ့ အစိတ်အပိုင်းတွေပါပဲ။

ဒီလိုမျိုးပြောင်းလဲမှုသေးသေးလေးတွေက လူတစ်ဦးရဲ့ဘဝကို ပြောင်းလဲစေနိုင်သလို မိသားစုတစ်စု၊ ကျေးရွာတစ်ရွာနဲ့ နောက်ဆုံးမှာ နိုင်ငံတစ်နိုင်ငံလုံးရဲ့ အနာဂတ်ကိုပါ ပြောင်းလဲပေးနိုင်စွမ်းရှိပါတယ်။ ဒါကြောင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုတာဟာ လူသားအားလုံးရဲ့ ဘုံရည်မှန်းချက်ဖြစ်တယ်ဆိုတဲ့ ရှီကျင့်ဖျင်ရဲ့ စကားကို လက်တွေ့အကောင်အထည်ဖော်ဖို့ဆိုရင် နိုင်ငံတစ်နိုင်ငံတည်းရဲ့ ကြိုးပမ်းမှုနဲ့ မလုံလောက်နိုင်ပါဘူး။ နိုင်ငံတွေအချင်းချင်း အတွေ့အကြုံတွေ မျှဝေဖို့၊ နည်းပညာတွေ ပူးပေါင်းဖော်ဆောင်နိုင်ဖို့နဲ့ ပြည်သူတွေရဲ့ဘဝတွေကို အမှန်တကယ်တိုးတက်စေမယ့် လုပ်ငန်းတွေကို ရေရှည်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

နောက်ဆုံးမှာ အရေးအကြီးဆုံးမေးခွန်းကရိုးရှင်းပါတယ်။ နိုင်ငံတစ်နိုင်ငံက ဘယ်လောက်တိုးတက်လာသလဲဆိုတာထက် အဲဒီတိုးတက်မှုကြောင့် အရင်က အခက်အခဲတွေနဲ့ရင်ဆိုင်နေရတဲ့ ပြည်သူတွေဟာ ဘယ်လောက်အထိပိုကောင်းတဲ့ဘဝကို ရရှိပိုင်ဆိုင်လာကြသလဲဆိုတာပါပဲ။ ဆင်းရဲနွမ်းပါးမှုကို တကယ်အနိုင်ယူနိုင်တဲ့အချိန်ဆိုတာကိုအထင်ရှားဆုံးမြင်သာအောင် ပြဆိုရမယ်ဆိုရင်ဖြင့် ပြည်သူတွေရဲ့ဘဝမှာ အဲဒီလိုပြောင်းလဲမှုတွေ စတင်မြင်တွေ့လာရတဲ့အချိန်သာလျှင် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။

Ref: Xinhua

အမေရိကန်ရေတပ်က နျူကလီးယားအမိန့်ပေးဆက်သွယ်ရေးလေယာဉ်သစ် တည်ဆောက်မည်

ဝါရှင်တန်၊ စစ်ရေး

အမေရိကန်ရေတပ်ဟာ နျူကလီးယားလက်နက်တပ်ဖွဲ့တွေနဲ့ အရေးပေါ်ဆက်သွယ်နိုင်ဖို့ C-130J-30 Super Hercules သယ်ယူပို့ဆောင်ရေးလေယာဉ်ကို အထူးပြုလေယာဉ်အဖြစ် ပြောင်းလဲတည်ဆောက်နေပါတယ်။

အဲဒီလေယာဉ်ဟာ အမေရိကန်နိုင်ငံ ကျော်ကျီယာပြည်နယ် မာရီယက်တာမြို့မှာ ရှိတဲ့ Lockheed Martin ကုမ္ပဏီရဲ့စက်ရုံကို မကြာသေးခင်ကမှ ရောက်ရှိခဲ့ပါတယ်။ လေယာဉ်ကို E-130J Phoenix II လို့ အမည်ပေးထားပြီး နျူကလီးယားအမိန့်ပေးဆက်သွယ်ရေးတာဝန်တွေအတွက် ပြုပြင်မွမ်းမံသွားမှာဖြစ်ပါတယ်။

ဒီလေယာဉ်ရဲ့ အဓိကတာဝန်က အမေရိကန်အစိုးရရဲ့ အရေးပေါ်အမိန့်ညွှန်ကြားချက်တွေကို နျူကလီးယားတပ်ဖွဲ့တွေဆီ ပေးပို့နိုင်စေဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ပဲ့ထိန်းဒုံးကျည်တပ်ဆင်ထားတဲ့ ရေငုပ်သင်္ဘောတွေနဲ့ ဆက်သွယ်ရေးမပြတ်သွားစေဖို့ ရည်ရွယ်ထားတာပါ။

အရေးပေါ်အခြေအနေတွေမှာ မြေပြင်အခြေစိုက်ဆက်သွယ်ရေးစနစ်တွေ ထိခိုက်ပျက်စီးသွားသည့်တိုင်အောင် လေယာဉ်ကနေတစ်ဆင့် အမိန့်နဲ့ညွှန်ကြားချက်တွေ ပေးပို့နိုင်ဖို့ ဒီစနစ်ကအရေးကြီးပါတယ်။ ဒါကြောင့် အဲဒီလေယာဉ်မှာ အထူးပြုဆက်သွယ်ရေးကိရိယာတွေနဲ့ စစ်ဆင်ရေးအတွင်း ဆက်လက်လုပ်ဆောင်နိုင်စေမယ့် စနစ်တွေတပ်ဆင်သွားမှာ ဖြစ်ပါတယ်။

E-130J Phoenix II ဟာ လက်ရှိမှာ အမေရိကန်ရေတပ်ကအသုံးပြုလျက်ရှိတဲ့ E-6B Mercury လေယာဉ်နေရာမှာအစားထိုးဖို့ ရည်ရွယ်ထားတာပါ။ ဒါပေမဲ့လေယာဉ်အသစ်ကို အပြည့်အဝအသုံးပြုနိုင်ဖို့အတွက်ပြုပြင်တည်ဆောက်မှုနဲ့ စမ်းသပ်စစ်ဆေးမှုတွေ ဆက်လက်လုပ်ဆောင်ရဦးမှာ ဖြစ်ပါတယ်။

ဒီစီမံကိန်းဟာ အမေရိကန်ရဲ့ နျူကလီးယားအမိန့်ပေးစနစ်ကို ပိုမိုခေတ်မီအောင် မြှင့်တင်ဖို့ ကြိုးပမ်းမှုတစ်ခုဖြစ်ပြီး အရေးပေါ်အခြေအနေတွေမှာ တပ်ဖွဲ့တွေနဲ့ ဆက်



သွယ်နိုင်စွမ်းကို ပိုမိုခိုင်မာစေဖို့ ရည်ရွယ်ထားတာဖြစ်ပါတယ်။

Ref: IE

ကိုထက်

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒိုကို ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေပြစ်ဒဏ်ချမှတ်

လစ္စဘွန်း အောက်တိုဘာ ၂၀

ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က အသင်းခေါင်းဆောင် စီရော်နယ်ဒိုကို အသင်းလေ့ကျင့်ရေးစခန်းမှ ခွင့်ပြုချက်မရှိဘဲ နုတ်ထွက်သည့်အတွက် ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေပြစ်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

စီရော်နယ်ဒိုသည် ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက ပေါ်တူဂီအသင်းနှင့်အတူ ဥရောပနေးရှင်းလိဂ်ပြိုင်ပွဲကစားရန် ပူးပေါင်းခဲ့သော်လည်း ပွဲကစားခွင့်နှင့်ပတ်သက်၍ အသင်းနည်းပြကျော်ဂျီဂျီးဆပ်နှင့် ဆက်ဆံရေးတင်းမာမှုများရှိလာပြီးနောက် အသင်းလေ့ကျင့်ရေးစခန်းမှ ခွင့်ပြုချက်မရှိဘဲ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ထွက်ခွာခဲ့သည်။ ထို့ကြောင့် ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ်က စီရော်နယ်ဒိုကို ရက် ၃၀ ပွဲပယ်ပြစ်ဒဏ်နှင့် ယူရို ၂၅၅ ဒဏ်ငွေပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ ချုပ်၏ စည်းမျဉ်းများအရ ကစားသမားများအနေဖြင့် နိုင်ငံတကာပြိုင်ပွဲများကစားရန် အသင်းထံဆင့်ခေါ်ပါက မဖြစ်မနေလာရောက်ပူးပေါင်းရမည်ဖြစ်သည်။ ထို့အတူ အသင်းနှင့်ပူးပေါင်းပြီးချိန်တွင်လည်း အသင်း၏ခွင့်ပြုချက်မရရှိဘဲ ကစားသမားစာရင်းမှ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ထွက်ခွာမည်ဆိုပါက ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

ပေါ်တူဂီနိုင်ငံဘောလုံးအဖွဲ့ချုပ် စည်းကမ်းထိန်းသိမ်းရေးကော်မတီက စီရော်နယ်ဒို၏ အသင်းလေ့ကျင့်ရေးစခန်းမှ ခွင့်ပြုချက်မရရှိဘဲ နုတ်ထွက်ခြင်းအတွက် စစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ပွဲပယ်ပြစ်ဒဏ်နှင့် ဒဏ်ကြေးငွေပေးဆောင်စေရန် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။



ပေါ်တူဂီနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် ပွဲပယ်ပြစ်ဒဏ်ချမှတ်ရာတွင် အနည်းဆုံး ရက် ၃၀ ပြစ်ဒဏ်နှင့်အများဆုံး ခြောက်လ ပွဲပယ်ပြစ်ဒဏ် ချမှတ်နိုင်မည်ဖြစ်ပြီး စီရော်နယ်ဒိုကိုယ်တိုင်က မိမိလုပ်ရပ်အတွက် ပြန်လည်တောင်းပန်ထားခြင်းကြောင့် အနိမ့်ဆုံးပြစ်ဒဏ်ဖြစ်သည့် ရက် ၃၀ ပွဲပယ်ပြစ်ဒဏ်ကိုသာ ချမှတ်ခဲ့ခြင်းဖြစ်သည်။

စီရော်နယ်ဒိုအနေဖြင့် ရက် ၃၀ ပွဲပယ်ပြစ်ဒဏ်ကို ၎င်းအသင်းလေ့ကျင့်ရေးစခန်းမှ ထွက်ခွာခဲ့သည့် ရက်မှစ၍ သတ်မှတ်သည့်အတွက် ယခု အောက်တိုဘာလကုန်တွင် ပြစ်ဒဏ်သက်တမ်းကုန်ဆုံးမည်ဖြစ်သဖြင့် လာမည့်နိုဝင်ဘာလတွင် ကစားမည့် ဒိန်းမတ်အသင်းနှင့် ဝေးလ်အသင်းတို့ပွဲစဉ်တွင် ပြန်လည် ပါဝင်ကစားခွင့်ရှိကြောင်း သိရသည်။ ***Ref;Topskillsport UK***

အင်္ဂလန်အမျိုးသမီးအသင်းနည်းပြ ဝီမန်းကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

လန်ဒန် အောက်တိုဘာ ၂၀

အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က အင်္ဂလန်အမျိုးသမီးအသင်းနည်းပြ ဝီမန်းကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း သိရသည်။

အသက် ၅၉ နှစ်အရွယ် နည်းပြ ဝီမန်းသည် အင်္ဂလန်အမျိုးသမီးအသင်းကို ၂၀၂၁ ခုနှစ်က စတင်တာဝန်ယူကိုင်တွယ်ခဲ့ပြီး ၂၀၂၂ ခုနှစ် အမျိုးသမီးယူရိုပြိုင်ပွဲနှင့် ၂၀၂၅ ခုနှစ် အမျိုးသမီးယူရိုပြိုင်ပွဲတို့တွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်သည်အထိ အောင်မြင်မှုများရယူနိုင်ခဲ့သည်။ ထို့ကြောင့် အင်္ဂလန်နိုင်ငံဘောလုံးအဖွဲ့ချုပ်က လာမည့် ၂၀၂၉ ခုနှစ် အမျိုးသမီးယူရိုပြိုင်ပွဲအထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အလားတူ နည်းပြ ဝီမန်းသည် အင်္ဂလန်အသင်းကို ၂၀၂၃ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်ထိတက်ရောက်နိုင်အောင် စွမ်းဆောင်ပေးခဲ့သော်လည်း ဗိုလ်လုပွဲစဉ်တွင် စပိန်အသင်းကိုရှုံးနိမ့်ခဲ့သည့်အတွက် ဒုတိယဆုဖြင့်သာ ကျေနပ်ခဲ့ရသည်။ ထို့ပြင် နည်းပြဝီမန်းနှင့် အင်္ဂလန်အသင်းတို့စာချုပ်မှာ ၂၀၂၇ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သည့်အတွက် နောက်ထပ်နှစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဝီမန်းသည် လက်ရှိ ၂၀၂၇ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲ (ဥရောပဇုန်) ခြေစစ်ပွဲအဆင့်တွင်လည်း အင်္ဂလန်အမျိုးသမီးအသင်းကို ရလဒ်ကောင်းများရရှိအောင် စွမ်းဆောင်နိုင်ခဲ့ပြီး အုပ်စုသုံးပွဲကစားပြီးချိန်တွင် သုံးပွဲစလုံး အနိုင်ရရှိထားသည်။ ထို့ပြင် လာမည့် နိုဝင်ဘာလ ၂၆ ရက်တွင်ကစားမည့် ယူကရိန်းအမျိုးသမီးအသင်းနှင့်ပွဲစဉ်တွင် အနိုင်ရရှိပါက ခြေစစ်ပွဲအဆင့် အောင်မြင်မည်ဖြစ်ကြောင်း သိရသည်။ ***Ref;TNT Fooball***



အမေရိကန်ထိပ်တန်းလက်ဝှေ့သမား စတီဗင်ဆန်က Zuffa Boxing အဖွဲ့ချုပ်နှင့်လမ်းခွဲပြီး လက်ဝှေ့ပွဲစီစဉ်ရေးကုမ္ပဏီတည်ထောင်ရန်ပြင်ဆင်

ဝါရှင်တန် အောက်တိုဘာ ၂၀

အမေရိကန်ထိပ်တန်းလက်ဝှေ့သမားတစ်ဦးဖြစ်သည့် စတီဗင်ဆန်က Zuffa Boxing အဖွဲ့ချုပ်နှင့် လမ်းခွဲပြီး လက်ဝှေ့ပွဲစီစဉ်ရေးကုမ္ပဏီတည်ထောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Zuffa Boxing အဖွဲ့ချုပ်ကို လက်ရှိ UFC ဥက္ကဋ္ဌ ဒင်နာပို့ရစ်တည်ထောင်ထားပြီး စတီဗင်ဆန်အနေဖြင့် Zuffa Boxing အဖွဲ့ချုပ်နှင့် ပြီးခဲ့သည့် ဇူလိုင်လ ၉ ရက်က စာချုပ်ချုပ်ဆိုကာ စတင်လက်တွဲခဲ့သော်လည်း ယခုအခါအဖွဲ့ချုပ်နှင့် စာချုပ်ဖျက်သိမ်းပြီး လမ်းခွဲခဲ့ခြင်းဖြစ်သည်။

စတီဗင်ဆန်က Zuffa Boxing အဖွဲ့ချုပ်နှင့်စာချုပ်ချုပ်ဆိုစဉ်က ပွဲအများအပြားယှဉ်ပြိုင်ခွင့်ပေးမည့်အချက်ကို စာချုပ်တွင်ထည့်သွင်းချုပ်ဆိုခဲ့သော်လည်း ၎င်းအနေဖြင့် ပွဲယှဉ်ပြိုင်ခွင့်မရရှိသည့်အတွက် စာချုပ်ဖျက်သိမ်းရန်တောင်းဆိုရာမှ Zuffa Boxing အဖွဲ့ချုပ်ကလည်း ခွင့်ပြုပေးသည့်အတွက် လမ်းခွဲခဲ့ခြင်းဖြစ်သည်။

စတီဗင်ဆန်က "ကျွန်တော် ပွဲစဉ်တွေယှဉ်ပြိုင်ဖို့ ရက်သတ္တရှစ်ပတ်လောက်အထိ အချိန်ယူပြီး လေ့ကျင့်နေခဲ့တာပါ။ ဒါပေမဲ့ ကျွန်တော် ပွဲယှဉ်ပြိုင်ခွင့်မရရှိခဲ့လို့ စာချုပ်ဖျက်သိမ်းဖို့ ဆုံးဖြတ်ခဲ့တာပါ။ ကျွန်တော်ကိုယ်ပိုင်လက်ဝှေ့ပွဲစီစဉ်ရေးကုမ္ပဏီတစ်ခုတည်ထောင်သွားမှာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ ***Ref;Source of Boxing***

အမျိုးသမီးတင်းနစ်ကစားသမားများ၏နောက်ဆုံးကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ရိုင်ဘာကီနာ ထိပ်ဆုံး၌ဦးဆောင်

အက်စတာနာ အောက်တိုဘာ ၂၀

ကမ္ဘာ့တင်းနစ်အဖွဲ့ချုပ် (WTA)၏ နောက်ဆုံးထုတ်ပြန်ခဲ့သည့် အမျိုးသမီးတင်းနစ်ကစားသမားများ၏ နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကာဇက်စတန် တင်းနစ်မယ် ရိုင်ဘာကီနာက ထိပ်ဆုံး၌ ဦးဆောင်နေကြောင်း သိရသည်။

ရိုင်ဘာကီနာသည် ယခုလအတွင်း ကျင်းပခဲ့သည့် တရုတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ၆၄ ဦးရှုံးထွက်အဆင့်မှပင် စောစီးစွာထွက်ခွာခဲ့ရသော်လည်း နောက်ဆုံးကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရမှတ် ၉၁၉၆ မှတ်ဖြင့် ကမ္ဘာ့အဆင့်(၁)နေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့် ဝူဟန်အိုးပင်းအမျိုးသမီးတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးနိုင်ခဲ့သည့် ချာဝါလင် စကာအနေဖြင့်လည်း ရမှတ်များစွာမြင့်တက်လာပြီး အဆင့်(၁၁)နေရာအထိ ရောက်ရှိလာသည်။

နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ရိုင်ဘာကီနာ၏နောက်တွင် ဘယ်လာရုဇ်တင်းနစ်မယ် ဆာဘာလင်ကာက ၇၅၅၀ မှတ်ဖြင့် အဆင့်(၂)၊ ရုရှားတင်းနစ်မယ် အန်ဒရီဗာက ဖိ၃၀၆ မှတ်ဖြင့် အဆင့်(၃)၊ အမေရိကန်တင်းနစ်မယ်များဖြစ်ကြသည့် ဝီဂူလာက ဖိ၂၃၅ မှတ်ဖြင့် အဆင့်(၄)၊ ကိုကိုဂက်ဖ်က ၅၉၇၄ မှတ်ဖြင့် အဆင့်(၅)၊ ယူကရိန်းတင်းနစ်မယ် ဆာဗီတိုလီနာက ၅၂၉ မှတ်ဖြင့် အဆင့်(၆)၊ ချက်တင်းနစ်မယ်များဖြစ်ကြသည့် မူချိုဗာက ၄၈၃၃ မှတ်ဖြင့် အဆင့်(၇)၊ နော့စ်ကိုဗာက ၄ဖြ၇၈ မှတ်ဖြင့် အဆင့်(၈)၊ ပိုလန်တင်းနစ်မယ် ဆဝီယာတက်က ၄၃၈၉ မှတ်ဖြင့် အဆင့်(၉)နှင့် ယူကရိန်းတင်းနစ်မယ် ကော့စတီယော့က ၃၉၂၀ မှတ်ဖြင့် အဆင့် (၁၀) နေရာ၌ ရပ်တည်လျက်ရှိသည်။ ထို့ပြင် ရိုင်ဘာကီနာနှင့် ဆာဘာလင်ကာတို့အနေဖြင့် ရာသီအကုန်တွင်ကျင်းပမည့် WTA Finals အမျိုးသမီးတင်းနစ်ပြိုင်ပွဲသို့ ဝင်ခွင့်ရရှိထားကြောင်း သိရသည်။

Ref;AGTP Tennis

ဂါလာတာဆာရေးအသင်းက မန်ယူအသင်းမှ ဖာနန်ဒက်ကိုခေါ်ယူရန်ပြင်ဆင်

မန်ချက်စတာ အောက်တိုဘာ ၂၀

တူကီယဲထိပ်တန်းကလပ် အသင်းတစ်သင်းဖြစ်သည့် ဂါလာတာဆာရေးအသင်းက မန်ယူအသင်းမှ ကွင်းလယ်ကစားသမား ဖာနန်ဒက်ကို လာမည့် ဇန်နဝါရီလ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

ဂါလာတာဆာရေးအသင်းသည် ပြီးခဲ့သည့် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလကလည်း ဖာနန်ဒက်ကို ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးပြီး လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင်ခေါ်ယူရန် ထပ်မံပြင်ဆင်နေခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် ဖာနန်ဒက်တို့စာချုပ်သက်တမ်းမှာ ယခုဘောလုံးရာသီ အကုန်တွင် ကုန်ဆုံးမည်ဖြစ်သည်။ စာချုပ်ပါအချက်အလက်များအရ တစ်နှစ်သက်တမ်းတိုးခွင့်ရှိထားသည့်အတွက် မန်ယူအသင်းက တစ်နှစ်သက်တမ်းတိုးမည်ဖြစ်သော်လည်း လာမည့် ဇန်နဝါရီလကစားသမားအပြောင်းအရွှေ့ကာလတွင် သင့်တော်သည့် ပြောင်းရွှေ့ကြေးတစ်ရပ်ရရှိပါက ရောင်းချရန်ပြင်ဆင်ထားသည်။ ဖာနန်ဒက်ကိုယ်တိုင်ကလည်း အသင်းတာဝန်ရှိသူများ၏ အသင်းစီမံခန့်ခွဲမှုများအပေါ် နှစ်သက်ခြင်းမရှိသည့်အတွက် အသင်းမှ ထွက်ခွာလိုနေခြင်းဖြစ်သည်။

မန်ယူအသင်းနှင့် ဖာနန်ဒက်တို့အနေဖြင့် ယခုဘောလုံးရာသီအစပိုင်းက သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုရန် ဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြသော်လည်း လုပ်ခလစာညှိနှိုင်းမှုအဆင်မပြေဖြစ်ပြီးနောက် မန်ယူအသင်းက ရောင်းချရန် ဆုံးဖြတ်ခြင်းဖြစ်ပြီး ဖာနန်ဒက်ကိုယ်တိုင်ကလည်း အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

Ref;Topskillsport UK

✦ ကျော်ဖုံးမှအဆက်

အုပ်ချုပ်သူ/နည်းပြများနှင့် မသန်စွမ်းအားကစားသမား စုစုပေါင်း ၁၅ဦးတို့သည် ယနေ့ ဒေသစံတော်ချိန် နံနက်ပိုင်းမှစတင်၍ ပြေးခုန်ပစ်၊ ရေကူးအားကစားနည်း ၂ နည်းတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာမသန်စွမ်းရေကူး အားကစားအဖွဲ့သည် ယနေ့ မသန်စွမ်းရေကူးအားကစားနည်း အမျိုးသားမီတာ ၅၀ ရင်ပေါင်တန်းကူး (Men's 50 m Breaststroke SB3) ပြိုင်ပွဲတွင် ဂျပန်၊ တောင်ကိုရီးယား၊ ကာဇက်စတန်၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာအသင်းတို့ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာအသင်းမှ ညီညီလင်းထက်က ၅၉.၃၀ စက္ကန့်ဖြင့် မြန်မာနိုင်ငံအတွက် ဒုတိယမြောက်ကြေးတံဆိပ်ဆု ထိုက်ထိုက်တန်တန် ထပ်မံဆွတ်ခူးရယူပေးနိုင်ခဲ့သည်။

မြန်မာမသန်စွမ်းအားကစားအဖွဲ့အနေဖြင့် အောက်တိုဘာလ ၂၁ ရက် ၁၈:၅၀ နာရီအချိန်တွင် မသန်စွမ်းပြေးခုန်ပစ်ပြိုင်ပွဲများအဖြစ် အမျိုးသားမီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲ၌ မြန်မာအသင်းမှ စိုးပေကလည်းကောင်း၊ ၁၉:၅၈ နာရီအချိန်တွင် အမျိုးသမီး မီတာ ၁၀၀ ပြေးခုန်ပစ်ပြိုင်ပွဲတွင် လော်လာဝင်းတို့ကလည်းကောင်း ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရေကူးအားကစားနည်းမှ ပြိုင်ပွဲယှဉ်ပြိုင်ရန် မရှိပါကြောင်းနှင့် အောက်တိုဘာလ ၂၂ ရက်တွင် မြန်မာအသင်းမှ ညီညီလင်းထက်က အမျိုးသားမီတာ (၁၅၀) တစ်ဦးချင်း လေးမျိုးကူးနှင့် ၂၃ ရက်တွင် မီတာ (၁၀၀)အလွတ်ကူးပြိုင်ပွဲတို့ကို လည်းကောင်း အသီးသီး ဆက်လက်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

➢ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ အားကစားဥယျာဉ်ရှိ မိုးလုံလေလုံအားကစားရုံ၌ ကျင်းပခဲ့သည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (၅၁၊ ၆၀၊ ၆၃.၅၊ ၆၇၊ ၇၁)ကီလိုတန်းပြိုင်ပွဲများနှင့် အမျိုးသမီး (၅၄၊ ၆၃)ကီလိုတန်းပြိုင်ပွဲများကို အသီးသီးယှဉ်ပြိုင်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့အားကစားဥယျာဉ်ရှိမိုးလုံလေလုံအားကစားရုံ၌ ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲ အမျိုးသား/အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစား၀ါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို “အခမဲ့” လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

မြဝတီ

⇨ M League 2026 မှ

အသင်းနှင့် သစ္စာအားမာန်အသင်းတို့ပွဲတွင် အပြန်အလှန်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း စစ်ကိုင်းယူနိုက်တက်အသင်းက ကွင်းတစ်ခြမ်းလောက်အထိ စိုးမိုးကစားခဲ့သည်။ ပွဲကစားချိန် မိနစ် ၃၀ တွင် တန်ပြန်တိုက်စစ်ကနေ အပေးအယူပြုလုပ်ပြီး မျိုးသူလွင်က စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည်။ ပထမပိုင်းအပြီးတွင် စစ်ကိုင်းယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းချေပဂိုးရရှိရေးတိုက်စစ်မြှင့်ကစားခဲ့ပေမယ့်ပွဲကစားချိန်မိနစ် ၆၉ မိနစ်တွင် ပြိုင်ဘက်နောက်တန်းအမှားကနေ ပိုင်သက်ဦးက ဂိုးသမားကို ကျော်ဖြတ်ပြီး စစ်ကိုင်းယူနိုက်တက်အသင်းအတွက် ဒုတိယဦးဆောင်ဂိုးထပ်မံသွင်းယူခဲ့သည်။ သစ္စာအားမာန်အသင်း အကောင်းဆုံးတိုက်စစ်ဆင်ကစားခဲ့ရာပွဲကစားချိန် ၇၄ မိနစ်တွင် ပြိုင်ဘက်နောက်တန်းနှစ်ယောက်သုံးယောက်ကြားကနေ ရာဇာအောင်ဟိန်းက အကောင်းဆုံးကန်သွင်းပြီး သစ္စာအားမာန်အသင်းအတွက် ချေပဂိုးတစ်ဂိုးပြန်လည်သွင်းယူခဲ့သည်။ လက်ကျန်ပွဲကစားချိန်အား နှစ်ဖက်ကစားသမားများ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြသော်လည်း ဂိုးထပ်မံသွင်းယူနိုင်ခြင်းမရှိ၍ ၂ ဂိုး ၁ ဂိုးဖြင့် စစ်ကိုင်းယူနိုက်တက်အသင်းက အနိုင်ရရှိသွားသည်။

တောင်ဒဂုံအားကစားကွင်း၌ ယှဉ်ပြိုင်ကစားသည့် ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက် တို့ပွဲတွင် ပထမတစ်ပိုင်းလုံးအကြိတ်အနယ် ယှဉ်ပြိုင် ကစားခဲ့ကြပြီး ပထမပိုင်းပြီးခါနီး ၄၅+၂ မိနစ်တွင် တန်ပြန်တိုက်စစ်ကနေ အမြင့်ကန်ဘောများနှင့်အပေးအယူလုပ်ကာ ရဲရင့်အောင်က ရတနာပုံအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင်ရတနာပုံအသင်းက ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်း ပွဲကစားချိန် ၅၆ မိနစ်တွင် မင်းထက်အောင်က ရတနာပုံအသင်းအတွက် ဒုတိယဂိုးထပ်မံသွင်းယူနိုင်ခဲ့သည်။ဒဂုံစတားယူနိုက်တက်အသင်း ချေပဂိုးရရှိရေးတိုက်စစ်မြှင့်ကစားခဲ့သော်လည်း ပြိုင်ဘက်နောက်တန်းကိုကောင်းစွာကျော်ဖြတ်နိုင်ခြင်းမရှိ၍ ဂိုးရရန်အတော်ရုန်းကန်ခဲ့ရသည်။ ဒဂုံစတားယူနိုက်တက်အသင်း ကစားအားမလျှော့ဘဲ တွန်းအားရုန်းအားကောင်းကောင်းဖြင့် ပြိုင်ဘက်ကို တစ်ဖန်ပြန်ဖိအားပေးကစားခဲ့ရာ ပွဲကစားချိန် ၈၈ မိနစ်တွင် ပြည့်ဖြိုးကိုက ချေပဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ပွဲကစားချိန်၉၀+၆ မိနစ်တွင် ဇော်ဘိုထွန်းက ဒုတိယချေပဂိုးများပြန်လည်သွင်းယူနိုင်ခဲ့၍ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြောင်းသိရသည်။

ဝန်းရံခ

❐ မြန်မာအမျိုးသမီးလိဂ်မှ

ပဒေသာကွင်းတွင် ယှဉ်ပြိုင်ကစားသည့် ရန်ကုန်စီးတီးအသင်းနှင့် ISPE အသင်းတို့ပွဲတွင် ပြိုင်ပွဲစကတည်းက ISPE အသင်းက ဘောလုံးပိုင်ဆိုင်မှုယူကာ ပွဲကို ဦးဆောင်ကစားခဲ့ပြီး ပွဲကစားချိန် ၂မိနစ်တွင် ခင်မာလာထွန်းရဲ့ပေးပို့မှုကနေ မိုးမမစိုးက ခေါင်းတိုက်သွင်းကာ အဖွင့်ဂိုးရယူသွားသည်။ ပွဲကစားချိန် ၁၀ မိနစ်တွင် ရန်ကုန်စီးတီး နောက်တန်းကစားသမားများ ဖျတ်ထုတ်ပုံမသေသပ်မှုကနေ လင်းမြင့်မိုရ်က ဒုတိယဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ပွဲကစားချိန် ၃၅ မိနစ်နှင့် ၄၄ မိနစ်တို့တွင် သန်းသန်းနွယ်က တတိယဂိုးနှင့် စတုတ္ထဂိုးများသွင်းယူနိုင်ခဲ့၍ ပထမပိုင်းအပြီးတွင် ISPE အသင်းက ၄ ဂိုး ဂိုးမရှိဖြင့် ပွဲကိုဦးဆောင်ထားသည်။

ဒုတိယပိုင်းတွင် ISPE အသင်းတိုက်စစ်ကသာ ပြိုင်ဘက် ရန်ကုန်စီးတီးအသင်းကို စိုးမိုးကစားခဲ့သည်။ ရန်ကုန်စီးတီးအသင်း လူစားလဲမှုများပြုလုပ်ကာ ခံစစ်နှင့်တန်ပြန်တိုက်စစ်မျှတအောင် ကစားနိုင်ခဲ့သည့်အတွက် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ကစားခဲ့ကြပေမယ့် ဂိုးသွင်းယူနိုင်ခြင်းမရှိဘဲ ပွဲပြီးဆုံးခဲ့သည်။

ထို့အတူ ပဒုမ္မာကွင်းတွင်ယှဉ်ပြိုင်ကစားသည့် သစ္စာအားမာန်အသင်းနှင့် မြဝတီအသင်းတို့ပွဲတွင် ပွဲကစားချိန် ၈ မိနစ်၌ သစ္စာအားမာန်အသင်းမှ ခင်စန်းလွင် တစ်ယောက်တည်း လွတ်လွတ်ကျက်ကျတ်ဂိုးသမားနှင့်ဆုံတွေ့ခဲ့သော်လည်း ပြိုင်ဘက်ဂိုးသမားကာကွယ်နိုင်၍ ဦးဆောင်ဂိုးနှစ်နာခဲ့ရသည်။ ထို့အတူ သစ္စာအားမာန်အသင်း အခွင့်အရေးအချို့ပိုင်ဆိုင်ခဲ့ပေမယ့် မြဝတီအသင်း၏ ခံစစ်မာကျောမှုတို့ကြောင့် ဂိုးမရနိုင်ဘဲ ပထမပိုင်းတွင် ဂိုးမရှိသရေဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းတွင် သစ္စာအားမာန်အသင်းတိုက်စစ်မြှင့်ကစားလာသော်လည်း မြဝတီအသင်းနောက်တန်းကို ကျော်ဖြတ်ဂိုးသွင်းနိုင်ခြင်းမရှိခဲ့ပေ။ ယနေ့ပြိုင်ပွဲသည် သစ္စာအားမာန်အသင်းတို့၏အားပြိုင်ကြသည့် ပွဲကောင်းတစ်ပွဲလည်းဖြစ်သည်။ ပွဲပြီးခါနီး ၈၇ မိနစ်အရောက်တွင် ဖြူနွင်းသွယ်၏ ဂိုးသွင်းယူမှုကို မြဝတီအသင်းဂိုးသမား အိတာရာခွင့်ပြုပေးလိုက်ရသည်။ ပွဲကစားချိန် ၉၀+၁ မိနစ်တွင် ငယ်ငယ်ထွေးက ဒုတိယဂိုး ထပ်မံသွင်းယူနိုင်ခဲ့၍ ပွဲအပြီးတွင်သစ္စာအားမာန်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

ဝန်းရံခ

မြို့	အနိမ့်ဆုံး	/	အမြင့်ဆုံးအပူချိန်
နေပြည်တော်	၂၅°c	/	၃၅°c
ရန်ကုန်	၂၅°c	/	၃၄°c
မန္တလေး	၂၆°c	/	၃၆°c

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

အယ်လ်နီညိုဖြစ်စဉ်၏သက်ရောက်မှုများကြောင့် နွေကာလပိုမိုပူပြင်းခြောက်သွေ့ခြင်း၊ နေ့အပူချိန်များ ပိုမိုမြင့်မားခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်းနှင့်ကူးစက်ရောဂါများပိုမိုဖြစ်ပွားနိုင်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၅၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၀၁

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
(၁) ၀၉-၃၄၉၀၃၅၅၃၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
(၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၁၁၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
(၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
(၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇-၂၀၂၃၃၃၀၊ ၀၅၇-၂၀၂၃၃၃၁
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁-၂၁၄၄၅၀၊ ၀၈၁-၂၁၄၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂-၂၀၂၅၅၉၃၊ ၀၄၂-၂၀၂၅၅၉၄
(၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့

"KAUNG LIN HTUT COMPANY LIMITED"
နောက်ဆုံးအစည်းအဝေးခေါ်ယူခြင်း

မြန်မာနိုင်ငံလူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ-၂၁(က)အရ ဖျက်သိမ်းခဲ့ "KAUNG LIN HTUT COMPANY LIMITED" ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များသို့ တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် နောက်ဆုံးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှင်များ မဖျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်
ကျင်းပမည့်အချိန် - နံနက်(၁၀)နာရီ
ကျင်းပမည့်နေရာ - အမှတ်-(၀-၂၀၄)၊ သပြေကုန်းပွဲရုံတန်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။

ဦးရှင်ငြိမ်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)
Insolvency Practitioner No.103594
အမှတ်(၅၀)၊ ၅ဖလမ်း၊ (၂)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊

(၄၄)ကြိမ်မြောက်ပုဒ္ဓပူဇနိယပွဲတော်ကျင်းပ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့၏ ကျက်သရေဆောင်သမိုင်းဝင်ဓာတ်တော်ဘုရားကြီး၏ (၄၄)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို ၂၀-၁၂-၂၀၂၆ မှ ၂၉-၁၂-၂၀၂၆ ရက်နေ့ထိ ကျင်းပသွားမည်ဖြစ်ပါသည်။ ဇာတ်ပွဲ၊ စျေးဆိုင်ခန်းလေလံပွဲအား ၂၉-၁၀-၂၀၂၆ ရက်နေ့ နံနက် ၁၀ နာရီတွင် ဓာတ်တော်ဘုရားဓမ္မာရုံ၌ကျင်းပသွားမည်ဖြစ်ပါကြောင်းကြော်ငြာအပ်ပါသည်။

ဆက်သွယ်စုံစမ်းရန်

ဦးမြင့်တိုး(ဥက္ကဋ္ဌ) - ၀၉-၅၂၅၁၃၈၆၊ ၀၉-၉၇၄၄၁၀၀၀
ဦးတင်မျိုးချုန့်(ဒု-ဥက္ကဋ္ဌ) - ၀၉-၄၄၈၉၈၉၄၄
ဦးကြည်ဆွေ(အတွင်းရေးမှူး) - ၀၉-၆၈၀၈၆၇၁၄၆

အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ရေစကြို့မြို့နယ်၊ သဲတောအ.ထ.က တွင်ဆွမတန်းထိ ယူဘသင်ကြားခဲ့သော အဘ ဦးနိုင်ဝင်း၏သမီး ကျောင်းဝင်အမှတ် ၃၄၁၉ မမြန့်ငွေး၏အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မမြန့်နိုင်ဖြစ်ပါကြောင်း။ **မမြန့်နိုင်**

ပျောက်ဆုံးကြောင်း

နတ်မောက်မြို့၊ ဆုကုန်းကျေးရွာနေ လှဇော်မင်း(ဘ)ဦးခွေးသိုး ၈/နမန(နိုင်)၁၉၉၇၈၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 378037)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ဖုန်း-၀၉-၉၆၀၆၆၅၃၄၇

ပျောက်ဆုံးကြောင်း

ဟိန်းသျှိဖိုး(ဘ)ဦးဝင်းမင်းသန်း ၉/မလန(နိုင်)၁၈၆၄၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 880414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၁၃၂၆၅၉

ပျောက်ဆုံးကြောင်း

ဟန်ဝင်းအောင်(ဘ)ဦးပြေအေးမောင် ၈/နမန(နိုင်)၂၂၈၄၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၁၁၁၁၇၆

ပျောက်ဆုံးကြောင်း

ယဉ်ယဉ်လှ(ဘ)ဦးဗိုလ်ထွန်း ၅/ရဥနန(နိုင်)၁၀၇၀၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

မိုင်သန္တာကျော်(ဘ)ဦးကျော်အောင် ၈/အလန(နိုင်)၂၃၆၃၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

သိန်းထိုက်အောင်(ဘ)ဦးကျော်လွင် ၁၃/တကန(နိုင်)၃၀၉၈၄၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဒေါ်မစံ(ဘ)ဦးစကင် ၁၀/ကမရ(နိုင်)၁၀၄၄၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၉၃၀၄၅၃၃၀

ပျောက်ဆုံးကြောင်း

ဇနီတ(ဘ)ဦးသန်းအောင် ၅/မရန(သ)၀၀၈၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၀၇၀၀၄၆၅၅

ပျောက်ဆုံးကြောင်း

ဖြိုးကိုကို(ဘ)ဦးကျော်စိုးမင်း ၈/ရနခ(နိုင်)၁၇၄၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 846602)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

မောင်ဝင်းစိုး(ဘ)ဦးစံဦးကျော်၁၁/မဧန(နိုင်)၁၆၈၈၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၆၇၃၃၀၅၄

ပျောက်ဆုံးကြောင်း

စွမ်းရည်ဝင်း(ဘ)ဦးစောနိုင်မြင့် ၁၄/မအပ(နိုင်)၃၉၁၄၇၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၈၃၀၄၁၀၁

ပျောက်ဆုံးကြောင်း

ယုယုဇော်(ဘ)ဦးသိန်းဇော် ၈/မမန(နိုင်)၂၈၈၃၅၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 840292)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၄၅၅၉၀၈၀၃

ပျောက်ဆုံးကြောင်း

မယိန်းထန့်(ဘ)ဦးကျန်းယိန်း ၁/ဝမန(နိုင်)၁၁၀၆၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

အောင်ကိုလင်း(ဘ)ဦးခန့်စိန် ၈/မဘန(နိုင်)၀၉၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

အေးသီတာထွေး(ဘ)ဦးတင်ဝင်း ၅/တမန(နိုင်)၀၇၅၉၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဖြိုးပပ(ဘ)ဦးမျိုးဇော်ဦး ၁၂/တကန(နိုင်)၂၂၉၉၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ယုဝေလင်း(ဘ)ဦးမိုးကျော်၁၂/တကန(နိုင်)၁၄၁၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 856467)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၀၉၀၉၁၂

ပျောက်ဆုံးကြောင်း

ဇော်လတ်(ဘ)ဦးကျော်ငွေ ၁၄/ကခန(နိုင်)၁၁၅၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ပဲခူးမြို့နေ ချစ်မင်းကို(ဘ)ဦးကျော်မင်း ၇/ပခန(နိုင်)၄၀၂၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 943676)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ဝင်းအေး(ဘ)ဦးစိန်ဝင်း ၇/ကဝန(နိုင်)၁၁၉၁၆၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

သင်းမာလာမြင့်(ဘ)ဦးအုန်းမြင့် ၁၂/ဒဂန(နိုင်)၀၃၀၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဇော်ဦး(ဘ)ဦးအလီ ၁/ဓကန(နိုင်)၁၀၆၄၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 586060)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

ပျောက်ဆုံးကြောင်း

ဒီးကုန်းမြို့၊ သစ်ခင်အရှေ့စုရွာနေ မြတ်မင်းစိုး(ဘ)ဦးမြင့်ကြည် ၇/ဇကန(နိုင်)၀၅၃၈၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၉၅၃၃၇၉၉

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နေ ခင်ခင်လေး(ဘ)ဦးစိန်မြင့်ဝင်း ၇/လပတ(နိုင်)၁၈၇၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၉၀၈၇၉၃၃

ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နေ သန်းဇော်ဝင်း(ဘ)ဦးဝင်းကြည် ၇/သနပ(နိုင်)၁၂၀၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 447237)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

ဘားအံမြို့၊ နောင်ကမြိုင်ရွာနေ နော်ဘရေစကေးလာ(ဘ)ဦးဖပုံးလုံး ၃/ဘအန(နိုင်)၁၇၂၅၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 990835)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နေ သန်းဇော်ဦး(ဘ)ဦးဝင်းကြည် ၇/သနပ(နိုင်)၀၉၅၈၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 744472)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

သနပ်ပင်မြို့နေ သန်းဇော်ဦး(ဘ)ဦးဝင်းကြည် ၇/သနပ(နိုင်)၁၂၀၉၄၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 447237)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၀၇၇

ပျောက်ဆုံးကြောင်း

သထုံမြို့နယ်၊ နောင်ကုလားကျေးရွာနေ မန္တယ်ရီဝင်း(ဘ)ဦးအောင်သိန်း ၁၀/သထန(နိုင်)၁၀၅၀၀၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 302163)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၂၆၉၃၃၇

ပျောက်ဆုံးကြောင်း

ဝေါမြို့နယ်၊ ညောင်ကိုင်းကျေးရွာနေ မမြင့်ဦး(ဘ)ဦးအောင်မြင့် ၇/ဝမန(နိုင်)၁၉၃၃၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 593427)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၈၂၆၉၃၃၇

ပျောက်ဆုံးကြောင်း

လက်ပံတန်းမြို့နယ်၊ တောင်ပေါ်စုရွာနေ မခင်ခင်လေး(ဘ)ဦးစိန်မြဝင်း ၇/လပတ(နိုင်)၁၈၇၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 185915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၃၁၂၁၅၉

ပျောက်ဆုံးကြောင်း

ကမမောင်းမြို့နယ်၊ ပဲကုလားကျေးရွာနေ နော်လှသူဇာ(ဘ)ဦးလှကြိုင် ၃/ကမမ(နိုင်)၀၁၀၆၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 966658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၂

ပျောက်ဆုံးကြောင်း

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နေ ခင်ခင်လေး(ဘ)ဦးစိန်မြင့်ကြည် ၇/လပတ(နိုင်)၁၈၇၅၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 185915)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၇၇၃၁၂၁၅၉

ပျောက်ဆုံးကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်နေ ဦးသိန်းမြင့်စိုး(ဘ)ဦးမြင့်လွင် ၇/အဖန(နိုင်)၀၀၀၈၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(500214)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၀၄၅၂၂၀၇၁

အမည်ပြောင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ May ကိုယ်ပိုင်မူလတန်းကျောင်း Grade-1 တွင် တက်ရောက်နေသော မချစ်ခွန်းချိုအား မသီရိနှင်းအိမ်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသီရိနှင်းအိမ်**

အမည်မှန်

တောင်ညီမြို့၊ အ.ထ.က တောင်ညီမြို့ Grade-5 တွင်ပညာသင်ကြားနေသော အဘ ဦးအောင်မျိုးသူ ၉/လဝန(နိုင်)၁၆၅၇၀၀၏သား မောင်အောင်ကောင်းဆက်၏အမည်မှန်မှာ မောင်ကောင်းမင်းသန့်ဖြစ်ပါကြောင်း။ **မောင်ကောင်းမင်းသန့်**

ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ အ.ထ.က (ခွဲ)ကရင်ဝင်းစိန်၊ Grade-7(B) မှ မပွင့်ရတနာကျော်၏ဖခင်အမည်မှန်မှာ စောကျော်လှ ၁၀/ခဆန(နိုင်)၀၇၇၀၅၅ ဖြစ်ပါကြောင်း။ **စောကျော်လှ**

မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ပုတိန်ရိုး၊ ဖော်ဖကျောင်းတွင်ပညာသင်ကြားနေသော Grade-10 မှ နေ့ဖြာဇင်နှင့် Grade-8 မှ မသင်းသင်းမွေးတို့၏မိခင်အမည်မှန်မှာ နော်တဒါး ၃/ဘအန(နိုင်)၂၆၇၀၁၄ ဖြစ်ပါကြောင်း။ **နော်တဒါး**

ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ပုတိန်ရိုး၊ ဖော်ဖကျောင်းတွင်ပညာသင်ကြားနေသော Grade-10 မှ မသင်းစိန်မြိုင်၏ဖခင်အမည်မှန်မှာ မန်းစိန်မြိုင် ၃/ကကရ(နိုင်)၁၀၈၈၂၅ ဖြစ်ပါကြောင်း။ **မန်းစိန်မြိုင်**

မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ပုတိန်ရိုး၊ ဖော်ဖကျောင်းတွင်ပညာသင်ကြားနေသော Grade-10 မှ မဆောင်းသဇင်နှင့် Grade-8 မှ မချစ်မြတ်နိုးတို့၏ဖခင်အမည်မှန်မှာ ဦးမြဖူး ၁၀/သထန(နိုင်)၂၂၃၉၈၈ ဖြစ်ပါကြောင်း။ **ဦးမြဖူး**

ဖခင်အမည်မှန်

သထုံမြို့နယ်၊သုဝဏ္ဏတိမြို့၊ ကျိုက္ကော်ရပ်ကွက် အ.ထ.က ကျိုက္ကော် Grade-11(B) STEAMS-2 မှ ကျောင်းဝင်အမှတ် ခ-၁၂၅၄ မသီရိဖြိုးဇော်၏ဖခင်အမည်မှန်မှာ ဦးမောင်ထွန်း ၁၀/သထန(နိုင်)၁၈၄၂၇၅ ဖြစ်ပါကြောင်း။ **ဦးမောင်ထွန်း**

ဖခင်အမည်မှန်

သထုံမြို့နယ်၊အ.ထ.က ပုတိန်ရိုးမှဖော်ဖကျောင်းတွင်ပညာသင်ကြားနေသော Grade-6 မှစောခန့်၊ ဝင်းထွန်းနှင့် Grade-2 မှ မသွန်းဆက်ဖြူတို့၏ဖခင်အမည်မှန်မှာ စောထွန်းထွန်းဝင်း ၃/ဘလန(နိုင်)၀၉၄၀၅၃ ဖြစ်ပါကြောင်း။**စောထွန်းထွန်းဝင်း**

မိခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က ပုတိန်ရိုး၊ ဖော်ဖကျောင်းတွင်ပညာသင်ကြားနေသော Grade-10 မှ မနှင်းဝင်းလှိုင်နှင့် မအိသူဇာအောင်တို့၏မိခင်အမည်မှန်မှာ ဒေါ်မိး ၁၀/သထန(နိုင်)၂၅၆၆၈၈ ဖြစ်ပါကြောင်း။ **ဒေါ်မိး**



စာပေမြင့်မှ လူမျိုးတင့်မည်


မြန်မာလင်း(နှ)အင်(နှ)ခဲလော့(ပ)ဒ်(ဂ်)သိမ်တက်
Myanmar Land and Development Limited
အဆင့်မြင့်နည်းပညာဖြင့် ပစ္စည်းအစစ်အမှန်သုံးကာ မြန်-ကောင်း-သက်သာ စိတ်တိုင်းကျစွာဖြင့် ဆောက်လုပ်ပေးမှာ MLDL ပါ
အစိုးရစက်မှုလက်မှုသိပ္ပံ
(နေပြည်တော်)
ဆက်သွယ်ရန်
Myanmar Land and Development Limited၊ အမှတ်(၁/၂)၊ သီရိရတနာလမ်း၊ ခွာညိပန်းအုပ်ငြိုးအနီးဇေနသိန်ဒိုရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၆၇ ၃၄၃၁၁၈၈၊ ၀၆၇ ၃၄၃၁၁၈၂၂၊ ၀၆၇ ၃၄၃၁၁၈၅၅၊ Fax - ၀၆၇၃၄၃၁၁၈၈၊ Email; myanmarland2005@gmail.com


Myanmar
ကမ္ဘာ့အဆင့် ရွှေတံဆိပ်ဆုများနှင့်
မြန်မာ
GOLD A.I.B.A MEDAL
AWARDED TROPHY
BY THE WORLD'S BEST BEER JUDGES
THE INTERNATIONAL BEER CHALLENGE 2020
AIBA
AUSTRALIAN INTERNATIONAL BEER AWARDS
GOLD 2019


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန် မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ဘဏ်အာမခံလုပ်ငန်း
အပ်ငွေစာရင်းချိတ်ဆက်ခြင်း
နိုင်ငံခြားဘဏ်လုပ်ငန်း
ငွေစုဘဏ်အပ်ငွေစာရင်း
ချေးငွေများထုတ်ချေးခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
INNWA BANK
MYANMAR ECONOMIC CORPORATION
အင်းဝဘဏ်လီမိတက်
JBL
INNWA BANK LIMITED
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲဖေါင်း (၇၅)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
(MONEY CHANGER COUNTER)(၁၃) ရုတို့တွင်
လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား စိတ်သွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇၃၄၃၄၇၅၊ ၀၆၇၃၄၃၄၇၆
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁၂၅၆၂၅၄၊ ၀၁၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂၄၀၃၆၅၇၇၊ ၄၂၄၂၅၀၊ ၂၀၂၁၀၄၁


- ❖ နိုင်ငံတော်ရှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၃ ရက် (၂၀၂၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်) တနင်္ဂနွေနေ့သည် "ဒီပါဝလီနေ့" ဖြစ်သည့်အတွက်ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏အလုပ်ပိတ်ရက် ဖြစ်ကြောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏အမိန့်ကြော်ငြာစာအမှတ်၊ ၁၃၈/၂၀၂၆ ဖြင့် ကြေညာထားပါသည်။

တပ်မတော်စစ်ကြောင်းများက အင်းတော်- ဝန်းသို့- ကောလင်း လမ်းကြောင်းနှင့် အင်းတော်- မအူကုန်း- ကျောက်တန်း လမ်းကြောင်းပေါ်တွင် အခြေပြု၍ ခရီးသွားပြည်သူများကို ဆက်ကြေးကောက်အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်

တပ်မတော်စစ်ကြောင်းများက အင်းတော်- ဝန်းသို့- ကောလင်း လမ်းကြောင်းနှင့် အင်းတော်- မအူကုန်း- ကျောက်တန်း လမ်းကြောင်းပေါ်တွင် အခြေပြု၍ ခရီးသွားပြည်သူများကို ဆက်ကြေးကောက်အနိုင်ကျင့်နေသော အကြမ်းဖက်အဖွဲ့များ၏ အခြေပြုစခန်းများအား ရှင်းလင်းတိုက်ခိုက်မှုနေရာပြမြေပုံ။



နေပြည်တော်အောက်တိုဘာ ၂၀

NUG၊ CRPH အကြမ်းဖက်အဖွဲ့၏ လက်ဝဲခံ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များသည် အစိုးရအုပ်ချုပ်မှုယန္တရားများရပ်တန့်စေရန်နှင့် ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် ၎င်းတို့အလိုကျဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့ရှိမြို့၊ ရွာများအား ယာယီစိုးမိုးကာ အဖျက်အမှောင့်လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသောကြောင့် တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism- Operation) များကို ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ▲

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၀

(၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် အောက်တိုဘာ ၂၁ ရက်မှ ၂၉ ရက်နေ့အထိ နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-I)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ ယဉ်ကျေးမှု၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ နေပြည်တော်တည်ခိုရေးစခန်းနှင့်နေပြည်တော်၊ မြို့တော်ခန်းမ လေဟာပြင်ဇာတ်ရုံတို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာလ ၂၁ ရက် **(ယနေ့)**နံနက် ၉ နာရီ တွင် MICC -I ၌ ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို နံနက် ၈ နာရီ ၄၅ မိနစ်မှစတင်ပြီး MRTV -HD၊ MRTV - Entertainment၊ MRTV - NRC Channel၊ Readers' Channel၊ Channel 9၊ Sky Net Up to Date၊ Uni TV၊ Shwe Nadi Shwe Yi နှင့် Channel 24 MWD HD Channel၊ MWD Variety HD Channel များနှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် MRTV Online Platform တို့မှတိုက်ရိုက်(LIVE) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဉ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM၊ မြန်မာ့အသံ Radio App တို့မှလည်း တိုက်ရိုက်(LIVE)ထုတ်လွှင့်မည်ဖြစ်သည်။ **မြဝတီ**



(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲတွင် ညီညီလင်းထက်က ဒုတိယမြောက် ကြေးတံဆိပ်ဆုထပ်မံဆွတ်ခူး

နေပြည်တော် အောက်တိုဘာ ၂၀

ဂျပန်နိုင်ငံ နာဂိုယာမြို့၌ ကျင်းပလျက်ရှိသည့်(၅)ကြိမ်မြောက် အာရှမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားအဖွဲ့ခေါင်းဆောင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဗိုလ်ချုပ်ကျော်ကျော်ဦးနှင့်အတူ မြန်မာနိုင်ငံမသန်စွမ်းအားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်)ဦးဝင်းမြင့်၊ စာမျက်နှာ ၂၉ ကော်လံ ၁ ✦

M League 2026 U-20 လူငယ်လိဂ်ပြိုင်ပွဲတွင် စစ်ကိုင်းယူနိုက်တက်အသင်း နိုင်ပွဲရပြီးရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့သရေကျ



ရန်ကုန် အောက်တိုဘာ ၂၀

M League 2026 U-20 လူငယ်လိဂ် အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၂၀) ပထမနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင်ကျင်းပရာ စစ်ကိုင်းယူနိုက်တက်အသင်းအနိုင်ရရှိပြီး ရတနာပုံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့ သရေကျခဲ့သည်။

သီဟဒီပကွင်း၌ ယှဉ်ပြိုင်ကစားသည့် စစ်ကိုင်းယူနိုက်တက်

စာမျက်နှာ ၂၉ ကော်လံ ၃ ➪

တိုင်းဒေသကြီးနှင့်ပြည်နယ် လက်ဝှေ့ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီး ဝိတ်တန်းအလိုက်ပြိုင်ပွဲ ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၀

လက်ဝှေ့အားကစားအဆင့်အတန်းပိုမိုဖွံ့ဖြိုးတိုးတက်မြင့်မားလာစေရေးနှင့် မျိုးဆက်သစ်လက်ဝှေ့ အားကစားသမားများပေါ်ထွက်လာစေရေးတို့အတွက်ရည်ရွယ်၍ အားကစားရေးရာဝန်ကြီးဌာနမှ ကြီးမှူးပြီး အားကစားနှင့်ကာယပညာဦးစီးဌာန မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်နှင့်

စာမျက်နှာ ၂၉ ကော်လံ ၁ ➢

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ISPE နှင့် သစ္စာအားမာန်အသင်းတို့နိုင်ပွဲရ



ရန်ကုန် အောက်တိုဘာ ၂၀

၂၀၂၆-၂၀၂၇ ရာသီ မြန်မာအမျိုးသမီးလိဂ်အမှတ်ပေးဘောလုံးပြိုင်ပွဲပွဲစဉ်(၁၀) ဒုတိယနေ့ပြိုင်ပွဲကို ယနေ့ညနေပိုင်း၌ ဆက်လက်ကျင်းပရာ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲရရှိခဲ့ကြသည်။

စာမျက်နှာ ၂၉ ကော်လံ ၃ ❐

နိုင်ငံတကာသတင်း

အာဖဂန်နစ္စတန်၌ ဆောင်းရာသီအတွင်း လူ ၁၉ သန်းကျော် စားနပ်ရိက္ခာ ပြတ်လပ်မှုနှင့် ရင်ဆိုင်ရနိုင် စာ - ၂၆ သို့

ပြင်သစ်တွင် သမိုင်းဝင်မြို့တော်ခန်းမ မီးရှို့ခံရ စာ - ၂၆ သို့

အင်ဒိုနီးရှားက မိုးတုရွာသွန်းစေပြီး လေထုညစ်ညမ်းမှု လျှော့ချရန် လုပ်ဆောင်နေ စာ - ၂၆ သို့